# စမ္ဗဂင်္ဂါ

အေဒီနှစ်ထောင်ပလပ်စ်

ရန်ကုန်

2000

# ဝမ္ဗဂင်္ဂါ

အေဒီနှစ်ထောင်ပလပ်စ်
ရန်ကုန်

The Voice Weekly တွင် ၃၇ ပတ်ကြာ စနေနေ့တိုင်း
ထည့်သွင်းဖော်ပြခဲ့သော စိတ်ကူးစိတ်သန်းများ

**ထုတ်ဝေသူ** ❑ ဒေါ်သင်းသင်းမွန်
(သင်းစာပေ)

**ပုံနှိပ်သူ** ❑ ကိုအောင်ဇော် (ပုံရိပ်ရှင်)
အမှတ် – ၅၀၊ အိမ်ကြီးလမ်း၊
ပုဇွန်တောင်၊ ရန်ကုန်။

**မျက်နှာဖုံးပန်းချီ** ❑ ဗဂျီလင်းဝဏ္ဏ

**အတွင်းအပြင်အဆင်၊စာအုပ်ချုပ်** ❑ Ahlineain media
Ph - 09449004209

**ဖြန့်ချိရေး** ❑ Ph - 09260651011

ပထမအကြိမ်၊ စက်တင်ဘာလ၊ ၂၀၁၄ ခုနှစ်
ဒုတိယအကြိမ်၊ ဇွန်လ၊ ၂၀၁၅ ခုနှစ်
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၂၅၀၀

ဓမ္မဂဂီ ၂၉၄·၃
အေဒီနှစ်ထောင်ပလပ်စ် ရန်ကုန် / ဓမ္မဂဂီ။ ရန်ကုန်။ သင်းစာပေ၊
၂၀၁၅။
၁၃၀ စာ၊ ၁၃. ၅ x ၁၈. ၄၂ စင်တီမီတာ
(၁) အေဒီနှစ်ထောင်ပလပ်စ် ရန်ကုန်

## မုဒိတာကထာ

တချိန်က မြန်မာစာ၊ မြန်မာမှုနှင့်ပတ်သက်၍ သိပ္ပံမောင်ဝ၏ အယူအဆများကို ကန့်ကွက်သူမရှိဘဲ သူ၏ ဝါကျတို အရေးအသားများကိုသာ မနှစ်သက်သူများ ရှိခဲ့ဖူး၏။ ဓမ္မဂင်္ဂါစာများကား ၎င်းနှင့် ဆန့်ကျင်စွာပင်။ သူ့အယူအဆနှင့်ပတ်သက်၍ ကန့်ကွက်သူရှိနိုင်သော်လည်း သူ့အရေးအသားကိုမူ မနှစ်သက်သူ အတော်ရှားပေမည်။

**ဓမ္မဘောရီဆရာတော်**
**အေဒီ ၂၀၁၅**

"မနောပြု" စာပေရေးချမ်းစင်မှ
ပြည်သူ့အများပတ်ရန်
ပညာဒါန

အမှာစာ

" အတိတ်ခန္ဓာသို့လည်း အစဉ်မလိုက်ရာ၊
အနာဂတ်ခန္ဓာကိုလည်း မတောင့်တရာ၊
အတိတ်ခန္ဓာသည် ချုပ်ပြီးပြီ၊
အနာဂတ်ခန္ဓာလည်း မရောက်လာသေး။"

ဗုဒ္ဓ
(ဘဒ္ဒေကရတ္တသုတ်)

သို့သော် သူဆိုသော ရဟန်းသည် ရွှေပြည်ကြီးကို ချစ်သောစိတ်ဖြင့် အတိတ်ကို ငဲ့ကြည့်၏။

ပစ္စုပ္ပန်ကိုကျော်ခွ၍ အနာဂတ်ကို မျှော်မိ၏။ ထိုသို့လျှင် မော်ဒန်စာဆို ရဟန်းတစ်ပါး၏ နှလုံးသားမှ အနာဂတ္တိ စိတ်ကူးစိတ်သန်းများ စီးဆင်းလေသည်တည့်။

ရှင်သစ္စာ
အေဒီ ၂၀၁၄

(၁)

သမိုင်းလမ်းဆုံ မြေအောက်ဘူတာရုံလေးဆီသို့ သူခပ်သွက်သွက် လျှောက်လာခဲ့သည်။ မြက်ခင်းစိမ်းစိမ်း စကြံလမ်းဘေးတွင် တယော တစ်လက်ကို မြမန်းဂီရီသေလာတောင်ဖြင့် အသံစမ်းနေသော သူဖုန်းစား အဘိုးအိုကြီး၏ ရှေ့မှ ခွက်သန့်သန့်လေးထဲသို့ ငွေအကြွေအချို့ ထည့် ပေးလိုက်သည်။ အဘိုးကြီးက သူ့ကို လှည့်မကြည့်...။ တယောကိုသာ ချော့နေသည်။ မြေအောက်ဘူတာရုံလေးသို့ မဝင်မီ ၂၄ နာရီ စတိုးဆိုင် လေးထဲက ရန်ကုန်ပို့စ်သတင်းစာတစ်စောင်ကို တစ်ကျပ်ခွဲဖြင့် ဝယ်လိုက် သည်။

ခေတ်တွေ ဘယ်လိုပြောင်းပြောင်း သူက သတင်းစာကို လက် ဆုပ်လက်ကိုင်ဖတ်ရတာ ကြိုက်နေဆဲ...။

သမိုင်းလမ်းဆုံဘူတာက လူစည်ကားလှသည်။ စက်လှေကားမှ မဆင်းတော့ဘဲ ရိုးရိုး လှေကားထစ်များအတိုင်း ဆင်းလာခဲ့သည်။ ကမ္ဘာအေး ဘူတာကို သွားရမည်။

ရဟန်းမှတ်ပုံတင် သက်တမ်းတိုးဖို့ လိုလာပြီ..။

သူ့ အိတ်ထဲမှ ကဒ်များကို ထုတ်ကာ ငွေလက်ကျန် ရှိမရှိ နံရံကပ် ကောင်တာသေတ္တာလေးများထဲ ထိုးထည့်ကာ စစ်ဆေးကြည့်ရသည်။

ဆွမ်းစားကွမ်းစားများတွင် ငွေစက္ကူများ မလှူတော့ဘဲ တယ်လီဖုန်း ငွေဖြည့်ကဒ်၊ ခရီးသွားကဒ်များ လှူဒါန်းကြသည့်အတွက် သူ့မှာ ကဒ်တွေ

များလှသည်။ နိုင်ငံတော်အစိုးရက သံဃာတော်များ၏ ဝတ္ထုငွေများကို အခွန်မစည်းကြပ်သော်လည်း သာသနာတော်တွင်း ငွေကြေးစီးဆင်းမှုကို သိရှိနိုင်ရန် ဘဏ်အကောင့်များ ဖွင့်ထားစေသဖြင့် သူ့ လက်ထဲသို့ ဗီဇာကဒ်၊ မာစတာကဒ်အချို့ ရောက်နေရပြန်သည်။

(၂)

ဘာပဲဖြစ်ဖြစ် ခေတ်ကို မျက်ကွယ်ပြုခွင့်မရှိသော ရဟန်းအတွက် စိတ်ရောကိုယ်ပါ ရဟန်းတစ်ပါးဖြစ်ဖို့ ကြိုးစားရသည်က ခက်ခဲလှပေသည်။

ပျားပိတုန်းများလိုပင် ရုံးစုသွားလာနေကြသော လူအုပ်ထဲ သူ ရောပါသွားသည်။

မြေအောက်ရထားဘူတာထဲရောက်တော့ အစိမ်းရောင်လိုင်းမှာ လှည်းတန်းဘူတာဘက်သွားမည့် ရထားဆိုက်ရောက်ရန် ၂ မိနစ်ဟု ပြနေသည်။ ကမ္ဘာအေးဘူတာက အနီရောင်လိုင်းပေါ်မှာ... ၃ မိနစ်...။ မင်္ဂလာဒုံဘက် ပြည်တွင်းပုဂ္ဂလိက လေယာဉ်ကွင်းဘက်ကို သွားမည်ဆိုလျှင်တော့ အပြာရောင်...။ ပဲခူးအပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုတော့ ကောင်းကင်ရထား ဆက်စီးရမည်။

စကင်ဖတ်စက်ရှေ့တွင် သူ ကဒ်လေးကို ဖော့ရမ်းလိုက်ရုံဖြင့် တံခါးပွင့်သွားသည်။

ရထားပေါ်တွင် ထိုင်ခုံအလွတ်မရှိအောင်ပင် လူများပြည့်ကြပ်နေသည့်တိုင် လေအေးစက်စနစ်ကြောင့် အေးစိမ့်နေသည်။

"အရှင်ဘုရား ကြွပါ...။"

အနောက်တိုင်းဝတ်စုံနှင့် လူငယ်တစ်ယောက်က ယဉ်ကျေးမွန်ရည်စွာ သူ့ကို နေရာပေးသည်။

ရထားပေါ်မှာ သက်ကြီးရွယ်အို၊ နာမကျန်းသူနှင့် ကိုယ်ဝန်ဆောင်များအတွက် သီးသန့်ထိုင်ခုံများ စီစဉ်ပေးထားသည်။

ဘာသာတရားအသီးသီး၏ သာသနာ့ဝန်ထမ်းများအတွက်လည်း သီးခြားနေရာပေးဖို့ နိုင်ငံတော်အစိုးရက ပို့ဆောင်ရေးဝန်ကြီးဌာနကို ညွှန်ကြားချက်ထုတ်ပြန်ခဲ့သော်လည်း ဘာသာရေးခေါင်းဆောင်များကိုယ်တိုင်က အခွင့်ထူးခံများ မဖြစ်လိုပါ ဟူသော အကြောင်းပြချက်ဖြင့် ကန့်ကွက်သောကြောင့် ထိုအစီအစဉ် ပျက်သွားရသည်။

ထိုသို့ သီးခြားနေရာမသတ်မှတ်သည့်တိုင် ရဟန်းသံဃာတော်များကို နေရာပေးတတ်ကြပါသည်။

သူကိုယ်တိုင်သည်ပင် ရဟန်းတစ်ပါးဖြစ်နေသည့်တိုင် နာမကျန်းသူနှင့် သက်ကြီးရွယ်အိုများ နေရာအခက်အခဲရှိလျှင် နေရာဖယ်ပေးလေ့ရှိပါသည်။ ရဟန်းတစ်ပါးပေးသော နေရာကို ထိုင်ဖို့ မဝံ့မရဲ သို့မဟုတ် ငရဲကြီးမည်ဟု ထင်နေတတ်ခြင်းမျိုးကိုတော့ ရဟန်းသံဃာဆိုတာ လောကမှ ထွက်မြောက်ရေး အားထုတ်ရင်း လောကဝန်ထမ်းဖို့ ဘုရားမိန့်မှာထားကြောင်း နားလည်အောင် ရှင်းပြရမြဲဖြစ်သည်။

နေရာပေးသူလူငယ်ကို အသိအမှတ်ပြု ခေါင်းဆတ်ပြရင်း ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

(၃)

သမိုင်း၊ ကျိုက်ဝိုင်းနှင့် ရှစ်မိုင်ဘူတာများကို ၇ မိနစ်ခန့်သာ ခုတ်မောင်းရသည်။

ကမ္ဘာအေးဘူတာမှ မထွက်မီ အများသုံး ရေအိမ်တစ်ခုထဲ ဝင်လိုက်ရသေး၏။

သပ်ရပ်မွှေးပျံ့သော အခမဲ့ဝန်ဆောင်မှုစနစ်က စိတ်ချမ်းသာဖို့ကောင်းသည်။

သူရောက်ခဲ့ဖူးသည့် ကမ္ဘာ့နိုင်ငံများထက် မညံ့သော နောက်ဆုံးပေါ် အိမ်သာစနစ်တစ်ခုဖြစ်သည်။

အိမ်သာစနစ်များက တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူပါ။

ဩစတေးလျနှင့် စင်ကာပူနိုင်ငံများတွင် အိမ်သာများက အခပေးစရာ မလိုသော်လည်း အချို့ ဥရောပနိုင်ငံများတွင် ငွေအကြေ ပြားငါးဆယ်ခန့်တော့ ပေးရသည်။

ထိုနိုင်ငံများရှိ အိမ်သာဝန်ထမ်း၏ ကောင်တာသည် ရွှေပြည်ကြီး၏ အမှောင်ခေတ် စီအီးအိုတစ်ယောက်၏ ရုံးခန်းသဖွယ် သားနားတောက်ပြောင်လှသည်။

ရောမနှင့် ပါရီမြို့များမှာတော့ ကော်ဖီဆိုင်လေး တစ်ဆိုင်ဆိုင်ဝင်ပြီး အက်စ်ပရက်ဆို ကော်ဖီခါးခါး တစ်ခွက်သောက်ကာ ကိစ္စရှင်းရသည်။

ခုတော့ ရန်ကုန်သည် သပ်ရပ်မွေးကြိုင်နေသည်။ ဧ—း မပေါက်ရ၊ ဤနေရာတွင် နွားများသာ အဝှါပြုသည်ဆိုသော ရုန့်ရင်းသည့် တံတိုင်းဝေါဟာရများ ထွန်းကားခဲ့သည့်ခေတ်ကို ယနေ့ ရန်ကုန် မျိုးဆက်လူငယ်တို့ သိမီနိုင်တော့မည်မဟုတ်..။ အများသုံး အိမ်သာများက မြို့တော်၏ နေရာအနှံ့...။

အိမ်သာထဲမှ ထွက်ကာ ကမ္ဘာအေးစောင်းတန်းဆီ ဖြတ်ဝင်လိုက်သည်။

အအေးပေးစနစ်က မြို့တော်တစ်ခုလုံး တပ်ဆင်ထားပြီးဖြစ်သည့်အတွက် ချွေးသံရွှဲရွှဲဖြင့် ဘုရားရိပ်ကို ခပ်သုတ်သုတ် တိုးဝှေ့ရခြင်းမျိုး မရှိတော့။

ခေတ်မီရွှေ့လျားစကြံမှ သူ တက်လာခဲ့သည်။

ယခင်ကလို အော်ကြီးဟစ်ကျယ် ရောင်းချလေ့ရှိသည့် အိမ်ဖြှေဖျက်ဈေးသည်များ မရှိတော့..။

ပန်းစတိုးများ၊ စာအုပ်ဆိုင်များ၊ မြန်မာ့ရိုးရာပန်းချီ ပန်းပုလက်ရာအရောင်းဆိုင်များက အေးချမ်းသော ဘုရားအရိပ်ကို အနှောင့်အယှက်မဖြစ်စေကြ..။

အပြုံးများက လက်လက်ထအောင် တောက်ပနေကြသည်။

ဒီမိုကရေစီခေတ်ဦးမတိုင်မီကတော့ ရွှေပြည်ကြီးတွင် အပြုံးယဉ်ကျေးမှု ဆိတ်သုဉ်းသွားသော အမှောင်ကာလများ ရှိခဲ့ဖူးသည်။

တစ်ဦးနှင့် တစ်ဦးဆက်ဆံရေးတွင် သံသယများ ဒီရေမြင့်တက်ကာ တစ်ဦးက တစ်ဦးကို ပြုံးပြဖို့ ခက်ခဲကြပ်တည်းခဲ့ဖူးသည်။

မျက်မှောင်ကြီးတွေ ကြုတ်လို့...။ နှုတ်ခမ်းကြီးတွေ စူလို့...။

သို့အတွက် ခေတ်ပြောင်းစနစ်ပြောင်းတွင် နိုင်ငံတော်ဘဏ္ဍာငွေကြေးများစွာ သုံးစွဲကာ ပညာရေးပြုပြင်မှုများနှင့်အတူ အပြုံးသင်တန်းများ တစ်နိုင်ငံလုံး ဖွင့်ပေးခဲ့ရ၏။

အပြုံးသင်တန်းများ အောင်မြင်ခဲ့ပါသည်။

ခု ရန်ကုန်မြို့ကြီးတစ်ခုလုံး အပြုံးတွေ ဝေလို့ ...။

ရွေ့လျားစကြ်ပေါ်မှ ဆင်းကာ ပန်းစတိုးဆိုင်တစ်ခုထဲ ဝင်လိုက်သည်။

အပြုံးချိုသော အရောင်းစာရေးမလေးများက ရောင်စုံရာသီပန်းမွှေးမွှေးများကို ရောင်းချပေးနေကြသည်။ သူက မြန်မာ့ယွန်းအုပ်လေးများဖြင့် ဘုရားကပ်လှူနိုင်သော စပယ်ပန်းလေးများကို လက်ညှိုးထိုးပြလိုက်သည်။

ထိုနောက် ကျသင့်ငွေကို မာစတာကဒ်ဖြင့် ပေးချေလိုက်သည်။

(၄)

ကမ္ဘာအေးဘုရား ရင်ပြင်တော်တွင် ကော်ဇောပြည့်ခင်းထားသည့်အပြင် နေရောင်ခံ အကြည်သားမျက်နှာကြက် အမိုးခုံး မိုးထားသည့်အတွက် သုံးရာသီစာ စိတ်ချမ်းသာစွာ ဘုရားဖူးနိုင်ပြီ။ မိုးရွာလို့ ထပြေးရခြင်းမျိုး၊ နေပူလို့ ခြေထောက်ခုန်ဆွ ခုန်ဆွ အိနြ္ဒေမရခြင်းမျိုး မရှိပြီ။

ပရိဝုဏ်နံရံများပေါ်တွင် သပ္ပါယ်လှစွာသော ဗုဒ္ဓအရှင်၏ မုဒြာစုံပုံတော် ဆီဆေးပန်းချီကားချပ်ကြီးများ ချိတ်ဆွဲထားသည်မှာ ကြည်ညိုဖွယ် ကောင်းလှသည်။ ဆူညံသောအသံချဲ့စက်များ ဘုရားပရိဝုဏ်များတွင် တပ်ဆင်ခွင့်မပြုသည်မှာ ကြာပြီဖြစ်၍ တိတ်ဆိတ်ငြိမ်သက်မှုနှင့် ကမ္မဋ္ဌာန်းအာရုံက အသားကျကာ အေးချမ်းနေသည်။

ဗုဒ္ဓဘာသာဝင် ဘုရားဖူး သူတော်စင်များ၊ ဘာသာခြားနှင့် တိုင်းတပါးမှ ခရီးသည်များဖြင့် ကမ္ဘာအေးဘုရားသည် စည်ကားလျက်ရှိသော်လည်း ရုတ်ရုတ်သဲသဲ မဖြစ်ပေ။

စည်းကမ်းသေဝပ်မှုနှင့် ယဉ်ကျေးသိမ်မွေ့မှုတို့က ကျင့်သားရနေလေသည်။

မဆူညံရ၊ တိတ်ဆိတ်မှုဖြင့် ကုသိုလ်ယူပါ စသော သတိပေးဆိုင်းဘုတ်များ ကပ်ကာ ပညာပေးရသော ကာလများ လွန်မြောက်ခဲ့ပြီဖြစ်သည်။

စေတီတော် ဂန္ဓကုဋီအတွင်းပိုင်းသို့ ဝင်ရောက်ကာ စပယ်ပန်းယွန်းအုပ်လေးကို လှူဒါန်းပူဇော်လိုက်၏။

မိနစ်အနည်းငယ်ခန့် ငြိမ်သက်ကာ ဗုဒ္ဓအရှင်၏ မျက်နှာတော်ကို ဖူးနေလိုက်သည်။ ဗုဒ္ဓအရှင်၏ ဂုဏ်တော်များကို မိတ္တူပွားယူရန် ကြိုးစားမိခြင်းဖြစ်သည်။ ကရုဏာနှင့် ပညာတရားမြတ်များ ဆက်လက်ထွန်းကားပါစေ..။

ပရိဝုဏ်တံခါးအဝင်များတွင် အလှူခံပုံးလေးများ နံရံကပ် တပ်ဆင်ထားသည်။ လှူဒါန်းလိုသည့် ငွေပမာဏကို အရေအတွက် ဂဏန်းရိုက်နှိပ်ကာ ငွေစက္ကူဖြစ်စေ၊ ဘဏ်ကဒ်တစ်ခုခုဖြစ်စေ ထည့်သွင်းလှူဒါန်းနိုင်သည်။

သူလည်း ဘုရားရောက်ခိုက် အလှူတော်ငွေ ထည့်ဝင်လိုသော သဒ္ဓါစိတ် ယိုဖိတ်လာသည့်အတွက် နှစ်ဆယ်တန် ငွေစက္ကူတစ်ချပ်ကို ပုံးလေးထဲသို့ ထည့်ကာ “၁၉” ဟု ဂဏန်းရိုက်ထည့်လိုက်သည်။

“ချွင်ကလောက်” မြည်သံနှင့်အတူ တစ်ကျပ်တန် အကြွေစေ့လေးတစ်စေ့ အောက်ခံလက်နှိုက်ခွက်ထဲသို့ ကျလာသည်။ တစ်ကျပ်တန်ငွေအကြွေစေ့နှင့်အတူ အလှူခံငွေရပြေစာ စာရွက်လေးကိုလည်း သူ စောင့်ယူလိုက်၏။

ကမ္ဘာအေးဘုရား ပရိဝုဏ်မြောက်ဘက်မုခ်ဝမှ ထွက်လိုက်သည်နှင့် စနစ်တကျ စီတန်းနေသော ဘုရားဖူးများ၊ ကမ္ဘာလှည့်ခရီးသည်များကို

တွေ့ရသည်။ ကမ္ဘာကျော်သမိုင်းဝင် ဆင္ဓသံဂါယနာပွဲတော်ကြီးကျင်းပရာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၏ အလှည့်ကျပြပွဲကို ကြည့်ရှုရန် စောင့်နေကြခြင်းဖြစ်သည်။ ဆဋ္ဌသံဂါယနာကျင်းပပုံကို နောက်ဆုံးပေါ် ရုပ်ရှင်ပြစက်များ၊ အနုပညာဖန်တီးမှုများဖြင့် လေးဆယ့်ငါးမိနစ်စာ ပြပွဲကို ကြည့်ရှုနိုင်ကြရန် သာသနာရေးဝန်ကြီးဌာနနှင့် ဟောလီးဝုဒ် အမ်ဂျီအမ်ကုမ္ပဏီတို့ ပူးတွဲတင်ဆက်ထားခြင်းဖြစ်သည်။

ဘုရားမှ လိုဏ်ဂူတော်ကြီးသို့ သွားရာ လမ်းဝဲယာတစ်လျှောက်တွင် စကျင်ကျောက်သားဖြူဖြူဖြင့် ပီပြင်စွာ ထုဆစ်ထားသော ဆဋ္ဌသံဂါယနာခေတ်မထေရ်ကျော်နှင့် ပုဂ္ဂိုလ်ကျော်ကြီးများ၏ ရုပ်လုံးများက လိုဏ်ဂူတော်ဝင်ခွင့်ရရန် စောင့်စားနေသူများကို စွဲဆောင်ထားနိုင်လေသည်။

ဆဋ္ဌသံဂါယနာအကြီးအမှူး ညောင်ရမ်းဆရာတော်၊ သံဃမဟာနာယကမစိုးရိမ်ဆရာတော်၊ လူပျံတော်ပညာရှင်ကြီး အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဦးလင်း၊ သမ္မတကြီးစပ်ရွှေသိုက်၊ ဝန်ကြီးချုပ်ဦးနု၊ တရားရေးဝန်ကြီးဦးသိန်းမောင်၊ သူဌေးကြီးဆာဦးသွင် ၊ ဦးချန်ထွန်း စသော မြန်မာ့ထေရ်ကျော်၊ မြန်မာ့လူမော်တို့၏ ဘဝဇာတ်ပွတ်အကျဉ်းချုပ်ကို ရုပ်တုတိုင်း၏ အောက်ခြေကျောက်စာတွင် အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် ရေးထိုးထားလေသည်။

ဆဋ္ဌသံဂါယနာခေတ် လူပုဂ္ဂိုလ်ကျော်များအသွင် ဝတ်ဆင်ထားသော ပြပွဲတာဝန်ခံလူငယ်အချို့နှင့် ဓါတ်ပုံအမှတ်တရ ရိုက်နိုင်ကြသည်။ နှုတ်ခမ်းမွေးဖြူဖြူကားကား ခန့်ညားလှသော မျက်မှန်ဝိုင်းနှင့် သူဌေးကြီးဆာဦးသွင်ဟန် လူငယ်က ပေါ်ပြူလာအဖြစ်ဆုံးပင်..။

သမ္မတကြီးစပ်ရွှေသိုက်၏ ပိုးချိတ်လုံချည်တောင်ရှည်ပုဆိုးကြီးကို ဝတ်ဆင်ထားရသည့် လူငယ်ကတော့ ပေါ့ပေါ့ပါးပါး ဖြစ်ဟန်မတူ..။ သူက သဘောကျစွာ ခဏရပ်တုံ့ကြည့်နေမိသေးသည်။

(၅)

ပြပွဲမဝင်မီ စောင့်နေခိုက် မြန်မာ့ရိုးရာခေတ်မီစားသောက်ဆိုင်များနှင့် စတားဘတ်ခ်စ်၊ မက်ခ်ဒေါ်နယ်၊ ကေအက်စ်စီစသော နိုင်ငံတကာစားဖွယ်ဆိုင်များမှ ကော်ဖီ၊ လက်ဘက်ရည်၊ ဖျော်ရည်စုံ၊ ရေခဲမုန့်နှင့် သွားရည်စာအမျိုးမျိုးကို ဝယ်ယူစားသောက်နိုင်လေသည်။

လိုဏ်ဂူတော်ကြီး၏ ပြပွဲကို သူ၏ တပည့်ရှင်ငယ်၊ ရဟန်းငယ်များအား ကျောင်းပိတ်ရက်တိုင်း သူကိုယ်တိုင် ပို့ဆောင်ပေးလေ့ရှိသဖြင့် ယခု တစ်ခေါက် မဝင်တော့ပေ။

လိုဏ်ဂူတော် ပြကွက်များကတော့ အမှန်တကယ် ဝင်ရောက်ကြည့်ရှုထိုက်သည်ဟု မှတ်ချက်ပေးရလောက်အောင် အထူးပြုလုပ်ချက်များဖြင့် ဖန်တီးထားလေသည်။

ပြပွဲမဝင်မီ လက်မှတ်ကောင်တာတွင် တိုကင်ကဒ်ပြားလေး ဝယ်ယူပြီးသည်နှင့် မျက်မှန်တစ်လက်နှင့် နားကြပ်တစ်ခု ထည့်ထားသော စက္ကူထုပ်လေး ပေးဝေသည်။

လိုဏ်ဂူတော်ခန်းမထဲ ဝင်လိုက်သည်နှင့် အထူးမျက်မှန်ကို တပ်ဆင်ရသည်၊ နားကြပ်တွင် မိမိတို့ အဆင်ပြေရာ ဘာသာစကားတစ်ခုခုဖြင့် ပြပွဲအကြောင်းကို ရွေးချယ်နားထောင်နိုင်သည်။

ဆဋ္ဌသံဂါယနာပွဲကြီးထဲ ကိုယ်တိုင်ပါဝင်ဆင်နွှဲနေရသည်ဟု ထင်မှတ်ရအောင် ရုပ်လုံးကြွဒိုင်မင်းရှင်းများကြားသို့ ရောက်ရှိသွား၏။ ပရိသတ်များ ခန်းမအလယ်တွင် စုဝေးမိသည်နှင့် ခန်းမကြီး၏ အလင်းများ ဖျော့ကျသွားသည်။ ထို့နောက် သာသနာနှစ်ထောင့်ငါးရာပြည့်အထိမ်းအမှတ် ဆဋ္ဌသံဂါယနာပွဲတော်၏ အရိပ်များ တဖြေးဖြေး ပီပြင်အရုပ်ထင်လာသည်။

ဤသုတ္တန်ဒေသနာကို ဘယ်အရပ် ဘယ်ဌာနဝယ် ဘယ်သူ့အားအကြောင်းပြု၍ ဟောကြားခဲ့ပါသနည်း ငါ့ရှင် ...။ စူးရှတည်ကြည်သောအသံတော်နှင့်အတူ မထေရ်မြတ်တစ်ပါး၏ ရုပ်ကြွပုံရိပ်...။

"အိုး မဟာစည်ဆရာတော်ဘုရားကြီး....။"

လူအချို့ထံမှ တိုးတိုးအသံများ ထွက်လာသည်။

ထို့နောက် မင်းကွန်းဆရာတော်၏ ဌာန်ကရိုဏ်း ကျနပီသ၍ ကြည်မြနေသောအသံတော်နှင့်အတူ လူသားအစစ် ပုံရိပ်မခြားသော ရုပ်လုံးတော် ပေါ်လာသည်။

ဧဝံ မေ သုတံ ....။ ပရိသတ်တို့ ငြိမ်သက်စွာ သံဂါယနာပွဲတော်ကြီး ကျင်းပနေဟန် ပုံရိပ်များထဲ မျောပါနေကြသည်။

ဟိုးမှာ ဦးနု...။ ဟိုးမှာ ဦးချန်ထွန်း...။ ဟိုးမှာ ဦးသန့် .....စသည် စသည် မိမိတို့ သိသည့် ပုဂ္ဂိုလ်ကြီးများကို လက်ညှိုးထိုးညွှန်ပြနေကြ၏။ လိုဏ်ဂူတော်နံရံအသီးသီးရှိ သံဃာစင်များတွင် ငြိမ်သက်တည်ကြည်စွာ သီတင်းသုံးလျက်ရှိသော ဝန်ဆောင်ဆရာတော်များကိုလည်း သက်ရှိထင်ရှား ဖူးမြင်နေရလေသည်။

အမှန်တကယ် ကမ္ဘာအေးကုန်းမြေသည် သာသနာဝင် ပြကွက်များ၊ ဗုဒ္ဓဝင်ပြတိုက်ကြီးများနှင့် ပိဋကတ်တိုက်များဖြင့် ဗုဒ္ဓသာသနာကို လေ့လာစူးစမ်းလိုသော ကမ္ဘာအရပ်ရပ် ဧည့်သည်တော်များ၊ ဗုဒ္ဓဘာသာဝင် ဘုရားဖူးများဖြင့် နေ့စဉ် ပိတ်ရက်မရှိစည်းကားနေလေသည်။

(၆)

ကလေးများ အကြိုက်ဆုံးကတော့ သုံးဆယ့်တစ်ဘုံ စတူဒီယို (Cosmological Studio) ခန်းမကြီးပင် ဖြစ်လေသည်။

ပိဋကတ်စာပေမှ နေမိမင်းကြီးကို မာတလိနတ်သားက နတ်ရထားဖြင့် ငရဲပြည်နတ်ပြည်သို့ လိုက်ပါပို့ဆောင်ပြသသည့် ဇာတ်ဝင်ခန်းကို ပုံတူကူးယူကာ ခေတ်မီရိုလာကိုစတာ နည်းပညာများဖြင့် ပေါင်းစပ်ပြသခြင်း ဖြစ်လေသည်။

လက်မှတ်ဝယ်ယူပြီးသည်နှင့် သုံးဆယ့်တစ်ဘုံ စတူဒီယိုထဲသို့ ဝင်ရောက်ကြရမည်။ ထို့နောက် နတ်ရထားကဲ့သို့ ဖန်တီးထားသည့် အထူးယာဉ်ဖြင့် ငရဲပြည်၊ နတ်ပြည်များသို့ လိုက်ပါစီးနင်းကာ လေ့လာရခြင်း ဖြစ်သည်။

သုံးဆယ့်တစ်ဘုံ စတူဒီယိုသည် ဗုဒ္ဓဘာသာအခြေခံသဘော တရားကို ကလေးငယ်များအား မိတ်ဆက်ပေးရာတွင် ဓမ္မစကူးလ်များ ထက်ပင် ထိရောက်အောင်မြင်မှုရှိနေသည်။ ရှစ်ဆယ့်ငါးမိနစ်ခန့် ကြာမြင့် သော သုံးဆယ့်တစ်ဘုံ လေ့လာရေးခရီးစဉ်တွင် ကလေးငယ်များအား လိုက်ပါစီးနင်းစေခြင်းဖြင့် သံသရာအခြေခံဗဟုသုတနှင့် ကံ ကံ၏အကျိုး ကို နားလည်သွားစေနိုင်သည့်အတွက် ဗုဒ္ဓဘာသာဝင် မိဘများက နှစ်ခြိုက် ကြလေသည်။

ဓမ္မစကူးလ်များသည်ပင် ကမ္ဘာအေးကုန်းမြေသို့ လေ့လာရေးခရီး ထွက်သည့်အခါတိုင်း သုံးဆယ့်တစ်ဘုံစတူဒီယို ရိုလာကိုစတာစီးရန် ကလေးငယ်များ၏ တောင်းဆိုမှုကို လိုက်လျောရမြဲဖြစ်လေသည်။ အမှန် တကယ်တော့ သုံးဆယ့်တစ်ဘုံ စတူဒီယိုသည် လူကြီးလူငယ်မရွေး လေ့လာ သင့်သော စိတ်လှုပ်ရှားဖွယ် လောကီလောကုတ္တရာ ရောသမထားသည့် ဘာသာရေးပြပွဲတစ်ခု ဖြစ်လေသည်။

သူသည်လည်း တပည့်ကျော် ကိုရင်ငယ်လေးများကို လိုက်ပါ ပို့ဆောင်ရင်း နှစ်ကြိမ်ခန့် ဝင်ရောက်ကာ သံသရာလေ့လာရေး ခရီးထွက် ခဲ့ဖူးသည်ကို အမှတ်ရနေမိလေသည်။

ခရီးသည် ဆယ်ဦးလိုက်ပါနိုင်သည့် ခေတ်မီအလုံပိတ်ယာဉ်ငယ် များစွာဖြင့် လူ့ပြည်မှ ခရီးစဉ်ကို စတင်လေသည်။ ဖိုက်ဒီမျက်မှန်နှင့် ဘာသာပြန် လမ်းညွှန်နားကြပ်များ အပြည့်အစုံ တပ်ဆင်ထားကြရသည်။ တပည့်ကျော်မောင်ရှင်လေးများက ခရီးသစ်တစ်ခုအတွက် စိတ်လက် လှုပ်ရှားနေကြဟန်ရှိသည်။

သူက တပည့်လေးများနှင့် အကျွမ်းတဝင်နေတတ်သည့်အတွက် သူ့ကို မေးခွန်းများ မေးရန်၊ ပွင့်ပွင့်လင်းလင်းပြောရန် နောက်မတွန့်ကြ...။

လူ့ပြည် ကမ္ဘာမြေပြင်ထက်က စနစ်အမျိုးမျိုး၊ အစိုးရအမျိုးမျိုး ဖြင့် တည်ရှိနေသော နိုင်ငံနယ်နိမိတ်တို့၏ ဖွံ့ဖြိုးမှု၊ဆုတ်ယုတ်မှု၊ ငတ်မွတ် ခေါင်းပါးမှု၊ ပြည့်စုံကြွယ်ဝမှုတို့ကို မြင်ကြရသည်။ စစ်မီးလျှံများကြား တွင် အသက်လုပြေးလွှားနေရသော လူများ၊ ဆန္ဒပြ အော်ဟစ်နေကြသော

လူစုလူဝေးကြီးများ၊ ဂီတဖျော်ဖြေပွဲကြီးများတွင် အရာရာ မေ့လျော့ကခုန်နေကြသော လူအုပ်ကြီးများကို ဖြတ်သန်းသွားကြရသည်။

တောတောင်များ၊ ပင်လယ်များနှင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ကျော်လွန်ပြီးသည်နှင့် အမှောင်ထုကြီး ဖုံးလွှမ်းကာ စီးနင်းလိုက်ပါလာသည့် ယာဉ်ငယ်များက အရှိန်ဟုန်မြင့်မားစွာ အောက်သို့ပြုတ်ကျသွားသလို ခံစားလိုက်ရသည်နှင့် အသည်းလှိုက်ကာ အားကန်သံပြိုင်အော်ဟစ်လိုက်မိကြသည်။

ငရဲကြီးရှစ်ထပ်ဝင်ပေါက်ကို ရောက်ရှိလာခြင်းဖြစ်သည်။

"သိဋ္ဌိုးငရဲ သိဋ္ဌိုးငရဲ" ဟု အသံအောအောကြီးဖြင့် ပဲ့တင် ထပ်အော်ဟစ်နေသော ငရဲခန်းကို ဖြတ်သန်းမိသည်နှင့် ငရဲထိန်းများက အလျှံတပြောင်ပြောင် တဝင်းဝင်း တောက်နေသော ငရဲလက်နက်များဖြင့် ထိုးခုတ် ရိုက်နှက်သဖြင့် ပြေးလွှားနေကြရသော ငရဲသားများကြားထဲ ကိုယ်တိုင်ရောက်သွားသလို ခံစားကြရသည်။ ကိုယ်တိုင်သည်ပင် ငရဲသားတစ်ဦးပမာ နာကျင်အော်ဟစ်မိသည်အထိ ပြကွက်များက ပီပြင်လှသည်။

"ဘုန်းကြီးရေ နောက်မှာ နောက်မှာ တင်းပုတ်ကြီးကိုင်ပြီး လိုက်လာနေတယ်ဘုရား…။"

"ဘေးမှာ ဘေးမှာ ရဲတင်းကြီးနဲ့ ခုတ်ပြီဟေ့..။"

မောင်ရှင်လေးများက အသံကုန်အော်ဟစ်နေကြ၏..။

ယာဉ်ပျံကား မြန်လှသည်မို့ လွတ်သွားသလို ထင်ရသည်။ အမှန်တကယ်က ပုံအရိပ်အရောင်များကို ဖိုက်ဒီစနစ်ဖြင့် အစစ်အမှန် ကြုံတွေ့နေရသလို မြင်နေရခြင်းဖြစ်သည်။

ငရဲခံကြသူများမှာ ငရဲလက်နက်များဖြင့် ထိုးခုတ်ရိုက်နှက်၍ ပုံလျက်သားလဲကျ သေဆုံးသွားကြရသည်။ မျက်စိတမှိတ်အတွင်းမှာပင် ပြန်ထရှင်သန်ကာ အရှင်အတိုင်း ထပြေးကြပြန်သည်။ ငရဲထိန်းများက ပြေးလိုက်ကာ သတ်ဖြတ်ကြပြန်သည်။ ငရဲသားများခမျာ အသံနက်ကြီးများဖြင့် အော်ဟစ်ကာ လဲကျသေဆုံးကြပြန်သည်။

ပြေးပေါက်မရှိရှာကြ…။

နားကြပ်မှတဆင့် ရှင်းပြချက်ကို နားထောင်ရသည်..။

"ဒီငရဲရဲ့ သိဦ္ဋိုးဆိုတဲ့ အမည်ကတော့ ထပ်တလဲလဲ မလွတ်မြောက်ဘဲ ခံစားရသောငရဲလို့ အဓိပ္ပါယ်ရပါတယ်ရှင်..။

ငရဲသက်တမ်း မကုန်မချင်း ဒီလိုပဲ ခံစားနေကြရပါတယ်။

ဒီသိဦ္ဋိုးငရဲရဲ့ သက်တမ်းကတော့ ဒီဘုံဘဝရဲ့ အနှစ်ငါးရာ ဖြစ်ပါတယ်။

ဒီငရဲရဲ့ တစ်ရက်သက်တမ်းက လူသားတို့ရဲ့ ပြက္ခဒိန်နှစ်နဲ့ တွက်မယ်ဆိုရင် အနှစ်ကိုးသန်းရှိပါတယ်..။

တည်နေရာနဲ့ အကျယ်အဝန်းကတော့ မဟာပထဝီမြေထုရဲ့ အောက်ယူဇနာပေါင်း တစ်သောင်းငါးထောင် ကွာဝေးပြီး ယူဇနာပေါင်း တစ်သောင်း အကျယ်အဝန်းရှိပါတယ်ရှင်..။"

ငရဲကြီးရှစ်ထပ်ကို လှည့်လည်ပြီးသည်နှင့် မွှေးပြန့်သောရနံ့များ၊ ရောင်စုံပန်းဥယျာဉ်များ၊ အကအလှဂီတတို့ စည်ဝေသော နတ်ဒေဝတာများ စံပျော်ရာ..နတ်ပြည်ခြောက်ထပ်....။ ထိုမှ ငြိမ်ဆိတ်သော ဗြဟ္မာ့ဘုံ၏ ငြိမ်းသော ဈာန်သမာပတ်ဓမ္မရတိ ဓမ္မရသ....။

(၇)

ကမ္ဘာအေးသာသနာရေးရုံးထဲသို့ ဝင်လိုက်သည်နှင့် ယူနီဖောင်း ချပ်ရပ်စွာ ဝတ်ဆင်ထားသည့် ဝန်ထမ်းအမျိုးသမီးက ပျူငှာစွာ ကြိုဆိုကာ ရဟန်းတော်များ အထူးသီးသန့်ခန်းသို့ ပင့်ဆောင်သွားသည်။ ရဟန်းတော်များနှင့် ဆက်ဆံရာတွင် အခါခါပြင်ဝတ်ရခြင်းမရှိသော ကမ္ဘာသုံး ယူနီဖောင်း ဝတ်စုံများကို လွန်ခဲ့သော နှစ်အတန်ကြာကတည်းက ပြောင်းလဲလိုက်သည်ကို သတိထားမိသည်။

ယခင်ကတော့ ရဟန်းတော်များက သာသနာရေး ဆောင်ရွက်ဖွယ် ကိစ္စများရှိ၍ ရုံးသို့ ကြွလာရလျှင် ဝန်ထမ်းများ၏ ရှေ့တွင် စိတ်ရှည်သည်းခံစောင့်စားရသည်။ အငေါက်အငမ်းလည်း ခံရနိုင်သည်။

"စိတ်ပါလက်ပါ ရှိရဲ့လား ဘုရား" ဟူသော မေးခွန်းကို ဖြေရတတ်သည်။ "အရှင်ဘုရားတို့က စိတ်သာပါတာပါ...၊ လက်က မပါကြပဲကိုး"ဟုလည်း အရွှဲ့အစောင်း ခံရနိုင်သည်။

ယခုတော့ အရာရာ ပြောင်းလဲသွားချေပြီ ဟု သာစုခေါ်မိ၏။

ရဟန်းတော်များက လေအေးစက် တပ်ဆင်ထားသော သီးသန့် အခန်းတွင် ကြွရောက်သီတင်းသုံးရပြီး ဝန်ထမ်းအမျိုးကောင်းသား အမျိုးကောင်းသမီးများက လာရင်းကိစ္စ မေးမြန်းဆောင်ရွက်ပေးကြသည်။ ဆွမ်းချိန်ကျရောက်နေလျှင် သာသနာရေးကင်းတင်းမှ ဆွမ်းကပ်ပေးလိမ့်မည်။ သို့မဟုတ်လျှင်လည်း ကော်ဖီနှင့် အအေးတစ်ခုခု စီစဉ်ပေးကြသည်သာ..။

ရဟန်းတော်များအနေဖြင့် အခန်းတွင်းရှိ စာအုပ်စင်များမှ နှစ်သက်ရာ စာအုပ်စာစောင်များ ဆွဲယူဖတ်ရှုခြင်း၊ ရုပ်မြင်သံကြားစက်မှ သတင်းကြည့်ရှုခြင်းဖြင့် စောင့်နေရုံမျှသာဖြစ်သည်။ သူက နိုင်ငံတော် သံဃမဟာနာယကရုံးချုပ်မှ ထုတ်ဝေသည့် ဓမ္မဂျာနယ်တစ်စောင်ကို ဆွဲယူဖတ်ရှုရင်း ရုပ်မြင်သံကြားဆီ စောင်းငဲ့ကြည့်မိ၏။

လွှတ်တော်အစည်းအဝေး သတင်းလာနေသည်။

ပထမဆုံး ပေါ်ပေါက်ခဲ့သော လွှတ်တော်နှင့်တော့ ခြားနားသွားလေပြီ။ အနောက်တိုင်းဝတ်စုံကို ပေါ့ပေါ့ပါးပါး ဝတ်ဆင်ထားသော အမတ်ကြီးများ လက်သီးလက်မောင်းတန်းကာ တိုင်းပြည်အတွက် ဆွေးနွေးငြင်းခုန်နေကြသည်ကို အားတက်ဖွယ် တွေ့ရ၏။

အတွေးမထွက်အောင် ခေါင်းကြပ်စေသော ခေါင်းပေါင်းကြီးများ။ အသွားအလာခက်သော တောင်ရှည်ချိတ် ပုဆိုးကြီးများ မဝတ်ဆင်ကြတော့ပြီ။ တရုတ် ဂျပန် ကိုရီးယား၊ ထိုင်းစသော အရှေ့တိုင်းနိုင်ငံများ၏ လွှတ်တော်များကဲ့သို့ အသက်ဝင်လာလေပြီ။

အိပ်ငိုက်ဖွယ်ကောင်းသော ရိပ်သာဆန်ဆန် လွှတ်တော်အဆင့်ကို ကျော်လွှန်ခဲ့လေပြီ။

ဟိုယခင်နှစ်ကာလများဆီ မြန်မာ့ရိုးရာဝတ်စုံကို လွှတ်တော်တက် အမတ်မင်းများ၊ ခရိုနီများနှင့် အထက်တန်းလွှာ အချို့သာ တူတူ

တန်တန် တောက်တောက်ပပ ဝတ်စားနိုင်ကြသည်။ လူနည်းစု ကွက်ကွက်လေးသာ အမျိုးကို ချစ်နိုင်ကြလေသည်။ ပြည်သူပြည်သား အများစုက တိုက်ပုံအင်္ကျီပင် အိမ်တိုင်းစေ့ မရှိပေ..။

သို့သော် ယခုတော့ ရွှေပြည်ကြီးက ကြွယ်ဝချမ်းသာလာလေသည်မို့ လူတိုင်း မြန်မာ့ဝတ်စုံကို ဝတ်ဆင်နိုင်ကြလေပြီ။ မြန်မာ့ရိုးရာပွဲလမ်းသဘင်တိုင်းတွင် မြန်မာ့ဝတ်စုံဖြင့် ပွဲတက်ကြလေပြီ။

သို့သော် လွှတ်တော်၊ အစိုးရရုံးများနှင့် ကုမ္ပဏီလုပ်ငန်းတို့တွင်မူ ကမ္ဘာသုံး ဝတ်စုံဖြင့် ပြောင်းလဲလိုက်ကြသည်။

(၈)

သူ့ကိစ္စက သာသနာရေးကဒ် သက်တမ်းတိုးမြှင့်ရန် ဖြစ်သည်မို့ အချိန်အကြာကြီး စောင့်ဖွယ်မလိုပါ..။ ရဟန်းတော်များအတွက် အတုအပပြုလုပ်မရသည့် စမတ်ကဒ်များ ထုတ်ပေးထားသည့်အတွက် ဟိုယခင် ခေတ်တစ်ခေတ်ဆီက သတင်းစာမျက်နှာတွင် ဖတ်ရလေ့ရှိသော သင်္ကန်းဝတ်ဟုသော ဝေါဟာရမျိုး မရှိတော့ပြီ။ အမှန်စင်စစ် လူမှုဘဝဖူလုံသော ဒီမိုကရေစီ နိုင်ငံပီပီပြင်ပြင် ဖြစ်လာသည်နှင့်အမျှ သဒ္ဓါတရားစစ်စစ်ဖြင့် သာသနာ့ဘောင် ဝင်ရောက်လာသူ များပြားလာသောကြောင့် ဗုဒ္ဓသာသနာတော်က ကျက်သရေရှိလာသည်။ သူကတော့ ဟိုခေတ် လက်ကျန်မို့ သဒ္ဓါတရားကို ဂုဏ်မပျက်အောင် ပြန်လည်ကြိုးစားထူထောင်ခဲ့ရ၏။

ထိုစဉ်မှာပင် သင်္ကန်းကို သပ္ပါယ်စွာ ဝတ်ရုံထားသောရဟန်းငယ် (၁၀)ပါးခန့် အခန်းတွင်းသို့ ဝင်ရောက်လာကြသည်။ သူ့ကို မြင်သွားသည်နှင့် ဂါရဝပြုနှုတ်ဆက်ကြ၏။ သူ့မိတ်ဆွေ ရဟန်းတော်တစ်ပါး တည်ထောင်ထားသည့် ဓမ္မအင်စတီကျု(တ်)မှ မျက်နှာသိပညာသင် ရဟန်းတော်လေးတစ်ပါးက အခြားရဟန်းငယ်လေးများနှင့် မိတ်ဆက်ပေးသည်။ သူ့စာဖတ်ပရိသတ်များဖြစ်ကြောင်း ရဟန်းတော်လေးများက လျှောက်ထားကြသည်ကို သူကြည်နူးမိသွား၏။

နိုင်ငံတော်ခမ္မကောလိပ်၊ သာသနာ့အကယ်ဒမီနှင့် အင်စတီကျူး(တ်) အသီးသီးမှ ထိုရဟန်းတော်လေးများကို ဘာသာယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်ဖြင့် နိုင်ငံတကာတက္ကသိုလ်များ၊ ဘာသာရေးအင်စတီကျူးရှင်း များသို့ ကြွရောက်လေ့လာရန် နိုင်ငံတော်အစိုးရနှင့် သံဃာ့ပညာရေးဘုတ် အဖွဲ့မှ ရွေးချယ်စေလွှတ်ခြင်း ခံရကြောင်း သတင်းစာစောင်များတွင် ဖတ် လိုက်ရ၏။

အမေရိကန်ပြည်ထောင်စု၊ ဥရောပ၊ ဩစတေးလျ၊ အာရှ၊ အာဖရိကနိုင်ငံပေါင်းစုံသို့ ကြွကြရပေမည်။

ဗာတီကန်ကြွမည့် ရဟန်းတော်လေးကို သူက ရောမရာသီဥတု အကြောင်း ပြောဖြစ်သေးသည်။ ဂျေရုစလင်နှင့် အရှေ့အလယ်ပိုင်း ဂျော်ဒန်နိုင်ငံများသို့ ကြွရောက်ရမည့်ရဟန်းတော်များလည်း ပါဝင်သည်။ ဟားဗတ်အရှေ့တိုင်း ပညာဌာနသို့ ကြွမည့် ရဟန်းတော်လေးဆိုလျှင် အလွန်ငယ်သေးသည်။ ကောင်းလေစွ...။

ဟိုတစ်ချိန်ကတော့ နိုင်ငံခြားတက္ကသိုလ် သွားရောက်ပညာသင် လိုလျှင် အိန္ဒိယ၊ သီဟိုဠ်နှင့် ယိုးဒယားနိုင်ငံတို့သာ ကြွနိုင်ကြသည်။ ကိုယ့် စရိတ်ကိုယ် ဖန်တီးရ၏။ မိဘဆွေမျိုး ဆရာသမား၊ ရဟန်းဒကာ ကျော ထောက်နောက်ခံမရှိလျှင် ပညာသင်ကြားရေး အလှမ်းဝေးလှ၏။

တက်ကြွနေသော ထိုရဟန်းတော်လေးများကို ကြည့်ကာ သူ သည်ပင် အသက်တစ်ဝက်လောက်ပြန်ငယ်သွားသည်။

(၉)

ရွှေပြည်ကြီး၏ သာသနာ့ပညာရေး အခင်းအကျင်းက သူတို့ ငယ်စဉ် သာသနာဖျက်စီမံကိန်းကြီး ကြုံခဲ့ရစဉ်ကနှင့် လုံးဝခြားနား သွား ချေပြီ။ သာသနာပျောက်ကွယ်မှာ စိုးသယောင်ဖြင့် သံဃာထုတစ်ရပ်လုံး ၏ ပညာရေးပြုပြင် ပြောင်းလဲမှုကို မျက်ကွယ်ပြုထားခံခဲ့ရ၏။ ပြည်သူ လူထုကို ဦးဆောင်လမ်းပြရလေသော ရဟန်းတော်များ ညံ့လေလေ၊ အစိုးရ ပေါ်လစီအောင်မြင်လေဖြစ်သည့်အတွက် ရှေးရိုးစွဲနှင့် အမျိုးချစ်သော

ကိုယ်တော်ကြီး ကိုယ်တော်လေးတို့ကို ရှေ့တန်းတင်ကာ ပညာရေး အပြောင်းအလဲ တင်သွင်းလေတိုင်း ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး များက ပယ်ချဖို့ အဆင်သင့်ပြင်ထားစေခဲ့၏။ အင်္ဂလိပ်စာကို ကျွန်စာ ဟူသော ကိုလိုနီခေတ်ဆေးကြီးကို ဆက်လက် ဖော်စပ်ထားခဲ့၏။

လောကီစာသင်လျှင်ပင် လူထွက်မည်ဟု ဝါဒဖြန့်၏။ သို့နှင့် တစ်ချိန်က ပြုပြင်ပြောင်းလဲရေးဝါဒီ ဂန္ဓာရုံဆရာတော်ကြီးကို ကွန်မြူနစ် ဘုန်းကြီး ဟု တံဆိပ်တပ်လိုက်ကြ၏။ ဆရာတော်ကြီးမှာ သွားရှာပေါ့ ဟု ငြီးငြူစုတ်သပ်တော်မူကာ သာသနာတော်တစ်ရပ်လုံး ပြုပြင်မရလျှင် ကျောင်းတွင်း ပြုပြင်ရေးလုပ်ရန် ကြိုးစားတော်မူခဲ့ကြောင်း သာဓက ရှိခဲ့ ဖူးသည်။

ထိုစဉ်က သံဃာ့အစည်းအဝေးတွင် သာသနာတော်အတွင်းရေး နှင့် ပရိယတ္တိပညာသင်ကြားမှု ပြုပြင်ပြောင်းလဲရေး မဆွေးနိုင်ခဲ့ကြဘဲ ကျောင်း ပရိဝုဏ်ပြင်ပက ကိစ္စရပ်များကိုသာ လက်သီးလက်မောင်း တန်းခဲ့ကြဖူး လေသည်။

သို့သော် ယခုတော့ ခေတ်ပြောင်းလေပြီ။ သာသနာတော်ကို မြတ်နိုးတော်ကြသည့် သံဃာ့ထေရ်ကြီးတို့၏ ဩဝါဒကို ခံယူလျက် သာသနာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန ပူးပေါင်းကာ သာသနာ့ ဝန်ထမ်းတို့အတွက် မသင်မနေရပညာရေးကို အကောင်အထည် ဖော်နိုင်ခဲ့ ပေပြီ။

လောကီလောကုတ္တရာနှစ်ဖြာ ပါဝင်စေသော ပညာရေးမူကို ချမှတ် နိုင်ခဲ့၏။ သို့ကြောင့် ရဟန်းသံဃာမှန်သမျှ ပညာတတ်ခွင့် ရကြလေပြီ။ လောကုတ္တရာတွင် ပျော်မွေ့သော စွယ်စုံသာသနာပြုအကျော်ဖြစ်ခွင့် ရနိုင် သလို လောကီသွေးတိုး၍ လူဝတ်ကြောင်ဘဝကို ပြန်လည်မည်ဆိုလျှင် လည်း အမှန်တကယ် သာသနာကို ချစ်မြတ်နိုးနိုင်သော ဗုဒ္ဓဘာသာ ဥပါသကာ အမာခံများ ဖြစ်ကြလေပြီ။

အမှန်တကယ်ပင် သာသနာတော်ကို ပြုပြင်ရေးအတွက် သံဃာ အဖွဲ့အစည်း၊ အစိုးရနှင့် ပြည်သူတို့ ညီညွတ်စွာ ဆောင်ရွက်ခဲ့ကြ၏။ ပထမ

သာသနာ့ဘောင်မှာ မပျော်ဘဲ အခြေအနေအရ ပဗ္ဗဇိုတများ သန့်ရှင်းရေး အတွက် အနော်ရထာစိမံချက်ဖြင့် ဆောင်ရွက်ခဲ့ကြ၏။ ကြွယ်ဝလာသော နိုင်ငံတော်၏ ဘဏ္ဍာရေးဘတ်ဂျက်ထဲမှ လူမှုဖူလုံရေး အစီအစဉ်တစ်ရပ်ဖြင့် လူပျံတော်များ အလုပ်အကိုင် အခွင့်အလမ်းရစေရေး ဖန်တီးပေးခဲ့၏။ သာသနာ့ဘောင်မှာ မပျော်ဘဲ သဒ္ဓါခပ်ကျဲကျဲဖြင့် သကိန်းမြဲနေရရှာသော မောင်ရှင်တို့ ထွက်ကြ၏။

အာဏာစက်၊ ဓမ္မစက်ဖြင့် သတိကြီးစွာ လုပ်ဆောင်ရခြင်း ဖြစ်သည်။

အနော်ရထာဘုရင်မင်းမြတ်က သာသနာ့ဆူးညောင့်များကို လူဝတ်လဲစေခြင်းမျိုးထက် ပိုမိုပညာသားပါသော နည်းလမ်းကို ရွေးချယ်ရ၏။ နှိပ်ကွပ်ခြင်း နိဂ္ဂဟနည်းလမ်းကို မသုံးဘဲ ထောက်ပံ့ခြင်း ပဂ္ဂဟနည်းကို သုံးခြင်းဖြစ်၏။ အဆင့်မြင့်သော လူကြီးလူကောင်း ဒီမိုကရေစီနိုင်ငံများတွင် ကျင့်သုံးသောနည်းပင်ဖြစ်၏။

ပညာရေး ပြုပြင်ပြောင်းလဲမှု၊ သာသနာတော် သန့်ရှင်းရေး စီမံချက်တို့ကြောင့် ဟိုးယခင်ဆီကကဲ့သို့ စာတတ်သည်ဖြစ်စေ၊ စာမတတ်သည်ဖြစ်စေ လူကြိုက်များအောင် ဟောနိုင်လျှင် ပလ္လင်ပေါ်ရောက်သော ခေတ်မရှိတော့ပြီ။

အမှန်ဆိုရလျှင် တရားပွဲဆိုသည်ကို မလိုအောင်ပင် ဗုဒ္ဓဓမ္မ ပညာရေးကို မြှင့်တင်နိုင်ခဲ့ပေပြီ။

လူမှုရေး၊ ကျန်းမာရေး စသည်ကို အစိုးရကိုယ်တိုင် တင်းပြည့်ကျပ်ပြည့် တာဝန်ယူလိုက်သဖြင့် အစိုးရက အစိုးရအလုပ်လုပ်နေပြီဖြစ်၍ ရဟန်းတော်များက ဓမ္မပြန့်ပွားရေးသက်သက်ကို အချိန်ပြည့်လုပ်နိုင်ကြလေပြီ။

ရွှေပြည်ကြီး၏ ရင်သွေးငယ်မှန်သမျှ ဗုဒ္ဓဓမ္မကို သင်ယူခွင့်ရစေရန် ရဟန်းတော်များက အမျိုးမျိုး ကြိုးပမ်းတော်မူကြသည့်အတွက် ဗုဒ္ဓဘာသာ အခြေခံအသိပေးရန် ကျင်းပလေ့ရှိခဲ့သည့် သာမန် တရားပွဲများ

အတွက် အချိန်ကုန် လူပန်းဖြစ်ဖွယ် မရှိတော့ပေ..။ အထူးတရားပွဲမှန်ကိုမူ ဘုရားကျောင်းကန် ပရိဝုဏ်များတွင်သာ ကျင်းပကြတော့သည်။

မိနစ်အနည်းငယ်အကြာတွင် သာသနာရေးဝန်ထမ်း အမျိုးသမီးက သူ့စမတ်ကဒ်ကို ပြန်လည်ဆက်ကပ်သည်။ လက်ဗွေစကင်ဖတ်ခြင်း၊ မျက်လုံးစစ်ဆေးခြင်းနှင့် ဇီဝဗေဒ အတည်ပြုချက်ယူခြင်းများကို ပထမအကြိမ် ပြုလုပ်ပြီးပြီမို့ ထပ်မံဆောင်ရွက်ဖွယ်မရှိတော့ပေ..။

ထိုစဉ်မှာပင် သူ့အမ်မျိုးဆက်ဖုန်းက သူ့စိတ်ကို အချက်ပြလေသည်။ အမ်မျိုးဆက်ဖုန်းများက အသံဖြင့် နားကို အချက်ပေးခြင်းမျိုးမဟုတ်ဘဲ တယ်လီဖုန်းနှင့် ဇီဝကမ္မ ချိတ်ဆက်ထားသော နဗ်ကြောမှတစ်ဆင့် စိတ်ကို အသိပေးခြင်းဖြစ်လေသည်။

(၁၀)

သူ့ကဒ်ဟိုဒါ (Card Holder)တွင် ခေါက်ညှပ်ထားသည့် စက္ကူတစ်ရွက်ပမာ ပေါ့ပါးလှသော အမ်မျိုးဆက်ဖုန်းကို ဆွဲယူကြည့်လိုက်သည်။ တိုင်းရင်းသား ဘာသာစကားနှင့် သာသနာပြုသုတေသနဌာနတွင် ဌာနကြီးမှူးအဖြစ် ဆောင်ရွက်နေသော မိတ်ဆွေရဟန်းတော်တစ်ပါး ဖြစ်နေသည်။

မိတ်ဆွေ၏ တည်နေရာကို ကြည့်လိုက်တော့ အို.... ရန်ကုန်၊ ကမ္ဘာအေးဆိုပါလား..။

ယခုခေတ် မိုဘိုင်းဖုန်းများက မျိုးဆက်များစွာ ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ လူသားတစ်ဦးချင်း၏ စိတ်အခြေခံကို တွက်ချက်ကာ ပြုပြင်ထားသည့်အတွက် မိုဘိုင်းဖုန်းကိုင်သူတိုင်း စိတ်ချမ်းသာမှု အပြည့်အဝရရှိကြပေပြီ။

သူ့ ဓမ္မဂင်္ဂါကောလိပ်ရှိ ဗုဒ္ဓဓမ္မဆိုင်ရာ နည်းပညာဌာနစိတ် (Buddhist Technology Section) တွင် ပညာသင်ယူဖူးသည့် လူငယ်အချို့နှင့် အမေရိကန်ပြည်ထောင်စု၊ တက္ကဆပ်စ်ပြည်နယ်၊ လပ်ဘတ် (Lubbock) တက္ကဆပ်နည်းပညာတက္ကသိုလ်မှ ကျောင်းသားအချို့

ပူးပေါင်းကာ ငှက်ပျောသီးတံဆိပ် အမ်မျိုးဆက်ဖုန်းကို ကမ္ဘာသို့ မိတ်ဆက်ပေးနိုင်ခဲ့သည်။

ရွှေပြည်ကြီးတွင် ဒီဇိုင်းရေးဆွဲကာ ကာလီဖိုးနီးယားတွင် ဖုန်းများကို ထုတ်လုပ်လေသည်။

ငှက်ပျောသီးစတိုးတွင် အပလီကေးရှင်းအမျိုးမျိုးကို အလွယ်တကူ ဆွဲချနိုင်သည်။

ယခင်က ဆက်သွယ်ရေးလုပ်ငန်းအတွက် နိုင်ငံခြားကုမ္ပဏီများကို အားကိုးအားထားပြုရသော်လည်း ယခု နည်းပညာမြင့်မား၍ ခနဉစ္စာကြွယ်ဝလာသော တိုင်းရင်းသားလုပ်ငန်းရှင်တို့က ဆယ်သွယ်ရေးလုပ်ငန်းအစုစု၏ ရှယ်ယာများကို ပိုင်ဆိုင်နိုင်ခဲ့ပြီဖြစ်သည်။

ဒီမိုကရေစီခေတ်ဦးက ပဋိစ္စသမုပ္ပါဒ်နှင့် ပဌာန်းစက်ဝိုင်းရှုမှတ်ခြင်းဟု ရဟန်းတော်များကြားတွင် ရယ်သွမ်းသွေးပြောဆိုရသည့် အင်တာနက်နှေးကွေးလေးလံမှုနှင့် အမြဲပျောက်ဆုံးနေသော လူကြီးမင်းဟု တံဆိပ်တပ်ခံရသော တယ်လီဖုန်းလိုင်းများအကြောင်း ယနေ့ အမ်မျိုးဆက်လူငယ်တို့ကို ပြောလျှင် ယုံနိုင်ကြတော့မည်မဟုတ်ပေ။

အမှန်တကယ်ပင် လူကို မူးဝေ၊ ဝေအောင်၊ နှလုံးတုန်အောင်ရင်ခုန်အောင်၊ စိတ်ညစ်ညူးအောင်၊ စိတ်နှလုံးကြေကွဲအောင် ပြုလုပ်တတ်သော ဆက်သွယ်ရေးစနစ်ကြီး ရှိခဲ့ဖူးပါလေသည်။ ထိုစဉ်က ခေတ်စားခဲ့သည့် မုခပေါတ္တကလူမှုကွန်ယက်(Facebook Social Network)ကြီးတွင် အမြဲတမ်း လျှောင်ပြောင်ခံခဲ့ရသည်။ ဟာလို ဟာလို ကြားလား ဆင်လား မြင်းလား ဟူသော နှုတ်ဆက်စကားဖြင့်ပင် ပိုက်ဆံကို အနကြမ်းစီးတတ်သော၊ အင်တာနက်ကော်နက်ရှင် စိမ်းရောင်ပြနေပါသော်လည်း ပို့လိုက်သည့် မက်ဆေ့ချ် မရောက်သည့်အတွက် စိတ်ကောက်ခြင်း၊ အထင်လွဲခြင်းကို ဖြစ်စေတတ်သော ထိုဆက်သွယ်ရေးစနစ်ကြီးကြောင့် မိမိကိုယ်ကို လုပ်ကြံချင်သူများပင် ပေါ်ခဲ့ဖူးလေသည်။

ယူကျု(တ်)(You tube) ဗီဒီယိုဖိုင်များသည် ရွှေပြည်ကြီး၏ အင်တာနက်သုံးစွဲသူများနှင့် လားလားမှမဆိုင်အောင် ဥပေက္ခာပါရမီစင်မြင့်တွင် ရှိနေတတ်လေသည်။

ခုတော့ အိုင်ကျူ(တ်)၊ ဟီးကျူ(တ်)၊ ရှီးကျူ(တ်)ဆိုတာမျိုးတွေကို ရွှေပြည်ကြီး၏ မြန်နှုန်းမြင့်နည်းပညာဖြင့် အပြိုင်အဆိုင် ကြည့်ရှုနိုင်လေပြီ..။

လတ်တလောတွင် ရွှေဘိုနည်းပညာ ကောလိပ်ကျောင်းသူလေးများ စမ်းသပ်လွှတ်တင်ထားသည့် စင်ရော်(Seagull) လူမှုဝက်ဘ်ဆိုဒ်သည် လူကြိုက်များနေ၏။ သူ့ဗုဒ္ဓဘာသာကောလိပ်ကျောင်းမှ ကိုရင်လေးများသည်ပင် ထိုစင်ရော်တွင် ဗုဒ္ဓဘာသာအခြေခံ မေးခွန်းပြိုင်ပွဲ အုပ်စုလေး ဖွဲ့ထားသည်ဟု သူ့လက်ထောက်ရဟန်းတော်များက သတင်းပေးထားသည်။

(၁၁)

"ငါ့ရှင် ဘယ်အရေးအခင်းနဲ့ ရန်ကုန်ကို ရောက်နေရပါလိမ့်...."

"သာသနာပြုအတွေ့အကြုံ ဖလှယ်ပွဲတက်ဖို့ ရောက်နေပါသကော.....။"

"ကောင်းလင့်တေးပါပေ.... ငါ့ရှင်နဲ့ တွေ့ဖို့ ခုပဲ လာခဲ့မယ်.. ခဏသာ စောင့်ပါ.."

သာသနာရေးရုံးမှ ထွက်ကာ စကြံလမ်းလေးအတိုင်း ခပ်သုတ်သုတ် ပြန်လျှောက်လာခဲ့သည်။ မဟာပါသာဏလှိုဏ်ဂူရှေ့တွင် ဓါတ်ရထား (Tram Stop) မှတ်တိုင်ရှိသော်လည်း တစ်မှတ်တိုင်သာသာ ခရီးမို့ လိုဏ်ဂူတော်ကြီးရှေ့ရှိ တန်းစီနေသော လူအုပ်ကို တိုးကာ လျှောက်လာခဲ့သည်။

ထိုလူအုပ်ထဲတွင် လူငယ်မောင်မယ်များနှင့် ဓါတ်ပုံအရိုက်ခံနေသော နိုင်ငံတော်သမ္မတဟောင်း ဉပါသကာကြီးကို မြင်လိုက်ရသည်။ သူ့ကို အသိအမှတ်ပြု လက်အုပ်ချီ နှုတ်ဆက်သည်ကို လက်ပြအသိအမှတ်ပြုရသည်။

နိုင်ငံတော်အကြီးအကဲဟောင်းတစ်ဦးကို တိုင်းပြည်က မေ့ပျောက်မပျက် ဆက်လက်ချစ်ခင်နေသည်ကို မြင်ရသောအခါ မုဒိတာပွားရ၏။

ဟိုးတစ်ချိန်စီက အုပ်ချုပ်သူများကို လူရာမဝင်မျိုးဆက်ဟု နာမည်ပေးခဲ့ကြဖူးသည်။ လူထု၏ဆန္ဒကို မငဲ့ကွက်ဘဲ ထင်ရာစိုင်းကာ အာဏာ အလွဲသုံးစားမှုများ၊ ဖိနှိပ်အနိုင်ကျင့်မှုများကြောင့် ထိုပုဂ္ဂိုလ်များ အုပ်ချုပ်နေစဉ်ကာလအတွင်းသာ သည်းခံဆက်ဆံရသော်လည်း ထိုရာထူးအာဏာများ စွန့်လွှတ်ရချိန်တွင်တော့ လူထုကြား သွားလာလှုပ်ရှားဖို့ နေရာမရဖြစ်ကြရတော့သည်။ ထိုပုဂ္ဂိုလ်များ၏ အပြစ်မဲ့သော မျိုးဆက်သည်ပင် လူတောမတိုးအောင် ဖြစ်ကြရသည့်အတွက် လူရာမဝင်မျိုးဆက် ဟု ခေါ်ကြရခြင်းဖြစ်သည်။

သို့သော် လူထုက ရွေးချယ်သည့် အစိုးရ ပီပီပြင်ပြင်ဖြစ်လာပြီး လူထု၏ဘဝကို ကိုယ်ချင်းစာ ဖြေဟွှစိုရ်ဖြင့် အုပ်ချုပ်သည့် ဓမ္မရာဇာဒီမိုကရေစီက လူရာမဝင်မျိုးဆက်ကို အစတုံးစေခဲ့ပြီဖြစ်သည်။ ရွှေပြည်ကြီးတွင် ငရဲနှစ် ဆယ်စုနှစ်ပေါင်းများစွာကြာမှ ပထမဆုံးကြားခဲ့ရသော ကောင်းမွန်သောအုပ်ချုပ်မှု (Good Governance)နှင့် သန့်ရှင်းသော အစိုးရ (Clean Government)ဆိုသော ဝေါဟာရများက ဆိုင်းဘုတ်ချိတ်သည့် အဆင့်ကို ကျော်လွန်ကာ တိုင်းပြည်၏ နှလုံးသားထဲ လေးနက်စွာ စိမ့်ဝင်ခဲ့လေပြီ..။

(၁၂)

မိတ်ဆွေရဟန်းတော် တည်းခိုနေထိုင်ရာ သာသနဝိဇ္ဇာလယ (Sasana University) မုခ်ဦးသို့ ရောက်လာသည်။

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ဟူသော ရှည်လျားထွေပြားသည့် ဆိုင်းဘုတ်ကြီး မရှိတော့သည်ကို သတိပြုမိ၏။ သက္ကရာဇ်နှစ်ထောင်ပြည့်ကာလများတွင် များသောအားဖြင့် ရွှေပြည်ကြီး၏ အသင်းအဖွဲ့များ၊ ကျောင်းများ၊ ကောလိပ်တက္ကသိုလ်များသည် နိုင်ငံတော်၊ အပြည်ပြည်ဆိုင်ရာ၊ နိုင်ငံတကာ၊ ကမ္ဘာဆိုသော ရွှေရောင်စကားလုံးကြီးများဖြင့် ကြွားလုံးထုတ်လေ့ရှိ၏။ ကမ္ဘာ့အမြင် မရှိသောကြောင့် ထိုသို့သုံးနှုန်းခဲ့ခြင်းဖြစ်ကြောင်း ပွင့်လင်းမြင်သာသော တံခါးဖွင့် ခေတ်ပြောင်းချိန်တွင် သိလာကြ၏။

ကမ္ဘာကျော် ဟားဗဒ်၊ ယေးလ်၊ ကိန်းဗရစ်ချ်နှင့် အောက်စ်ဖို့ တက္ကသိုလ်ကြီးများက ပညာသင်လာကြသော ခေတ်မီရဟန်းတော်များက နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၏ ပညာရေးတာဝန်များကို လွှဲပြောင်း ရယူကြလေသည့်အချိန်မှစ၍ ဆိုင်းဘုတ်နှင့်တကွသော အရာရာ ပြောင်းလဲ ဆန်းသစ်ရေးကို အကောင်အထည် ဖော်ခဲ့ကြလေသည်။

ဘယ်လောက်များ ရိုးရှင်းလိုက်ပါသလဲ..

ပါဠိဘာသာဖြင့် သာသနဝိဇ္ဇာလယ........။

မြန်မာလို သာသနာ့တက္ကသိုလ်....။

ဉည်ကျောင်းဆောင် သတင်းကောင်တာတွင် အခန်းနံပါတ်ကို စုံစမ်းရ၏။

"မင်္ဂလာပါ ဘန္တေကြီး.....။"

သူ့နောက်တွင် အဆင်သင့်ရောက်နေသော မိတ်ဆွေရဟန်းတော်က ပုခုံးကို ပုတ်သည်။

"အို ဟိုး ဂုရုကြီး....။"

သူ ပျော်သွားသည်။ သာသနာ့တက္ကသိုလ် နောက်ဆုံးနှစ်အပြီးတွင် နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြု တစ်နှစ်တည်း သွားခဲ့ဖူးသည့် မိတ်ဆွေရဟန်းကို နှစ်အတန်ကြာ ကွဲကွာနေရာက ပြန်တွေ့ရခြင်း ဖြစ်သည်။

မိတ်ဆွေရဟန်းတော်က နယ်စပ်နှင့်တောင်တန်း သာသနာပြုဌာနတွင် ဆက်လက်တာဝန်ထမ်းခဲ့သည်။ သူကတော့ ကမ္ဘာပတ်လည် ရက်ရှစ်ဆယ် လုပ်နေခဲ့သည်..။

မိတ်ဆွေရဟန်းတော်က အခြားသာသနာပြု ရဟန်းတော်များနှင့် စည်းရုံးပူးပေါင်းကာ တိုင်းရင်းသားဘာသာစကားနှင့် သာသနာပြု သုတေသနဌာနကြီး ပေါ်ပေါက်လာအောင် ဆော်ဩခဲ့သည်။ သံဃာ့မဟာထေရ်ကြီးများ နားပေါက်အောင် လျှောက်ထားခဲ့သည်။ သာသနာရေးဝန်ကြီးဌာနက အတည်ပြု ဖွဲ့စည်းရသည်အထိ အောင်မြင်ခဲ့သည်။

သူတို့ သာသနာ့တက္ကသိုလ် လေးနှစ်ပြည့်၍ သာသနာပြု နှစ်နှစ်တာ သွားခဲ့ရစဉ်က မည်သည့်ဒေသသို့ သွားရမှန်းမသိ၊ မည်သည့်တိုင်းရင်းသားတို့ကို သာသနာပြုရမည်မသိ..။ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံစသည် ဘာဆို ဘာမှမသိဘဲ မျက်ကန်းသာသနာပြုကြီးများ အဖြစ် သွားခဲ့ရခြင်းဖြစ်သည်..။

(၁၃)

၂၀၁၄ ခုနောက်ပိုင်းတွင် တိုင်းရင်းသား ဘာသာစကားနှင့် သာသနာပြုသုတေသနဌာနကြီးများ မန္တလေးနှင့် ရန်ကုန်သာသနာ့တက္ကသိုလ်ကြီးများနှင့် တွဲဖက်ကာ ပေါ်ပေါက်လာခဲ့သည်။ သာသနာပြုရဟန်းတော်များအနေဖြင့် မိမိတို့ ကြွရောက်မည့် ဒေသပထဝီဝင်၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ဘာသာစကားကို အထူးပြု သင်ယူကြရသည်။

သာသနာပြုရဟန်းတော်များ၏ အတွေ့အကြုံနှင့် အတွေးအမြင်များကို အခြေခံသော သုတေသနစာတမ်းများစွာ ပေါ်ထွက်လာသည်။ သာသနာပြုရဟန်းတော်များ အချင်းချင်း အမြင်ဖလှယ်ရသော ဆီမီနာများ မပြတ်ကျင်းပပေးသည့်အတွက် အရည်အသွေးပြည့် သာသနာပြုမျိုးဆက်ကို မွေးထုတ်ပေးနိုင်ခဲ့လေပြီ။

မိတ်ဆွေရဟန်းတော်က အမေရိကန်ပြည်ထောင်စု၊ ပင်ဆယ်ဗေနီးယားပြည်နယ်၊ ဖီလာဒဖီးယားမြို့၊ တင်ပယ်လ် တက္ကသိုလ်တွင် ကျင်းပသော ဘာသာရေး ဒိုင်ယာလော့ခ်တက်ရောက်ပြီး ပြန်လာခဲ့ကြောင်း ဝေဝေဆာဆာ ရှင်းပြနေသည်။

ထိုတက္ကသိုလ်ကြီးက မိတ်ဆွေပါမောက္ခကြီး မစ္စတာဆွဒ်လာနေကောင်းပါရဲ့လော စောကြောရသည်။ မိတ်ဆွေ ပါမောက္ခကြီးက ရွှေပြည်ကြီးသားတစ်ဦး ဘာသာပြန်သော သစ္စာရှာဖို့ မြင်းစီးသူ စာအုပ်၏ မူရင်းကျမ်းကို တည်းဖြတ်ခဲ့သူ ဖြစ်သည်။

ရွှေပြည်ကြီးသို့ အလည်အပတ်လာရောက်စဉ်က ဘာသာတရားများကြား ချစ်ကြည်ငြိမ်းချမ်းရေးအတွက် အမြဲတွေ့ဆုံရေးနှင့် ဓမ္မဖလှယ်ရေးကို တိုက်တွန်းခဲ့ဖူးသည်။

ထိုစဉ်က တံခါးမပွင့်သေးသည့်အတွက် မဆောင်ရွက်နိုင်ခဲ့ပေ..။

ယခုတော့ ရွှေပြည်ကြီးသည် ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းထဲ လူရာဝင် ထင်ပေါ်လာသည်နှင့်အမျှ ကမ္ဘာ့ဘာသာတရား အဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်သာသနာပြုနိုင်ခဲ့ပြီဖြစ်သည်။

ဝါရှင်တန်ဒီစီ၊ သမ္မတအိမ်ဖြူတော်သို့ သံဃမဟာထေရ် ကြွရောက်စဉ်က မြက်ခင်းပြင် ဩဝါဒချီးမြှင့်ရာတွင် ပဏ္ဍာသမဏအဖြစ် လိုက်ပါရသောသူက ဘာသာပြန်ပေးခဲ့ရသေးသည်။

ဆွစ်ဇာလန်နိုင်ငံ၊ အဲလ်ပ်စ်တောင်တန်းဒေသ၊ ဒါဗို့စ်မြို့လေးတွင် ကျင်းပသော ကမ္ဘာ့စီးပွားရေးဖိုရမ်ကြီးတွင် ရွှေပြည်ကြီးမှ ကမ္မဋ္ဌာန်းနည်းပြဆရာတော်များကို အလှည့်ကျ ပင့်ဖိတ်ကာ စိတ်ငြိမ်းချမ်းရေးပို့ချချက်ကို နာယူနေကြလေပြီ။

(၁၄)

သူတို့ငယ်စဉ် ရဟန်းပျိုဘဝက ခေတ်စားခဲ့သော ပြည်တွင်းပြည်ပ သာသနာပြုဝေါဟာရ၏ အဓိပ္ပါယ်သည် အသွင်တစ်မျိုး ဖြစ်သွားလေပြီ။

ယခင်က ပြည်တွင်းသာသနာပြုဆိုလျှင် ဗုဒ္ဓဘာသာ ခံယူကိုးကွယ်ပြီးသော ဒကာ၊ ဒကာများ၏ သာရေးနာရေးကြွခြင်း၊ တရားပွဲများ ဟောကြားခြင်း၊ ရိပ်သာတရားစခန်း ဖွင့်ခြင်းမျိုးကို ဆိုလိုသည်။ ပရိယတ္တိစာပေကို ခြိုးခြံစွာ သင်ယူပို့ချနေသော ကျောင်းတိုက်ကြီးများကလည်း ဆိုင်းဘုတ်သာသနာကို ရှက်နိုးတော်မူကြသဖြင့် တီးတိုးသီတင်းသုံးကာ မိမိတို့အလုပ်ကိုသာ အားစိုက်ထုတ်တော်မူကြမြဲဖြစ်သည်။

ဗုဒ္ဓဓမ္မမထွန်းကား မသီးပွင့်သော နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုလုပ်ငန်းများက အစပျိုး အားယူရဆဲကာလမို့ အခက်အခဲများစွာ ရှိခဲ့သည်။

လမ်းပန်းဆက်သွယ်ရေး ဝေးလံခေါင်းပါးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု မရနိုင်ခြင်းနှင့် လာဘာသက္ကာရ အခွင့်အလမ်း နည်းပါးလှသော သာသနာပြုခရီးကို လက်တွန့်ခဲ့ကြဖူးသည်..။ ခုတော့ တောင်တန်းမြေပြန့် မကွဲပြားတော့ပြီ။ ချင်း၊ ရှမ်း၊ နာဂနှင့် လာဟူစသော တိုင်းရင်းသားတို့၏ တောင်တန်းများဆီ လေးလမ်းသွား ဥမင်လိုဏ်လမ်းမကြီးများဖြူးနေလေပြီ။ အဆင့်တန်းမြင့်မားလှသော လမ်းတံတားများကို အသင့်ခင်းထားပြီးလေပြီ။

ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ တောင်တန်းတစ်နေရာတွင် ဖောက်လုပ်ထားသော ၂၄ ထပ်ကွေ့သည် နာမည်ကျော်၏။ နိုင်ငံတကာမှ စက်ဘီး စီးလာရောက်ကြသူများဖြင့် စည်းကားလှသည်။

လွန်ခဲ့သော နှစ်များစွာက မိုးရာသီတွင် တစ်လကြာအောင် ခက်ခဲစွာ သွားခဲ့ရသော တောင်ကြီးကျိုင်းတုံလမ်းကြီးသည် ရာသီမရွေး သွားနိုင်ပြီ။

နည်းပညာမြင့်မားလှသော ရွှေပြည်ကြီးသား အင်ဂျင်နီယာတို့၏ အားထုတ်မှုဖြင့် ဆွစ်အဲပ်စ်တောင်တန်းများကို ဖြတ်သန်းစဉ်က ခံစားခဲ့ရသော လမ်းခရီး ချောမွေ့မှုအရသာကို တိုင်းရင်းသားတို့၏ တောင်ခိုးဝေဝေ သွေးချင်းမြေမှာလည်း ခံစားနိုင်ကြပေပြီ..။

(၁၅)

"ဘန္တေကြီးရဲ့တပည့် ဗုဒ္ဓသာဝိကာမလေး မစ္စကလော်ဒီယာကို အမှတ်ရသေးရဲ့လား.."

"မှတ်မိပါသော်ကော ငါ့ရှင်ရယ်..။ သာဝိကာမလေး မဟုတ်ပေဘူး သာလိကာမလေးပေပဲ..။"

"အဲဒီကလေးမနဲ့ ပင်ဆယ်ဗေးနီးယားဘာသာရေး ဒိုင်ယာလော့ဂ်မှာ တွေ့ခဲ့တယ်..။ အမယ် ခမ္မနဲ့ ပတ်သက်ရင်တော့ ကလေး မဟုတ်တော့ဘူး...။ ချက်ကျလက်ကျ ဆွေးနွေးသွားတာတွေ သိပ်ကောင်းတယ်..။ ဘာသာရေးဆိုတာကို ကမ္ဘာ့ဂီတ အမျိုးအစားတစ်ခုလောက်သာ ကျမတို့ နှလုံးသားမှာ နေရာပေးနိုင်ရင် ဘယ်လောက်ကောင်းမလဲတဲ့...။"

၂၀၁၅ ခုနှစ်ဆီက ဂျာမဏီနိုင်ငံတွင် သာသနာပြုလျက်ရှိသော မိတ်ဆွေမြန်မာရဟန်းတော် အရှင်ကုသလသာမိ၏ ဖိတ်ကြားမှုဖြင့် ဖရိုင်းဇင်းမြို့လေးရှိ သာရိပုတ္တအင်စတီကျူ့သို့ ဓမ္မစာပေပို့ချရန် သူ ရောက်ရှိခဲ့စဉ် ကလော်ဒီယာဆိုသော ကလေးမနှင့် ဆုံခဲ့ရခြင်းဖြစ်သည်။

မိတ်ဆွေရဟန်းတော် အရှင်ကုသလသာမိ၏ သာသနာပြုကျောင်းလေးက အေးချမ်းလှသည်။ ဓမ္မအရိပ်အငွေ့ကိုလည်း ခံစားရ၏။ ဗုဒ္ဓသာဝကရဟန်းများတို့ နေထိုင်သီတင်းသုံးလျက်ရှိသော ကျောင်းဝိဟာ၏ ဆိတ်ငြိမ်ခြင်းသဘောကိုလည်း သိမြင်နိုင်၏။ အရှင်ကုသလသာမိက ဂျာမန်ရဟန်းတော်ဖြစ်သူ အရှင်ဌိတဓမ္မောနှင့်အတူတူ ဂျာမဏီနိုင်ငံတွင် ဗုဒ္ဓဓမ္မပြန့်ပွားရေး အားထုတ်နေသည်။ အာရှ၏ တန်ဖိုးအချို့ကို မိတ်ဆက်ပေးဖို့ ကြိုးစားသည်။

ပိဋကတ်စာရိက ဆွမ်းခံကျင့်ဝတ်ကတော့ အနောက်တိုင်းတွင် အောင်မြင်ဟန်မတူ..။

ဗုဒ္ဓအရှင်သည်ပင် မျက်စိကြီးနားကြီးသော အနောက်တိုင်းတွင် ဘာကြောင့်မပွင့်သလဲ ဟူသော မေးခွန်းကို သာသနဒ္ဓတက္ကသိုလ် ပါမောက္ခဆရာကြီး ဦးဌေးအောင်က တွေးခေါ်စဉ်းစားပြဖူး၏။ ဘာသာစကား (Language)နှင့် ဓလေ့ထုံးစံ (Custom) အခြေခံအချက်နှစ်ချက် ပြည့်စုံသည့် နေရာတွင်သာ ဘုရားရှင်တို့ ပွင့်ပေါ်ရသည် ဟု ဆရာကြီးက ရှင်းပြသည်။

မဇ္ဈိမဒေသတွင် ဗုဒ္ဓမပွင့်မီကပင် သံသရာ ယုံကြည်မှု၊ ကံ ကံ၏ အကျိုးကို လက်ခံခြင်းနှင့် ဈာန်တရားအဆင့်ဆင့် ကျင့်စဉ်များ ရှိနေသည့်အတွက် ထိုနယ်ပယ်များနှင့် ပတ်သက်သော သံသာရ၊ ကမ္မ၊ ဈာနစသော လောကုတ္တရာကို အခြေခံနိုင်သည့် ဘာသာစကား ရှိနေသည်။ အနောက်တိုင်းတွင် နောင်တမလွန်ဘဝကို မယုံကြည်သူများ ယနေ့တိုင်အောင် ရှိနေသည်။

အိန္ဒိယလူ့အဖွဲ့အစည်းတွင် အာဂါရိက (အိမ်ရာထောင်သူ) များက အနာဂါရိက(အိမ်ရာမထောင်သူ ရသေ့ရဟန်းများကို လေးစားမြတ်နိုးမှု၊

ပစ္စည်းလေးပါးထောက်ပံ့မှုမျိုးကို ဘုရင်မင်းမြတ်များကပင် ယုံကြည်စွာ အားပေးဆောင်ရွက်ကြသည်။ အနောက်တိုင်း လူ့အဖွဲ့အစည်းက ဒိုင်အိုဂျင်းနိစ်လို ပုဂ္ဂိုလ်မျိုးကို လှောင်ပြောင်သရော်လေ့ရှိသည်။ အချောင်သမားဟု ရယ်သွမ်းသွေးလိုကြသည်။

ထို့ကြောင့် ဗုဒ္ဓအရှင်မြတ်က သံသရာ၊ ကမ္မသကတာသမ္မာဒိဋ္ဌိနှင့် ဈာန်တရားဟူသော လောကီထက်မြင့်မားသော လောကုတ္တရာတရားကို ဟောကြားရန် ဘာသာစကား အဆင်သင့်ရှိပြီးဖြစ်ကာ သံဃာ့အဖွဲ့အစည်းကြီးကို အထောက်အပံ့ပေးနိုင်သည့် ဓလေ့ထုံးတမ်းထွန်းကားနေပြီးသော မဇ္ဈိမဒေသကိုသာ ရွေးချယ်တော်မူရသည် ဟု ဆရာကြီးက ဗုဒ္ဓဘုရားရှင်၏ ကာလဒေသရွေးချယ်မှုအကြောင်း လင်းပြခဲ့ဖူးသည်။

မိတ်ဆွေရဟန်းတော် အရှင်ကုသလသာမိက ယဉ်ကျေးမှုမှတဆင့် ဓမ္မကို ဖြန့်ဝေရန် ကြိုးစားနေသည်။ ဆွမ်းလောင်းသည်ဖြစ်စေ မလောင်းသည်ဖြစ်စေ သပိတ်ခွက် လက်ဆွဲထားသော ရဟန်းတစ်ပါး၏ အသွင်အပြင်က အနောက်တိုင်းသားတို့ အမြင်တွင် ဆန်းနေပါလိမ့်မည်။ သို့အတွက် မေးခွန်းများ ထွက်ကျလာလျှင် အဖြေပေးဖို့ အဆင်သင့် ပြင်ထားခြင်းဖြင့် ဓမ္မကို မိတ်ဆက်ပေးနိုင်မည်ဟု ယုံကြည်နေခြင်းဖြစ်သည်။

များသောအားဖြင့် မြန်မာရဟန်းတော်တစ်ပါး၏ ပြည်ပသာသနာပြု လုပ်ငန်းဆိုသည်က မြန်မာမှုပြန့်ပွားအောင် လုပ်နိုင်ခြင်း၊ မြန်မာ့ယဉ်ကျေးမှုကို မိတ်ဆက်ပေးခြင်းမျိုးထက် မပိုဟု သာသနာပြုသုတေသီအချို့က ဆိုဖူးသည်။ အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂန်မြို့တွင် အခြေချသာသနာပြုတော်မူခဲ့ပြီး ထိုမြို့မှာပင် ခေါင်းချသွားတော်မူခဲ့သော ဒေါက်တာအရှင်ရေဝတဓမ္မက မြန်မာမှုပြုခြင်းထက် ပိုသော သာသနာပြုလေ့ကားထစ်များဆီ တက်လှမ်းရမည် ဟု အဆိုပြုခဲ့ဖူး၏။

ယခင်က ရွှေပြည်ကြီးသားရဟန်းတော်တို့၏ အတ္ထုပ္ပတ္တိစာမျက်နှာတွင် ကမ္ဘာ့သာသနာပြုဟူသော ရွှေရောင်စာလုံး ထင်ထင်ကြီးရေးထွင်းလေ့ရှိသည်ကို ဖူးမြော်ရတတ်၏။ ရေကြည်ရာ မြက်နုရာ ရွှေမြန်မာအများစု နေထိုင်ရာသို့ ကြွရောက်လည်ပတ်ခြင်းမျိုး၊ ပြည်ပ

ရောက် အမျိုးအရင်းကြီးများ၏ သာရေးနာရေးပွဲများ တက်ရောက်ခြင်း၊ ပြည်ပတွင် မြန်မာ့အသွေး၊ မြန်မာ့အနံ့ကို မမေ့လိုသူတို့ စုပေါင်းအလှူငွေ ကောက်ခံတည်ထောင်သည့် ကျောင်းတိုက်များတွင် ရှာဦးဘုန်းတော်ကြီး ကျောင်း လုပ်ငန်းများ ပြောင်းရွှေ့ဆောင်ရွက်ခြင်းမျိုးသည်လည်း ကမ္ဘာ့ သာသာပြု ခေါင်းစဉ်အောက်တွင် ထည့်သွင်းနိုင်ပေသည်။

(၁၆)

တစ်ချိန်တစ်ခါဆီက ပြည်ပသာသနာပြုလုပ်ငန်းကို ဘဝစွန့် ဆောင်ရွက်တော်မူခဲ့ကြသည့် မြန်မာ့ဥသျှောင်ဆရာတော်ကြီးများ ထွန်း ကားခဲ့သော်လည်း လက်ဆယ်ချောင်းထက် မပိုခဲ့..။ ဆရာတော် အရှင် အာဒိစ္စဝံသ၊ အရှင်သေဋ္ဌိလ၊ မဟာစည်ဆရာတော်တို့မှသည် ယနေ့ခေတ် ပီနန်၊ ချမ်းမြေ့၊ ရွှေတောင်ကုန်း၊ ဖားအောက်တောရနှင့် သီတဂူစသော ဆရာတော်ဘုရားတို့လက်ထက်တိုင် ပြည်ပသာသနာပြုလုပ်ငန်း ထိ ရောက်မှု ရှိမရှိနှင့် ပတ်သက်၍ ပြုပြင်မွမ်းမံဖွယ်၊ သုတေသနပြုဖွယ် များစွာကို သာသနာပြုညီလာခံများတွင် တင်ပြဆွေးနွေးခဲ့ကြ၏။

ညီလာခံတစ်ခုတွင် လူပုဂ္ဂိုလ်သာသနာပြုဖြစ်သည့် ဂုရုကြီး ဆတျနာရာယန်း ဂိုအင်ကာ၏ ဝိပဿနာစင်တာများ ကမ္ဘာအနှံ့ ပြန့်ပွား အောင်မြင်နေခြင်းနှင့် ပတ်သက်၍ ဆရာတော်လေးတစ်ပါးက သုံးသပ် တင်ပြ လျှောက်ထားခဲ့၏။

"ဂုရုကြီးဂိုအင်ကာက လူ့ဘဝမှာ အောင်မြင်တဲ့ စီးပွားရေး လုပ်ငန်းရှင်ကြီး တစ်ဦးလေ..။ သူ့ရဲ့ ကုန်ပစ္စည်းတွေ ဘယ်လိုအောင်မြင် အောင် ဖြန့်ရမလဲဆိုတာ ကောင်းကောင်းနားလည်တယ်..။ ပြီးတော့ တရားဟောဖို့ ပလ္လင်မရှာဘူး..။ ကိုယ်တိုင်ဖန်တီးတယ်..။ အရာကျဉ်းကျဉ်း နဲ့ အရေးကျယ်အောင် ကြိုးစားတယ်။ အရှင်ဘုရားတို့ သိတဲ့အတိုင်း တပည့်တော်တို့ ဘုန်းတော်ကြီးတွေက သူတစ်ပါး အဆင်သင့် ချက်ပြီး သား ဆွမ်းကိုသာ လိုက်လံအလှူခံတတ်တဲ့ ငယ်ဖြူရဟန်းတော်တွေ လေ..။ ပြီးတော့လည်း မွေးရာပါ သာသနာထွန်းကားတဲ့ နိုင်ငံလူမျိုးတွေရဲ့

အလယ်မှာ ကြီးပြင်းလာရတော့ အခွင့်ထူးခံစိတ်လေးက မသိမသာ ပါနေတယ်..။ ပလ္လင်မမြင့်ရင် တရားမဟောချင်တဲ့ ဥာဉ်လေး ရှိနေတယ်..။ အဆင်သင့် ပစ္စည်းလေးပါး ချောမွေ့နေတဲ့ နေရာမှာပဲ နေခဲ့ရတော့ စဦးတီထွင်စွန့်စားရမှာတွေအတွက် လေ့ကျင့်ပေးထားတာမျိုးလည်း မရှိဘူးလေ။ ဆရာကြီးဦးဂိုအင်ကာက ဖြန့်ဝေခြင်း (Distribution)မှာ ကျွမ်းကျင်တယ်..။ တပည့်တော်တို့ ဘုန်းတော်ကြီးတွေက အဆင်သင့် ကောက်ယူခြင်း (Collection)နယ်ထဲက မထွက်နိုင်ဘူး..။ အဲဒီမှာ သာသနာပြုလုပ်ငန်း တွင်ကျယ်မှု၊ မတွင်ကျယ်မှု ကွာဟချက် ဖြစ်လာတယ်..။"

"နောက်တစ်ခုက ဦးဂိုအင်ကာရဲ့ သာသနာပြုနည်းတွေထဲမှာ ဗုဒ္ဓဘုရားရှင်ရဲ့ မဟာဗျူဟာမြောက်နည်းလမ်းတွေကို တိုက်ရိုက်အသုံးပြုတာ တွေ့ရတယ်..။ ဗုဒ္ဓအရှင် ပထမဆုံးမိဂဒါဝုန်မှာ ဝါဆိုတော့ သာသနာပြု ရဟန်းတော် အပါးခြောက်ဆယ်ကို စည်းရုံးနိုင်ခဲ့တယ်..။ သီတင်းဝါလကျွတ်တဲ့အချိန် အဲဒီရဟန်းတော်အပါးခြောက်ဆယ်ကိုပဲ သာသနာပြု စေလွှတ်တော်မူတာပဲ..။ ဆိုလိုတာက သင့်တော်သူကို ထိုက်တန်တဲ့နေရာပေးတတ်တဲ့ ခေါင်းဆောင်မှုအရည်အသွေး သမာနတ္တတာ စွမ်းရည်ကို ဗုဒ္ဓအရှင် အသုံးချတာ..။ မိဂဒါဝုန်မှာ ပဥ္စဝဂ္ဂီငါးဦးဆိုတဲ့ ပါမောက္ခဟောင်းကြီးတွေနဲ့ ယသသတို့သားနဲ့ မိတ်ဆွေစီးပွားရေးလုပ်ငန်းရှင် (၅၅)ဦးပါဝင်တဲ့ သံဃာ့အဖွဲ့အစည်းကြီးကို သာသနာပြု အရည်အသွေးမြင့် ဓမ္မသင်တန်း ပေးတော်မူခဲ့သလို သာသနာပြု ရဟန်းတော်များအဖြစ်လည်း ယုံယုံကြည်ကြည် နေရာပေးတော်မူခဲ့တာပဲ..။

ချစ်သားတို့ လောကအကျိုးစီးပွား၊ လောကချမ်းသာအတွက် ခရီးထွက်ကြ၊ တရားဓမ္မကို ဟောကြ.. တဲ့..။ သာသနာပြုလုပ်ငန်းရဲ့ ရည်မှန်းချက်ကို ချမှတ်ပေးတော်မူတာ..။ ပြီးတော့ လမ်းကြောင်းတစ်ခုကို နှစ်ပါးမသွားနဲ့ တဲ့..။ နည်းနည်းနဲ့ ကြဲကြဲဝိုင်းလိုက်တာ ပြီးတော့ သာသနာပြု ရဟန်းတော်တွေရဲ့ တစ်ပါးချင်းစီ အရည်အသွေးကို ယုံကြည်စွာ နေရာပေးတော်မူတာ အထင်အရှား တွေ့ရတယ်..။ ငါကိုယ်တော်လည်း တစ်ပါးတည်း ကြွမယ် တဲ့..။ တပည့်တွေကို နောက်မှာထားပြီး ခပ်ကြွားကြွား

ကြွတော်မူခဲ့တာ မဟုတ်ဘူး..။ စုပေါင်းအင်အားကို ပြတော်မူခဲ့တာ..။ ဦးဂိုအင်ကာက သူ့ရဲ့ ဓမ္မဂီရိရိပ်သာ (Dhammagiri Meditation Center)နဲ့ ဝိပဿနာ သုတေသနဌာန (Vipassana Research Institute) ကို ရောက်လာတဲ့ ယောဂီတွေကို သေသေချာချာ လေ့ကျင့်ပေးတယ်..။ ပြီးတော့ စိတ်ချရတဲ့ တပည့်တွေကို ဆရာဖြစ် သင်တန်းဆင်း လက်မှတ်ပေးလိုက်တာ..။ သူတစ်ဦးတည်း ဆရာကြီး လုပ်မထားဘူး..။ ဗုဒ္ဓရဲ့ သာသနာပြု မဟာဗျူဟာဖြစ်တဲ့ သမာနတ္တတာသင်္ဂဟတရားကို ပိုင်ပိုင်နိုင်နိုင် ကျင့်သုံးလိုက်နာတာ..။"

(၁၇)

အရှင်ကုသလာသမိ၏ သာရိပုတ္တအင်စတီးကျူးတ် စာသင်ခန်းလေးတွင် တွေ့ခဲ့ရသော ဆယ်ကျော်သက် အထက်တန်းကျောင်းသူလေးမှုသာဖြစ်သော ကလော်ဒီယာက ဗုဒ္ဓအရှင်၏ ကရုဏာနှင့် ပညာကို ယုံကြည်သည်။ သူမနှင့် ခေတ်ပြိုင်ဖြစ်သော ဂီတကို စိတ်ဝင်စားသည်.။ ဂျပ်စတင်ဘီဘာသီချင်း နားထောင်သည်။

မူစလင်သူရဲကောင်းမလေး မာလာလာအကြောင်း စိတ်လှုပ်ရှားစွာ ပြောတတ်သည်။

ရွှေပြည်ကြီးတွင် ပွက်ပွက်ထလေ့ရှိသော ပဋိပက္ခမီးတောက်များကို နှာခေါင်းရှုံ့ချင်သည်။

"ငြိမ်းချမ်းရေးအတွက် ပွင့်ထွန်းပေါ်ပေါက်လာတယ်ဆိုတဲ့ ဘာသာတရားတွေရဲ့ အစွန်းမှာ ဘာဖြစ်လို့ မီးစတွေ ထွက်နေရတာလဲ အရှင်"ဟု သူမက စူးစမ်းသည်။

ဘာသာတရားဆိုသည်က မငြိမ်းချမ်းမညီညွတ်သော ကမ္ဘာမြေကို ငြိမ်းချမ်းညီညွတ်အောင် လူသားတို့၏ စိတ်နှလုံးများကို စည်းရုံးဖို့သာ ဖြစ်ကြောင်း၊ ကမ္ဘာ့မြေပုံကြီး ရှေ့မှာချကာ လူဦးရေ လုပွဲကြီး ဆင်နွှဲဖို့ မဟုတ်ကြောင်း ရွှေပြည်ကြီးသား ဆရာတော်ကြီးတစ်ပါး၏ ဩဝါဒကို ကိုးကားကာ သူ ဖြေဆိုပြရသည်။ ထိုကဲ့သို့ စိတ်နှလုံးစည်းရုံးရေးထက်

လူဦးရေလှ လာကြသောအခါ ကမ္ဘာမြေသည် အဒေါ်ဟစ်တလာရှေ့က မြေပုံကားချပ်လိုပင် အန္တရာယ်များလှကြောင်း ရှင်းပြရသည်။

"ဂျပ်စတင်ဘီဘာ ဘာသာရေး" (justin bieber Religion) ဆိုသော စကားလုံးကို သူ သုံးလိုက်သောအခါ မျက်လုံးအဝိုင်းသားဖြင့် ကလော်ဒီယာက မော့ကြည့်သည်။

"ဂျပ်စတင်ဘီဘာကို ကလော်ဒီယာကြိုက်သလို ကလော့်ဒီယာနဲ့ ဘာသာအယူဝါဒမတူတဲ့ သူငယ်ချင်းတွေလည်း လက်ခံနှစ်ခြိုက်ကြတယ် မဟုတ်လား..။ ကိုယ်အားပေးတဲ့ အဆိုတော်လေးရဲ့ ဓါတ်ပုံလေးတွေ အမှတ်တရ ပစ္စည်းလေးတွေ သိမ်းသိမ်းထားတတ်ကြတာ သတိထားမိတယ်..။ ဘာသာတရား မတူကြပေမယ့် ဂျပ်စတင်ဘီဘာကို ကြိုက်တာချင်း တူကြတယ် မဟုတ်လား..။ ဂျပ်စတင်ဘီဘာရဲ့ သီချင်းတွေကို နားထောင်ကြတယ်လေ..။ ဂျပ်စတင်ဘီဘာဟာ ဘယ်ဘာသာကိုးကွယ်တယ်ဆိုတာ မေ့နေကြတယ်..။ သူ့ရဲ့ ဂီတကိုပဲ အားပေးကြတယ်...။

အဲဒီလိုမျိုး ကလော်ဒီယာရဲ့ ရင်ထဲမှာ အခြားဘာသာရေးခေါင်းဆောင်တွေကို နေရာပေးဖူးသလား..။ သူတို့ဟောတဲ့ တရားတွေကို မနှစ်ခြိုက်ပေမယ့် လူတွေအများကြီးကို ဦးဆောင်စည်းရုံးနိုင်တဲ့ ခေါင်းဆောင်အဖြစ်နဲ့ လေးစားပေးလို့ မရဘူးလား..။

သောမတ်စ်အက်ဒီဆင်ကို လျှပ်စစ်မီး တီထွင်လို့ လေးစားတယ်။ အိုင်းစတိုင်းကို နှိုင်းရသီဝရီနဲ့ အနုမြူဗုံးရည်ကြောင့် နေရာပေးတယ်.။ အိုမာခယမ်ကို ကဗျာတွေကြောင့် ချစ်ကြတယ်..။ သူတို့ရဲ့ ပုံတွေ ပန်းချီကားချပ်တွေကို အိမ်တွေမှာ ဧည့်ခန်းတွေမှာ ချိတ်ဆွဲကြတယ်..။ ကဲပါကွယ်... ဘာသာရေးခေါင်းဆောင်တွေကို ကလောဒီယာတို့ ချစ်ကြတဲ့ ဂျပ်စတင်ဘီဘာလောက် နေရာပေးနိုင်ရင် ကမ္ဘာမြေကြီးမှာ ဖြစ်ပွားနေတဲ့ ဘာသာရေးဆိုင်ရာ မီးတောက်တွေ ငြိမ်းသွားမှာပေါ့ကွယ်..။"

(၁၈)

မိတ်ဆွေရဟန်းတော်နှင့် နိုင်ငံတကာ ဓမ္မရေးရာများအကြောင်း စကားလက်ဆုံကျနေသည်မှာ မည်မျှကြာသွားလေသည်မသိ..။ မိုဘိုင်းလ်

ပြက္ခဒိန်အချက်ပြစနစ်ကြောင့်သာ နှုတ်ဆက်ခွန်းချိုရတော့သည်။ ကြည့်မြင်တိုင် ကမ်းနာလမ်းရှိ ရွှေတိုင်ညွှန့်စာကြည့်တိုက်တွင် ကျောင်းသားငယ်တစ်စုနှင့် ချိန်းဆိုမှု ရှိနေသည်။

မိတ်ဆွေရဟန်းတော်က ကိုယ်တိုင်အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားသော ကျမ်းစာအုပ်ကို လက်မှတ်ထိုးကာ မေ့လက်ဆောင် ပေးအပ်သည်။ ရာဇောဝါဒလက်သစ်ကျမ်း ဆိုပါလား..။

ဆွီဒင်နိုင်ငံအခြေစိုက် ကမ္ဘာကျော်ဘွန်ညား (Bonnier) စာအုပ်တိုက်မှ ထုတ်ဝေခြင်းဖြစ်သည်။

မြန်မာရဟန်းတော်တစ်ပါး၏ နိုင်ငံတကာ စာပေဝင်ဆန့်မှုအဖြစ် ဂုဏ်ယူရလေသည်။

"အပျော့ထည်စာအုပ်ကိုတော့ ငါ့ရှင်ရဲ့ မေးလ်ထဲကို ပို့ပေးလိုက်ပါ့မယ်။"

နီကိုလို မက်ခီယာဗယ်လီ၏ ရာဇကုမာရကျမ်း၊ မုံရွေးဆရာတော်ကြီး၏ ရာဇောဝါဒကျမ်း၊ ယောမင်းကြီးဦးဘိုးလှိုင်၏ ရာဇဓမ္မသင်္ဂဟကျမ်းစသော နိုင်ငံရေးဆိုင်ရာ ကျမ်းစာများကို နှိုင်းယှဉ်လေ့လာကာ ခေတ်အဆက်ဆက် ရွှေပြည်ကြီးသားတို့၏ အုပ်ချုပ်ပုံစနစ်အမျိုးမျိုးနှင့်ပတ်သက်၍ မေ့နည်းကျ သုံးသပ်တင်ပြထားသည် တဲ့..။

သို့မဟုတ် သံဝေဂယူခြင်းမျိုးလည်း ဖြစ်နိုင်ပါသတဲ့..။

"လိုသေးလို့လား ငါ့ရှင်ရယ်" ဟု သူက ထေ့ငေါ့မိတော့ "စိတ်အယားပြေပါ ဘဒ္ဒေကြီးရယ်" ဟု ပြုံးမိန့် မိန့်ဆိုလေသည်။

ကမ္ဘာအေးကုန်းမြေ သာသနဝိဇ္ဇာလယ စကြံလမ်းအတိုင်းပဲ ဘတ်စ်ကား နစ်မှတ်တိုင်ခန့် သူ ပြန်လျှောက်လာခဲ့သည်။ ကျယ်လွင့်သောမြက်ခင်းစိမ်းလမ်းကျယ်တွင် သူ့လိုပဲ အေးအေးလူလူ လျှောက်နေကြသူများစွာ ရှိသည်။ ယိုင်နဲ့နေသော ဓါတ်တိုင်များ၊ တွဲရွဲကျနေသော လျှပ်စစ်မီးကြိုးတန်းများ၊ ခနော်ခနဲ့ အုတ်ကျိုးအုတ်ပဲ့များ၊ စည်းကမ်းမဲ့ ဈေးသည်များဖြင့် ရှုပ်ထွေးပွေလီခဲ့ဖူးသော ကမ္ဘာအေးလမ်း မဟုတ်တော့ပြီ။ ဂုံးကျော်တံတားများ၊ မြေအောက်ဖြတ်လမ်းများ ရှိနေသည့်အတွက် ရုတ်ရုတ်သဲသဲလမ်းဖြတ်ကူးဖို့လည်း မလိုတော့..။

စကင်ဒီနေဗီးယန်းနှင့် ဥရောပအနောက်ပိုင်း အိမ်ရာစနစ်ကို တုပထားသော ကမ္ဘာအေးသည် စနစ်ကျနသော လူမှုဘဝကို ဖန်တီးထားသည်။ တဲသာသာ ဘုရားစူးလူနေအိမ်များဖြင့် ပြွတ်သိပ်ညပ်နေသော ရပ်ကွက်များ၊ ရေဆိုးမြောင်း ပီပီပြင်ပြင်မရှိသော လမ်းကျဉ်းများ၊ မိလ္လာစနစ် စံချိန်မမီသော ကျန်းမာရေး အခင်းအကျင်းတို့ဖြင့် ကမ္ဘာအေး ရှိခဲ့ဖူးကြောင်း တပည့်ရှင်ငယ်များကို ပြောပြသည့်အခါ ပစ္စက္ခကမ္ဘာအေးနှင့် အသားကျနေပြီးသော တပည့်ကျော်များက အံ့သြဟန်ဖြင့် သူ့ကို မော့ကြည့်ကြသည်။

ရန်ကုန်မြို့ပြသည် မြေအနေထားကိုလိုက်၍ ကမ္ဘာမြို့တော်များကို တုပခဲ့ရသည့်တိုင် ရွှေပြည်ကြီးသားတို့၏ စိတ်ကူးစိတ်သန်းအသစ်တို့ဖြင့် ကိုယ်ပိုင်ဟန်ထွက်နေသည်။

(၁၉)

ကမ္ဘာအေးဘုရားလမ်းမကြီးပေါ်ရှိ ဘတ်စ်ကားမှတ်တိုင်သို့ သူရောက်လာခဲ့သည်။ ဒစ်ဂျစ်တယ်သင်ပုန်းတွင် ရောက်လာမည့် ဘတ်စ်ကား စာရင်းကို သူဖတ်သည်။ မြေအောက်ရထားစီးလျှင် နှစ်ဆင့်စီးရမည်။ တိုက်ရိုက်ရောက်နိုင်မည့် အမှတ် (၁၉ ) ဘတ်စ်ကားကို စောင့်လိုက်သည်။ ၇ မိနစ်ခန့်စောင့်ပြီးသည်နှင့် ဘတ်စ်ကားပေါ် သူရောက်သွားသည်။ ကားမောင်းသူဘေးရှိ စကင်ဖတ်စက်ရှေ့တွင် သူ့ ခရီးသွားငွေဖြည့်ကဒ်ကို ငေ့ါရမ်းလိုက်သည်။

သမိုင်းမြေအောက်ဘူတာရုံမှ ဝယ်လာသော ရန်ကုန်ပို့စ် သတင်းစာကို ဘတ်စ်ကားစီးရင်း ဖတ်ဖြစ်သည်။ သတင်းထူး မရှိ..။ ထုံးစံအတိုင်း ရွှေပြည်ကြီးသားတို့ အလုပ်မရှိ ကြောင်ရေချိုး သတင်းများသာ ဖတ်ရ၏။ အလုပ်အကိုင် အခွင့်အလမ်းနှင့် လူမှုဘဝလုံခြုံမှု မြင့်မားလာသော တိုင်းပြည်တို့၏ ဓလေ့အတိုင်းပင် ရောဝတီမြစ်ကို ဘယ်နှစ်ကြိမ်မြောက် လက်ပစ်ကူးခြင်း၊ ခါခါဘိုရာဇီတောင်ထိပ်သို့ အထက်တန်း ကျောင်းသူလေးများ တက်ရောက်အောင်မြင်ခြင်း၊ ကိုယ်ပိုင်တီထွင်ထားသော ခေတ်မှီနည်းပညာ

လှေဖြင့် မြန်မာ့ရေကြောင်းသိပ္ပံ ကျောင်းသားနှစ်ဦး ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာများကို အောင်မြင်စွာဖြတ်ကျော်ခြင်း ကဲ့သို့သော စတန့်သတင်းများသာ ဖြစ်သည်။ ခိုးဝှက်လုယက်မှုသတင်းများ မရှိတော့သည့်အတွက် မှုခင်းဇောင်းပေးဂျာနယ်များ မထုတ်ဝေသည်မှာ ကြာပြီ။

ထမင်းငတ်ရုံသက်သက်ဖြင့် ဒုစရိုက်မှု ကျူးလွန်ရသော ကြေကွဲဖွယ်ဘဝတို့ လွန်မြောက်ခဲ့ပြီ။

အစိုးရသတင်းထူးလည်း မဖတ်ရသည်မှာ ကြာပြီ..။ ယခင်က တော့ လမ်းခင်းခြင်း၊ တံတားဆောက်ခြင်း၊ ဆေးရုံနှင့် စာသင်ကျောင်းဆောင်သစ် ဖွင့်လှစ်ခြင်းတို့ကို သတင်းထူးသတင်းဦးအဖြစ် ထိုခေတ်သတင်းစာတိုင်း၏ မျက်နှာဖုံးတွင် ဖော်ပြလေ့ရှိသည်။

ယခုအချိန်မှာတော့ အစိုးရအဖွဲ့နှင့် ပြည်သူ့ဝန်ထမ်းတို့၏ သတင်းထူး ဟူသည် လာဘ်ပေးလာဘ်ယူမှု၊ အာဏာအလွဲသုံးစားမှု၊ အကျင့်ပျက် ချစားမှုမျိုးကို ဆိုလိုသည်။

ယခင်က အင်တာနက်နာရီပိုင်းမျှ လိုင်းတက်မြန်ခြင်းသည် သတင်းထူးဖြစ်ပြီး ယခုအချိန်တွင် အင်တာနက် ငါးမိနစ်ခန့် လိုင်းနှေးခြင်းသည် သတင်းဦးဖြစ်သည်။

(၂၀)

"Excuse me"

သတင်းစာကော်လန်များကို လျှပ်ပြေးလှန်လှောနေစဉ် ဘေးခုံမှ နိုင်ငံခြားသားစုံတွဲက မြေပုံကားချပ်ကို လက်ညှိုးထောက်ရင်း သူ့ကို အကူအညီတောင်းလိုဟန် ပြုသည်။

သူက အပြုံးတွေ ရက်ရက်ရောရော ပေးလိုက်သည်။

"ဘာအကူအညီပေးရမှာလိမ့်"ဟု ရင်းနှီးချိုသာစွာ မေးဖြစ်သည်။

"ကိုဒေါ်မပတိုင်း မြူဇီယမ်"

"ဆောရီး"

နောက်တော့ သခင်ကိုယ်တော်မှိုင်းပြတိုက်ကို မေးမြန်းနေခြင်း ဖြစ်ကြောင်း သူ သဘောပေါက်သွားသည်။

မိဘိုင်းနေဗီဂေတာအပလီကေးရှင်းကို ကလစ်ပြုရ၏။

တွံတေးတူးမြောင်းကို ဖြတ်ကာ ဖောက်လုပ်ထားသော ရေအောက်ဥမင်လမ်းအတိုင်း ဘတ်စ်ကားအမှတ်(၆၉)ကို ပြောင်းစီးရမည်။

ယခင်က တွံတေး ကော့မှူး ကွမ်းခြံကုန်းစသော ဧရိယာများက ရန်ကုန်မြို့တော် တိုးချဲ့ မြို့ပြ၏ စည်ကားသောရပ်ဝန်းများ ဖြစ်လာသည်။ အနန္တသူရိယ အနုပညာကွန်ပလက်စ်(complex)သည် ကမ္ဘာကျော်လှ၏။ ရာဇဝင်သမိုင်း အဆက်ဆက် အနုပညာနယ်ပယ် အသီးသီးက ရွှေပြည်ကြီးသား အကျော်အမော်တို့၏ အနုပညာလက်ရာနှင့် ဘဝဖြတ်သန်းမှုတို့ကို တစ်စုတဝေးတည်း ခံစားနိုင်သော ပြတိုက်အစုအဝေးတစ်ခုဖြစ်သည်။

ရတနာပုံပန်းချီကျော် ဆရာခြူ၏ နန်းတွင်းပန်းချီဆီးရီးကိုဖြစ်စေ ဒီမိုကရေစီအကြိုခေတ် ကောက်ကြောင်း ပန်းချီဆရာနေမျိုးဆေး၏ ဥရောပကော်လက်ရှင်းကိုဖြစ်စေ တစ်နေရာတည်းတွင် လေ့လာနိုင်သည်။

အင်းဝခေတ် ရဟန်းစာဆိုတော် ရှင်မဟာရဋ္ဌသာရ၏ ပေကညစ်၊ လှိုင်ထိပ်ခေါင်တင်၏ အလွမ်းစာလက်ရေးမူ၊ ဦးပုည၏ ရည်းစားစာနှင့် ဆရာကြီးရွှေဒေါင်း၏ ဆေးတံစသော စာပေပညာရှင်ကြီးတို့၏ အမှတ်တရ ပစ္စည်းများကို ပြခန်းကျယ်ကြီးများဖြင့် ခင်းကျင်းထားသည်။ ထိုပြခန်းကျယ်ကြီးများကိုပင် ပြတိုက်ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။

ကေများစွာ ကျယ်ဝန်းသော ကွန်ပလက်စ်ကြီးကို လက်ညှိုးထောက် ပြရသည်။ သခင်ကိုယ်တော်မှိုင်း ပြခန်းကျယ်နှင့် တစ်ဆက်တည်း ခေတ်ဆန်းစာဆို ပိုင်အိုနီးယားကြီးများ ဖြစ်ကြသည့် သိပ္ပံမောင်ဝ၊ ဆရာဇော်ဂျီနှင့် မင်းသုဝဏ်တို့ကိုပါ ဆက်ညွှန်းသည်။

အမျိုးသမီးက "မန် ချာ နွဲ" ဟု မြေပုံတစ်နေရာကို လက်ညှိုးများဖြင့် ပွတ်သပ်ရင်း ပြသည်။

အာ မော်ဒန်ကဗျာဆရာ မောင်ချောနွယ်ပြခန်း

ဟုတ်တယ် ဟုတ်တယ်..။ အမျိုးသမီးက အားတက်သရော ပြောသည်။

(၂၁)

နိုင်ငံခြားသူ အမျိုးသမီးက မျှော်လင့်ခြင်း ထမင်းသိုးများ ဟု သော ရွှေပြည်ကြီး၏ အမှောင်ခေတ်ကို ဖွဲ့ဆိုသည့် ကဗျာအပိုင်းအစကို စပိန်ဘာသာဖြင့် ရွတ်ဆိုပြတော့ ကဗျာဆရာကြီး မောင်ချောနွယ်အတွက် ဂုဏ်တက်ရသည်။

သက်ရှိထင်ရှားဘဝတွင် နွမ်းပါးသော်လည်း ကဗျာကိုသာ ရိုး ဖြောင့်စွာ တွယ်ဖက်သွားရှာသည့် ကဗျာဆရာများစွာကို မောင်ချောနွယ်က ကိုယ်စားပြုခဲ့သည်။

ထမင်းမဝ လူလုံးမလှ လူ့ဂုဏ်သိက္ခာ ပါးလျစွာသော ဉာဏ ပစ္စည်း ထုတ်လုပ်သူ စာပေပညာရှင်ကြီးများအတွက် ထိုက်တန်သော ကုလားထိုင် မရှိခဲ့ဖူးသော ရွှေပြည်ကြီးတွင် ခုတော့ ပညာဖြင့် လူလုပ်ခွင့် မရသော အမှောင်ခေတ် လွန်ခဲ့ပြီ။

လွန်ခဲ့သော ရက်အနည်းငယ်က ဟာဝိုင်ယီကမ်းခြေမှာ အေး အေးလူလူ အနားယူရင်း ကဗျာရှည်တစ်ပုဒ် ရေးဖြစ်ခဲ့သည်ဆိုသော မိတ်ဆွေ ကဗျာဆရာတစ်ဦးကို သူ့ဓမ္မဂဂ်ါ ကောလိပ်သင်တန်းသား ရဟန်းတော် များအား ကဗျာပို့ချရန် ဖိတ်ကြားခဲ့သေးသည်။ ပို့ချချက်ခေါင်းစဉ်က "နိုင်ငံတကာ အနုပညာစီးကြောင်းထဲက မြန်မာ့ကဗျာ" ဖြစ်သည်။

စာပေဂီတရုပ်ရှင်နှင့် အနုပညာနယ်ပယ် အသီးသီးအတွက် ယခု ကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းစုကြီးအဖြစ် ရပ်တည်နိုင်စွမ်းမရှိခင်က နိုင်ငံတော် အစိုးရက အမြော်အမြင်ကြီးစွာ အနုပညာ ဆင်ဒီကိတ်ကြီးတစ်ခု ဖွဲ့စည်း ကာ ပံ့ပိုးမှုများစွာ ပေးခဲ့သည်။

လှော်ကားဝုဒ်ရုပ်ရှင်လုပ်ငန်းသည် ဟောလီဝုဒ် ဘောလီဝုဒ် ဟောင်ကောင်ရုပ်ရှင်လုပ်ငန်းတို့နှင့် မိတ်ဖက်ဖြစ်လာသည်။ အနုပညာနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှု အားကောင်းလှသော ယဉ်ကျေးမှုဝန်ကြီးဌာန သည် ဆယ်စုနှစ်တစ်ခုအတွင်းမှာပင် ကမ္ဘာ့ယဉ်ကျေးမှု ဈေးကွက်တွင် ဝင်ဆန့်ခဲ့၏။ အနန္တသူရိယ အနုပညာကွန်ပလက်စ်သည် ယဉ်ကျေးမှု ဝန်ကြီးဌာနနှင့် ပြင်သစ်နိုင်ငံ ပါရီအခြေစိုက် လူဗရပြတိုက်တို့ ပူးပေါင်း ဖန်တီးမှု ဖြစ်သည်။

ရွှေတိုင်ညွန့် စာကြည့်တိုက်မှတ်တိုင် အနီရောင်အချက်ပြမီး မြင်ပါမှ စပိန်စုံတွဲကို နှုတ်ဆက်ကာ ခရီးသွား ငွေဖြည့်ကဒ်ကို စကင်ဖတ်လိုက်သည်။ ဓေးရှူးတင်ဘာဒယ် ဟု အမျိုးသားကြီးက လက်အုပ်ချီရင်း ပြောတော့ သူပြုံးမိရသေးသည်။

(၂၂)

ကြည့်မြင်တိုင်ကမ်းနားလမ်းရှိ ဂီတစာဆိုဆရာကြီး ရွှေတိုင်ညွန့် အထိမ်းအမှတ် စာကြည့်တိုက်သည် တက္ကသိုလ်နှင့် စာသင်ကျောင်း အသီးသီးမှ ကျောင်းသားကျောင်းသူများ ပညာရေးသုတေသီများသာမက ကမ္ဘာလှည့်ခရီးသွားများဖြင့် စည်းကားလှသည်။

စကျင်ကျောက်သားအခြေခံကာ မြန်မာ့ဗိသုကာလက်ရာနှင့် နောက်ဆုံးပေါ် နည်းပညာပေါင်းစပ်ထားသော အုံ့ညွှယ် (၈) ထပ် အဆောက်အဦကြီးရှေ့တွင် မောင့်ကျက်သရေခေါင်းပေါင်းနှင့် စာအုပ်ပိုက်ထားဟန် ရွှေတိုင်ညွန့်ရုပ်တုကြီးကို ခန့်ညားစွာ ထုဆစ်ထားသည်။ မုံရွာပန်းပု အကယ်ဒမီမှ မြန်မာ့ပန်းပုအကျော် ပါမောက္ခကြီးနှင့် အီတာလျံ သင်တန်းသားများ စုပေါင်းထုဆစ်ထားခြင်း ဖြစ်သည်။

ယခင်က အနုပညာ ဉာဏ်အလင်းမရှိသော အစိုးရလူကြီးမင်းတို့၏ စေခိုင်းလမ်းညွှန်မှုဖြင့်သာ အနုပညာ မျက်စိမှိတ်၍ ဖန်တီးရသဖြင့် ဂုဏ်ယူထိုက်သော လက်ရာများ မထွန်းကားခဲ့သလို ကျေးဇူးတရားကို ဖော်ညွှန်းသည့် အလေ့အထကောင်းလည်း ဖျက်ဆီးခံခဲ့ရသဖြင့် နိုင်ငံ့ခေါင်းဆောင်များ၊ ရဟန်းရှင်လူပညာရှင်ကြီးများ၊ လူမှုရေး အကျိုးပြုလုပ်ငန်း ဆောင်ရွက်သူများကို ရုပ်တု ထုဆစ်၍ ဖြစ်စေ၊ ပန်းချီမှတ်တမ်းပြု၍ဖြစ်စေ ဖော်ဆောင်နိုင်ခြင်း မရှိခဲ့..။

တစ်ကမ္ဘာလုံးစံအဖြစ် ငွေစက္ကူတွင် နိုင်ငံ့ကျေးဇူးရှင်ကြီးများကို ပုံနှိပ်ဂုဏ်ပြုကြသော်လည်း ရွှေပြည်ကြီးသားတို့ကမူ ထိုတာဝန်ပျက်ကွက်ခဲ့ဖူးသည်။

ယခုတော့ တစ်ရာတန် ငွေစက္ကူနှင့် ငွေအကြွေစေ့များတွင် လွတ်လပ်ရေး ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ငါးဆယ်တန် ငွေစက္ကူတွင်

စာပေဖြင့် တိုင်းပြည်လမ်းကြောင်းကို တည့်မတ်ပေးခဲ့သော သခင် ကိုယ်တော်မှိုင်း၊ တစ်ဆယ်တန် ငွေစက္ကူတွင် ဒီမိုကရေစီ မျိုးစေ့ချပေးခဲ့ သော ဝန်ကြီးချုပ်ဦးနု၊ ငါးကျပ်တန် ငွေစက္ကူတွင် ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာ မြန်မာအမျိုးကောင်းသားကြီး ဦးသန့်နှင့် တစ်ကျပ်တန် ငွေစက္ကူ တွင် ဒီမိုကရေစီခေတ်ပြောင်းကာလကို အမှန်တကယ် ဦးဆောင်နိုင်ခဲ့သော သမ္မတကြီးကို ဂုဏ်ပြုထားဖော်ပြထားလေပြီ။

(၂၃)

စာကြည့်တိုက် ကျောက်သားလှေကားအတိုင်း ဆင်းလာသော ယူနီဖောင်းဆင်တူ မူလတန်းကျောင်းသားလေးများကို သူဖြတ်သန်း တက် လာခဲ့သည်။ ကလေးငယ်များ၏ တက်ကြွသော ခြေလှမ်းတိုင်းတွင် အနာဂတ်သံ တဖျောက်ဖျောက် မည်နေ၏။

သူ့ကို မြင်တော့ လက်အုပ်ချီနှုတ်ဆက်ကြသည်က ချစ်ခင်နှစ်လို ဖွယ် ကောင်းသည်။ ကြာဖူးသဏ္ဌာန် လက်အုပ်ချီခြင်းသည် ကမ္ဘာလုံးဆိုင် ရာ ရိုသေမှုဂါရဝတရား သို့မဟုတ် နှုတ်ဆက်ခြင်း၏ သင်္ကေတဖြစ်လာ သည်။ အနောက်တိုင်းသို့ ဤယဉ်ကျေးမှု ကျယ်ပြန့်စွာ မထွန်းကားမီက သူ ဥရောပတိုင်းပြည်များသို့ သွားရောက်လှည့်လည်ခဲ့ဖူးသည်။

"ဟိုင်း ဟလို" နောက်တွင် ကပ်ပါလာသည့် ဖော်ရွေကမ်းလင့် သော လက်များကို သူ မည်သို့ ရှောင်လွှဲရမည်မသိ။ အထူးသဖြင့် အမျိုး သမီးများ၏ ရှေ့တိုးရခက် နောက်ဆုတ်ရအခက် ကြောင်အမ်းအမ်းလက် များအတွက် ရဟန်းတစ်ပါး၏ ဝိနည်းအခက်အခဲကို ရှင်းပြရန် စက္ကန့်ပိုင်း အတွင်း စကားလုံးရှာဖွေရသည်က လွယ်ကူလှသည် မဟုတ်ပါ။

ရွှေပြည်ကြီးသား ပိဋကတ်အကျော်အမော် အရှင်အာဒိစ္စဝံသ သည်ပင် လန်ဒန်ရွှေမြို့တော်သို့ရောက်ခိုက် ဘိလပ်သူတစ်ဦး၏ နှုတ်ဆက် ကမ်းလက်ကို မျက်ကွယ်ပြုမိသဖြင့် ရိုင်းလိုက်တာ ဟု နှာခေါင်းရှုံ့ခံရ ဖူးသည်။

အမှန်တကယ်တော့ ကြာဖူးသဏ္ဌာန်နှုတ်ဆက်ခြင်း သက်သက်သည် ထိခြင်းငါးပါး မပြည့်စုံ၍ ရှိခိုးခြင်း မမည်သော်လည်း အာဏာရှင်ခေတ်ဆီက တစ်ဘက်သတ် လက်အုပ်ချီခံယူခြင်းကို ပြည်သူတို့ အော့နှလုံးနာရာမှ အခွင့်ထူးခံ သင်္ကေတဖြစ်ခဲ့ရသည်။ အပြန်အလှန် လေးစားမှု တံတားခင်းမထားသော လူလူချင်း လက်အုပ်ချီရခြင်းကို စက်ဆုတ်ရွံရှာခဲ့ကြသည်။

ယခုမူ အရှေ့အနောက်ယဉ်ကျေးမှု ချိတ်ဆက်မိပြီဖြစ်၍ နားလည်မှုစင်မြင့်တွင် စိတ်ချင်းယှက်ကာ ရပ်နိုင်ကြလေပြီ။ လက်အုပ်ချီနှုတ်ဆက်ကာ လေ့ကားထစ်များအတိုင်း ဆင်းသွားသော ကလေးငယ်များကို သူ လက်ပြရင်း ပြုံးနေမိသည်။

ကျောပိုးအိတ်လေးတွေ ကိုယ်စီ လွယ်လို့ ...။

ကောင်းပါပေ့ ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်လျှောက်....။

(၂၄)

"ဘန္တေ ဘာတွေ သဘောကျလို့ ပြုံးနေပါလိမ့်"

"အော် ဆရာပါလား"

အဖြူရောင်လည်စည်းနှင့် အနက်ရောင်ဝတ်စုံတွင် တန်ဖိုးကြီးဘောလ်ပင်တစ်ချောင်းဖြင့် တန်ဆာဆင်အပ်သော အရပ်မြင့်မြင့် ကျောင်းဆရာကို အနောက်တိုင်းသားလူငယ်တစ်ဦးနှင့်အတူ တွေ့လိုက်ရသည်။

"အော် ကလေးတွေကို ကြည့်ပြီး မုဒိတာဖြစ်လွန်းလို့ပါ ဒကာကျောင်းဆရာရယ် ကိုယ့်ခြေထောက်ပေါ် ကိုယ်မတ်မတ်ရပ်ဖို့ ကိုယ့်တာဝန် ကိုယ်ယူတတ်ဖို့ ဆရာတို့ လေ့ကျင့်ပေးထားတာ သိပ်ကောင်းတာပဲ။ တာဝန် (Responsibility)နဲ့ ဝန်ထုပ် (Burden) ဆိုတာကို ဦးဇင်းတို့ အမျိုးတွေက သဘောမပေါက်ခဲ့ကြဘူး မဟုတ်လား။

ကလေး ဝန်ပိမှာစိုးတဲ့ မိဘမေတ္တာဆိုတာကြီးက ဉာဏ်ဦးစီးမှု မရှိတော့ တာဝန်ယူတတ်အောင် သင်မပေးနိုင်ဘူး ဖြစ်သွားတယ်။ ကျောင်းစပို့တဲ့ ပထမဆုံးနေ့မှာပဲ ကလေးက စိတ်ဓါတ်အဖျက်ဆီးခံလိုက်ရသလိုပဲ

ကလေးရဲ့ ကျောင်းလွယ်အိတ်ကို အဖေ အမေ ဒါမှမဟုတ် အုပ်ထိန်းသူ တစ်ယောက်ယောက်က လွယ် ပြီးတော့ ကလေးလေးကိုပါ ပုခုံးပေါ် ထမ်းပြီး ကျောင်းပို့ခဲ့ကြတာ။ ကျောင်းပို့စကာလ ချော့မော့ရမယ့်ကာလမို့ ဆိုရင်တော့ တစ်မျိုးပေါ့လေ။

ဒါပေမယ့် ရွှေပြည်ကြီးမှာက တက္ကသိုလ်ဝင်တန်းအောင်ပြီး အမည်ခံဘွဲ့ရဖြစ်တဲ့အထိ ခြေထောက်ပျောက်နေတဲ့ ထိတ်လန့်စရာ မျိုးဆက်ကြီးကို ဆယ်စုနှစ်များစွာ မွေးထုတ်မိတဲ့အထိ အန္တရာယ်ကြီးခဲ့ဖူးတယ်။

"ဘန္တေ ရေးတဲ့ အွန်လိုင်းဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရတယ်... ချစ်လို့ နေရာမပေးမိတော့ တုံးတယ်၊ မုန်းလို့ နေရာမပေးဘဲ ထားတော့ ရှုံးတယ် ဆိုလား"

"ဟုတ်ပိမ့် ဟုတ်ပိမ့် ဒါနဲ့ ဒီက မစ္စတာ..."

"အော် ဟုတ်ပါရဲ့ ဘန္တေ ဒါ တပည့်တော်တို့ ကျောင်းကို အသစ်ရောက်လာတဲ့ ဖင်လန်နိုင်ငံ အမျိုးသားပညာရေး ဘုတ်အဖွဲ့ (FNBE)က အသိအမှတ်ပြုလက်မှတ်ရ ကျောင်းဆရာလေး မစ္စတာ အွန်နီပါဘုရာ့ မြန်မာလိုတော့ ကံကောင်းခြင်း လို့ အဓိပ္ပါယ်ရသတဲ့ဘုရား။ ကျောင်းမှာတော့ လုပ်ဖော်ကိုင်ဖက်တွေက ဆရာကိုကံကောင်းလို့ ခေါ်နေကြတာပဲ ဘန္တေ"

ဖင်းနစ်ရှ်ကျောင်းဆရာလေးက ပြုံးကာ

"ဆရာတော် ချနော့်ကို ခံခါး လို့ ခေါ်ဘာ ဖယာ့" ဟု မြန်မာသံဝဲဝဲဖြင့် လျှောက်ထားသည်ကို သူက ခေါင်းညိတ်အသိအမှတ်ပြုရ၏။

(၂၅)

"ဆရာများသည် ပညာအရည်အသွေး၏ သော့ချက်ဖြစ်သည် (Teachers are the keys to quality in Education)" ဟူသော ပေါ်လစီကို ရွှေပြည်ကြီးသားတို့ လက်ခံကျင့်သုံးကာ စံမီသည့် ဆရာ

ဆရာမကောင်းများ ပေါ်ထွန်းလာရေးအတွက် နှစ်ရှည်စီမံကိန်းများ မဟာပရောဂျက်များ ရေးဆွဲကာ အားစိုက်ခဲ့သည်။ သို့နှင့် ယခင်က ကျောင်းဆရာ ဆရာမအလုပ်သည် အကြံကုန် ဂဠုန်ဆားချက်အဆင့်သို့ နှိမ့်ချခံခဲ့ရသော်လည်း ယနေ့ခေတ် ရွှေပြည်ကြီးသား လူငယ်များကြားတွင် ရွေးချယ်မှုအများဆုံးနှင့် လုပ်ကိုင်ခွင့်ရရန် အခက်ခဲဆုံး အသက်မွေးဝမ်းကြောင်းတစ်ခုဖြစ်လာသည်။ ပညာရေးမြင့်တင်မှု ကမ္ဘာ့ထိပ်တန်းနိုင်ငံများနှင့်ပေါင်းကူးအစီအစဉ်များကလည်း အကျိုးအမြတ်များလှသည်။ ပညာရေးပံ့ပိုးမှုနှင့် လခရိက္ခာ ကွာခြားမှုမရှိသော ရွှေပြည်ကြီး၏ မူလတန်းကျောင်းစာသင်ခန်းလေးတွင် ဖင်းနစ်ရှ် ကျောင်းဆရာလေးတစ်ယောက် ပျော်မွေ့သည်မှာ သဘာဝကျပါသည်။

ခုတော့ ကျောင်းဆရာလေးက မြန်မာစကားကိုပင် ဂုဏ်ယူစွာပြောနေလေပြီ။

"အရှင် တပည့်တော်တို့ကို ခွင့်ပြုပါဦး.. ကလေးတွေနဲ့ ငမိုးရိပ်လူမှုကူညီရေးကောလိပ်ကို ဆက်ရဦးမယ်ဘုရား... ဦးကျော်သူကိုယ်တိုင်ကလေးတွေကို ဩဝါဒစကားပြောမယ်ဘုရား"

"ကောင်းလေစွ ကောင်းလေစွ ချောမောသော ခရီးဖြစ်ပါစေ"

သီရိမင်္ဂလာဆိပ်မှ ဝဋ်ကြွေးတော်ပြေဆိပ်သို့ ဖယ်ရီသင်္ဘောစီးရန်ကမ်းနားလမ်းကျယ်ကြီး၏ မီးပွိုင့်မှတ်တိုင်ကို ဖြတ်ဆင်းသွားသောမိတ်ဆွေကျောင်းဆရာနှင့် ကလေးငယ်များကို သူ ခဏတာ ငေးနေခဲ့သည်။ ယခင်က ကုန်ပစ္စည်းသိုလှောင်ရုံများ အုတ်ရိုးတံတိုင်းမြင့်ကြီးများဖြင့် အလုံပိတ်ထားသော လှိုင်မြစ်ပြင်သည် ဟင်းလင်းပွင့် မိုးကောင်းကင်နှင့် ထိစပ်မိသောအခါမှ လတ်ဆတ်သောလေကို လွတ်လပ်စွာ မွေးဖွားနိုင်ခြင်းဖြစ်သည်။

ရွှေတိုင်ညွန့်စာကြည့်တိုက်ကြီး၏ တံခါးဝတွင် ရပ်လိုက်သည်နှင့် မှန်ချပ်များက အလိုအလျောက်ပွင့်သွားသည်။

"ဆရာတော် ကြွပါ"

(၂၆)

ကြိုဆိုနှုတ်ဆက်သော လှုငယ်နှင့်အတူ စာကြည့်တိုက်ကြီး၏ မြေညီထပ် ခန်းမကျယ်ကြီးကို ဖြတ်သန်းလာခဲ့သည်။ ရှစ်ထပ် အဆောက် အဦးကြီးတွင် ရွှေ့လျားစက်လှေကားများ၊ ဓါတ်လှေကားများဖြင့် အတက် အဆင်းလုပ်နေသော စာဖတ်သူများ၊ ညီလာခံနှင့် စီမီနာတက်ရောက်လာ ကြသူများ၊ ယဉ်ကျေးမှုပြပွဲနှင့် ကဖေတ်လာရောက် ခံစားကြသူများဖြင့် စည်ကားလှသည်။

ယနေ့ မြေညီထပ်တွင် ကလေးထုတ်ကုန် (Child's contents) ဈေးပွဲတော် ကျင်းပနေသည်။ ကလေးကျောင်းသုံးပစ္စည်းများ၊ ကာတွန်း စာအုပ်များ၊ ကစားစရာအရုပ်များကြားတွင် ကလေးများနှင့် ကလေးမိဘ များ ရုံးစုတိုးဝှေ့နေကြ၏။ အထူးဈေးချိုကလက်ထုပ်ရောင်းသော ဆိုင်ရှေ့ တွင် တန်းစီဝယ်ယူနေကြသည်။

သူလည်း မောင်ကျောင်းသားကို ခဏစောင့်ဖို့ လက်ဝှေ့ပြရင်း လူအုပ်ကြားထဲ ဝင်ရောက်စူးစမ်းမိသည်။

နည်းပညာအကူအညီဖြင့် ပြုလုပ်ထားသော စာအုပ်ပုံစံ ချော ကလက်ထုပ်ဖြစ်သည်။ ကမ္ဘာကျော်ပုံပြင်များ၊ ဘာသာရေးဆိုင်ရာ အဆုံး အမများ၊ လူမှုနီတိများကို ချုံ့ကာ စာမျက်နှာအနည်းငယ်တွင် သရုပ်ဖော် ပုံများစွာဖြင့် ရိုက်နှိပ်ထားသောစာအုပ်ကို တစ်ရွက်ချင်း ဖတ်သွားရသည်။ ကျော်ဖတ် (Skip)လို့ မရအောင် ထိန်းချုပ်ထားပြီး နောက်ဆုံးစာမျက်နှာ ရောက်မှ ချောကလက်စားခွင့်ရအောင် ဖန်တီးထားခြင်းဖြစ်သည်။

သိပ်ကောင်းတဲ့ အကြံပါပဲလား..။

ပြပွဲစင်မြင့်ပေါ်တွင် အနုပညာရှင်များ၏ စာပေနှင့် ဘဝ အစီအစဉ် က အသက်ဝင်နေသည်။ ညနေပိုင်းတွင် မြန်မာ့မော်ဒယ်မိခင်ကြီး ဒေါ်တင်မိုးလွင်က ကလေးများနှင့်အတူ ပုံပြင်ဖတ်မည့်အစီအစဉ်ကိုလည်း ကြော်ငြာထားသည်။ မြေညီထပ်မှ ရွှေ့လျားစက်လှေကားဖြင့် စာကြည့် တိုက်ကြီးထဲ ဆင်းလာခဲ့ကြ၏။

(၂၇)

ကျယ်ဝန်းသော မြေအောက်စာကြည့်ခန်းမကြီးတွင် အငန်းမရ စာဖတ်နေကြသော ရန်ကုန်သူ ရန်ကုန်သားများကို သူကျေနပ်နေသည်။ ဝင်ကြေးမရှိ အကန့်အသတ်မရှိသည့်အတွက် နိုင်ငံခြားသားများလည်း ခရီးသွားဟန်လွှဲ စာလာဖတ်လေ့ရှိသည်။ အလှူပေါင်းစုံ၊ အရွယ်ပေါင်းစုံ စာဖတ်ပရိသတ်များအတွက် လိုအပ်ချက်များကို စာကြည့်တိုက်က စီစဉ် ပေးထားသည်။

ကလေးများ၏ စာဖတ်ခန်းဟူသည် စာအုပ်များနှင့် ကစားခန်း ဖြစ်သည်။ သစ်ပင်များ အိမ်လုံးငယ်လေးများ၊ လှေကလေးများ၊ လေယာဉ် ပျံများကို ပုံတူပြုလုပ်ထားပြီး ထိုပုံတူအသီးသီးတွင် အရုပ်ပါသော စာအုပ် များ ပုံပေးထားသည်။

သစ်ပင်ပေါ် တက်ခွလျှင်လည်း စာအုပ်ကို တွေ့သည်။ အိမ်လုံး လေးထဲ ဝင်ပြေးလျှင်လည်း စာအုပ်ကို တွေ့သည်။ လေယာဉ်ပျံ စီးတော့ လည်း စာအုပ်ကို တွေ့သည်။ အရာရာတွင် စာအုပ်ရှိနေကြောင်း ကလေး အသိတွင် စွဲသွားသည်။ စာအုပ်သည် အရာရာဖြစ်ကြောင်း ကလေးက မှတ်မိသွားသည်။ ပန်းချီဆွဲဖို့ ရောင်စုံခဲတံများ ချပေးထားသည်။ ပုံရေးဆွဲ ရင်း စိတ်တိုင်းမကျ၍ ပုံဆွဲစာအုပ်ကို တဖျိုဖျို ဆွဲဆုတ်နေသော ကလေး ငယ်တစ်ယောက်အား စာကြည့်တိုက်ဝန်ထမ်း အမျိုးသမီးငယ်က ပြုံး ကြည့်ကာ နောက်ထပ်စာအုပ်သစ်တစ်အုပ် လာချပေးသည်။

ကလေးမိဘများ အုပ်ထိန်းသူများက ကလေးစောင့်ရင်း စာဖတ် နေကြသည်။

လူကြီးများအတွက် သတင်းစာဖတ်ခန်းနှင့် တစ်ကိုယ်ရေ ရုပ်မြင် သံကြား စင်တာများ ထားရှိပေးသည်။ စာဖတ်ရင်း အနားယူ အစီအစဉ် တစ်ရပ်အနေဖြင့် အညောင်းဖြေစက် တပ်ဆင်ပေးထားသည့် စမတ်ထိုင်ခုံ များ ထားရှိပေးသည်။ ကောဇာအပြည့်ခင်းထားသည့် အအေးခန်းမကြီး တွင် ထိုင်ခုံမရမှာ မပူရ၊ တွေ့သည့်နေရာ ထိုင်ချလိုက်ရုံပင်။

စာကြည့်ခန်း(Study Lounge)များနှင့်အတူ ယဉ်ကျေးမှုကပွဲ ခန်းမ (Opera Theater)များ၊ ရုပ်ရှင်ခန်း(Movie Corner)များလည်း စီစဉ်ထားသဖြင့် စာကြည့်တိုက်သည် အပန်းဖြေစခန်း တစ်ခုလို ဖြစ်နေ သည်။

ပဉ္စမအထပ်ရှိ ကော်ဖီဘားတွင်ထိုင်ကာ အက်စ်ပရက်စ်ဆို တစ်ခွက်သောက်ရင်း စာရွက်များကို တစ်ရွက်ချင်း လှန်လှောရင်း လို မြစ်ကမ်းမှ တိုက်ခတ်လာသည့် လေညင်းဖြူးဖြူးကို ရှူရှိုက်ရသည်က ရုပ်နာမ်နှစ်ပါး ကျန်းမာရေးကို မြှင့်တင်နိုင်သည်။

စာပေသုတေသီများကတော့ ရည်ညွှန်းကိုးကားကျမ်းများစွာနှင့် အီလက်ထရောနစ်စာအုပ်များကို အဋ္ဌမထပ်တွင် အေးအေးလူလူ ရှာဖွေ ဖတ်ရှုနိုင်ကြသည်။

စာကြည့်တိုက်မှ စာအုပ်များကို အိမ်သို့ ငှားရမ်းသွားမည်ဆိုလျှင် အချိန်မရွေး ပြန်အပ်နိုင်သည့် ၂၄ နာရီ လူအကူမဲ့ စာအုပ်အပ်နှံဌာန (24 Hours Book Drop)လည်း ဖွင့်ပေးထားသည်။

(၂၈)

အသိဉာဏ်ရင်းနှီးမြှုပ်နှံမှု မြင့်မားသော ပြည်ထောင်စုအစိုးရကြောင့် ရွှေပြည်ကြီးသားတို့ အတွေးအခေါ် လူမွေးလူရောင် ပြောင်လာသည်မှာ ဆယ်စုနှစ် အနည်းငယ်မျှသာ ရှိသေးသော်လည်း ကမ္ဘာ့စာဖတ်မှုနှုန်းတွင် ထိပ်တန်းဆယ်နိုင်ငံသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။ ယခင်က အကျ ပျက်ချစားမှု၊ မူးယစ်ဆေးဝါး၊ ပြည့်တန်ဆာနှင့် လူမှောင်ခိုစသော အမှောင် ဘာသာရပ်များတွင်သာ ကမ္ဘာ့အဆင့် မိုလ်စွဲဖူးသည်။ ခုတော့ စာတတ် မြောက်မှု၊ အားကစား၊ အနုသုခုမစသော အလင်းဘာသာရပ်များတွင် ကမ္ဘာ့စာမျက်နှာသို့ တိုးဝင်နိုင်ခဲ့ပြီ။

ဂရိတ်ဗြိတိန်၊ အမေရိကားနှင့် ကမ္ဘာအရပ်ရပ်တွင် အောင်မြင်ဖြစ် ထွန်းလျက်ရှိသည့် စွမ်းရည်ပြပွဲ(Talent Show)များကို စဦးတည်ထောင် သူ မစ္စတာဆိုင်မွန်ဖူးလာ(Simon Fuller)ကိုယ်တိုင် ရွှေပြည်ကြီးသို့

လာရောက်ရင်းနှီးမြှုပ်နှံကာ မြန်မာ့စွမ်းရည်ပြပွဲ(Myanmar's Got Talent) ကို ဖန်တီးသည်။

အစီအစဉ် စဦးနှစ်များတွင် ဒိုင်လူကြီးများအဖြစ် ဆိုင်မွန်ကိုလ်ဝဲ၊ ဒေမီလိုဗာတိုနှင့် တွဲဖက်ကာ ဒကာမလေးနီနီခင်ဇော်၊ ဒကာကိုလေးဖြူကြီးတို့ ဆောင်ရွက်ကြောင်း မီဒီယာများတွင် ဖတ်လိုက်ရသည်။ ရဟန်းတစ်ပါးဖြစ်နေ၍ ထိုရှိုးပွဲများအကြောင်း သတင်းမျှ ဖတ်ရခြင်းဖြစ်သည်။ မည်သို့ဆိုစေ ထိုရှိုးပွဲများက ကမ္ဘာတန်းဝင် ဂီတအနုပညာရှင်များ၊ ဟာသအကျော်အမော်များစွာကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

"ဒီဘက်ကို ကြွပါဘုရား"

စာဖတ်ခန်းမကျယ်နှင့် တစ်ဆက်တည်း အချိန်ပိုင်း အသုံးပြုနိုင်သော ခန်းမငယ်တစ်ခုသို့ လမ်းပြသည်။ အစိမ်းရောင်လူငယ်များ(Green Youths)အဖွဲ့က သူ့ကို ကြိုဆိုနေကြသည်။

နယ်သာလန်နိုင်ငံ၊ အမ်မစတာဒမ်မြို့တော်အခြေစိုက် အစိမ်းရောင် ငြိမ်းချမ်းရေး (Green Peace)အဖွဲ့ကြီးနှင့် ချိတ်ဆက်ထားသော မြန်မာ့လူငယ်အဖွဲ့သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် အင်အားကောင်းသော လူမှုကွန်ရက်တစ်ခုဖြစ်သည်။

အာဏာရှင်စနစ်ဆိုးအောက်တွင် စာရိတ္တ အမှိုက်ပုံများဖြင့် ညစ်ပတ်နံစော်နေသော ရန်ကုန်ကို ကယ်တင်ဖို့ ရန်ကုန်နာရေးကူညီမှုအသင်းကြီးက စတင်ဆော်ဩလိုက်သည်ကို ထိုခေတ်မီဒီယာများက အထူးအဆန်းသတင်းအဖြစ် ဖော်ပြခဲ့ကြသည်။

ဗဟိဒ္ဓအမှိုက်များ ကောက်ရုံသက်သက်မျှဖြင့် ရောဂါအမြစ်မပြတ်နိုင်ကြောင်း သိလာရပါသည်။ ရွှေပြည်ကြီးသားတို့၏ အဇ္ဈတ္တတွင် ပင့်ကူမျှင်တန်းနေသော စာရိတ္တအပုပ်အသိုးများ ရှင်းလင်းရေးအတွက် ဆောင်ရွက်ဖွယ်လိုအပ်ကြောင်း နားလည်လာပါသည်။

"အားလုံးမင်္ဂလာပါ"

သူက အစိမ်းရောင်လူငယ်အားလုံးကို အပြုံးဖြင့် နှုတ်ဆက်လိုက်ပါသည်။

(၂၉)

အဖြူရောင်ဝတ်စုံတွင် အစိမ်းရောင်ရင်ထိုးကိုယ်စီ ချိတ်ဆွဲထားသော လူငယ်များစုဝေးရာ ဘဲဥပုံခန်းမငယ်ထဲ သူရောက်ရှိသွားသည်။ ညှို့ကြို့လူငယ်က စက်ဝိုင်းသဏ္ဌာန် ခင်းကျင်းထားသည့် ထိုင်ခုံတန်းနေရာလွတ်တစ်ခုဆီ သူ့ကို ဦးဆောင်သွားသည်။ အေဒီ ၂၀၁၄ အလွန်ကာလတွင် ဖွဲ့စည်းတည်ထောင်ခဲ့သော အစိမ်းရောင်လူငယ်များအဖွဲ့သည် ရွှေပြည်ကြီး၏ သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေး၊ တောတောင် စိမ်းလန်းစိုပြေရေး၊ မြစ်ချောင်းအင်အိုင်ထိန်းသိမ်းရေး၊ သားငှက်တိရစ္ဆာန်စောင့်ရှောက်ရေးနှင့် ဂေဟဗေဒစနစ် (Ecosystem) မပျက်ယွင်းရေးစသော အရေးအရာများတွင် တက်ကြွစွာ လှုပ်ရှားနေကြသည်။ အဖွဲ့ဝင် တစ်သန်းကျော်ရှိ၍ နိုင်ငံတကာထောက်ပံ့မှုနှင့် ကိုယ်ပိုင်ဘဏ္ဍာငွေကြေး ဖူလုံမှုရှိသော ဤလူငယ်အဖွဲ့သည် ရွှေပြည်ကြီးတွင် ဩဇာတိက္ကမရှိသည်။

မြို့ပြအမှိုက်ကောက်ခြင်းကို စတင်ခဲ့သော ရန်ကုန်နာရေးကူညီမှုအသင်းကြီး၏ ပခုံးတစ်ဘက်ကို ဝင်ထမ်းရန် တက္ကသိုလ်စာသင်သားငယ်များက အစိမ်းရောင်လွင်ပြင်လှုပ်ရှားမှု(Green Plain Movement)ကို ဆော်ဩခဲ့ရာမှ ဤအစိမ်းရောင်လူငယ်အဖွဲ့ကြီး ပေါ်ပေါက်လာသည်။ ကရုဏာတရား အခြေခံကာ ပေါ်ပေါက်လာသော နာရေးကူညီမှုအသင်းကြီးသည် မုဒိတာအခြေခံသော သာရေးကိစ္စများဆီ ပေါင်းကူးရန် ကြိုးပမ်းနေချိန်တွင် ဤအစိမ်းရောင်လူငယ်များ ပေါ်ပေါက်လာသည်မှာ သဘာဝကျပါသည်။

ရွှေပြည်ကြီးသားအများစုက ကရုဏာဖြင့် မျက်ရည်သုတ်ပေးရခြင်းတွင် စွန့်လွှတ်ရဲရင့်ကြသလောက် မုဒိတာဖြင့် လက်ခုပ်တီးပေးရန်အတွက်တော့ တွန့်ဆုတ်ခဲ့ကြဖူးသည်။

နိမ့်ကျနေသူကို ဆွဲထူနိုင်သော်လည်း အမြင့်တက်မည့် ခြေလှမ်းများကို တွန်းတင်ရန် ခက်ခဲတတ်လေသည့် ဤအစဉ်အလာကို ပယ်ဖျက်ရန် နာရေးကူညီမှုအသင်းကြီးအနေဖြင့် ယခင်အသုဘအစွဲအလမ်းဟောင်း

များကို ချေချွတ်ရသလိုမျိုး စိတ်နှလုံးကြွက်သားများကို ညှစ်ထုတ်ခဲ့ရပြန်လေသည်။

ယခုတော့ လှိုင်မြစ်နှင့် ငမိုးရိပ်ချောင်းကို ဖြတ်ဖောက်ထားသောရွှေပြည်သာ တူးမြောင်းအတိုင်း ရန်ကုန်မြို့တော်တွင်းသို့ သင်္ဘောဖယ်ရီစီးလျှင် ငမိုးရိပ်ဆိပ်ကမ်းထိပ်က လူမှုကူညီရေးကောလိပ်ကြီးကို ငွားငွားစွင့်စွင့် တင့်တယ်စွာ မြင်ရပေမည်။ ထိုကောလိပ်ကြီးတွင် ဗြဟ္မစိုရ်တရားကို ကံသုံးပါးဖြင့် အကောင်အထည်ဖော်နေသော စာတွေ့ လက်တွေ့သင်ခန်းစာများ ထွန်းကားနေလေပြီ။

(၃၀)

ရဟန်းတစ်ပါးဖြစ်သော သူ့အနေဖြင့် ဗုဒ္ဓနည်းကျ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတရားဖြစ်သည့် ဝနရောပ (သစ်ပင်စိုက်ပျိုးခြင်း) သုတ္တန်ဒေသနာကို လူထုထု တွေ့တိုင်း ဟောပြောစည်းရုံးဖြစ်လေသည်။

ဗုဒ္ဓအရှင်က

(၁) အဘယ်သူတို့အား နေ့ရောညပါ အမြဲကုသိုလ်ကောင်းမှုတိုးပွားနေပါသနည်း၊

(၂) အဘယ်သူတို့သည် တရား၌ တည်ပါကုန်သနည်း

(၃) အဘယ်သူတို့သည် သီလနှင့် ပြည့်စုံပါကုန်သနည်း

(၄) အဘယ်သူတို့သည် နတ်ပြည်သို့ လာရောက်ရပါကုန်သနည်း ဟူသော နတ်သားတစ်ဦး၏ မေးခွန်းကို ကမ္ဘာမြေစိမ်းလန်းရေးရည်သန်ချက်နှင့် တမလွန် အကျိုးစီးပွားဖြစ်ထွန်းစေသော အဖြေကို ပေးတော်မူခဲ့သည်။

"ပန်း၊ ဥယျာဉ်နှင့် သစ်ပင် သစ်တောစိုက်ပျိုးသူ၊ လမ်းတံတားခင်းသူ၊ ရေအိုးစင်တည်သူ၊ ရေတွင်းရေကန်တူးသူ ကျောင်းကန်ဇရပ်တန်ဆောင်းဆောက်လုပ်လှူဒါန်းသူတို့အား ထာဝရကုသိုလ်ဖြစ်ကာနေ့ရောညပါ အမြဲကောင်းမှု တိုးပွားနေသည်။ ထိုသူတို့သည်ပင် တရား၌တည်နေသည်။ သီလနှင့်လည်း ပြည့်စုံနေသည်။ နတ်ပြည်သို့လည်း လား

ရောက်ရသည်”ဟူသော ဗုဒ္ဓအရှင်၏ အစိမ်းရောင်လွှင်ပြင်တရား
သာဝကရဟန်းဖြစ်သောသူက လက်ဆင့်ကမ်းဟောကြားကာ ပ
သံသရာ ရေချမ်းစင်များစွာ တည်နိုင်စေရန် အားသစ်ခဲ့ပါသည်။

သဘာဝပတ်ဝန်းကျင် အနေအထား မပျက်စေလို၊ ကမ္ဘာ
မနာကျင်စေလိုသော ဗုဒ္ဓအရှင်မြတ်က သာဝကရဟန်းများအား မြေတူး
ခြင်း သစ်ပင်ခုတ်ခြင်း မပြုလုပ်ရန် ပထဝီခဏနသိက္ခာပုဒ်၊ ဘူတဂ
သိက္ခာပုဒ်များကို နှစ်ပေါင်း ၂၅၀၀ အလွန်ကပင် ပညတ်တော်မူခဲ့
ဖြစ်ကြောင်း သူ ရှင်းပြရသည်။

မြေကမ္ဘာကို ဝေဆာသီးပွင့်စေချင်သောသူသည် ဤအစိမ်းရေ
လူငယ်များနှင့် ဆက်နွယ်ဖြစ်ခဲ့သည်ပင် နှစ်ပရိစ္ဆေဒ ကြာမြင့်လှချေ

အမှန်တကယ် ယနေ့ခေတ်ကဲ့သို့ နည်းပညာ အကူအညီလ
မရ၊ အိမ်ရာစနစ် မှန်ကန်စွာ တည်ဆောက်နိုင်ခြင်း မရှိသေးမီ အမှိ
ကောက်ခြင်း၊ ရေဆိုးမြောင်းဖော်ခြင်းစသော လေထုရေထု ညစ်ညမ်
လျှော့ချရေးကို လူငယ်များက အနစ်နာခံ လုပ်အားပေးခဲ့ကြသည်။

စနစ်မကျသော လမ်းတံတားခင်းခြင်းနှင့် အဆင့်မမှီသော မြို
အိမ်ရာ တည်ဆောက်ခြင်းများကို အသံကျယ်လောင်စွာ ကန့်ကွက်ခဲ့
သည်။

မည်သို့ဆိုစေ ပြုပြင်ပြောင်းလဲမှုနှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိ
ဝတ်ရုံကို ချင်ခြင်းတပ်နေပြီဖြစ်သော ပြည်ထောင်စုအစိုးရနှင့် လူငယ်
တသားတည်း ဖြစ်သွားခဲ့ပါသည်။ သို့နှင့် ရွှေပြည်ကြီးတွင် ကျင့်သ
လိုက်နာမှု အားနည်းခဲ့သော ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် ထိန်းသိ
ရေး စတော့ခ်ဟုမ်းကြေငြာစာတမ်း (Stockholm Declaratio
ဘဲဂရိတ်ချာတာ (Belgrade Charter) နှင့် တဘီလီဆီ (Tbili
Declaration) ကြေငြာချက်တို့ ပြန်လည် အသက်ဝင်လာခဲ့သည
သဘာဝပတ်ဝန်းကျင် ပညာရေး (Environmentaleducation)
ကျောင်းစာသင်ခန်းများ၌သာမက ပြည်သူလူထုကြားတွင်ပါ ကျယ်ပြန့်
မိတ်ဆက်ပေးနိုင်ခဲ့သည်။

ပြည်ထောင်စုအစိုးရ၊ နိုင်ငံတကာပညာရှင်များ၊ ဒေသန္တရ အဖွဲ့အစည်းများနှင့် ပူးပေါင်းလျက် ဆယ်စုနှစ်ပေါင်းများစွာ ဂေဟဗေဒစနစ်ပျက်ယွင်းလျက် တောတောင်မြစ်ချောင်း ဖရိုဖရဲဖြင့် အရုပ်ဆိုးဆိုး အရိုးကြီးကြီး ရွှေပြည်ကြီးကို စိမ်းရောင်ခြယ် အလှတရားဆီ တွန်းပို့ပေးရန် ဆက်လက်ဦးတည်ခဲ့ကြသည်။

(၃၁)

"ဟဲလို ဆရာတော်"

"အိုး မစ္စမာယန်ပါပဲလား၊ Mizman loh hitraehnu (မတွေ့ရတာ ကြာပြီနော်)"

အစ္စရေးလ်နိုင်ငံ၊ တဲလာဗီမြို့တော်အခြေစိုက်၊ ဟီရိယ(Hiriya) ပတ်ဝန်းကျင် ပညာရေးစင်တာမှ ယဟူဒီအမျိုးကောင်းသမီး မစ္စမာယန်ကို တွေ့ရတော့ သူ ဝမ်းသာသွားသည်။ သူက ဟေဗြဲဘာသာစကားဖြင့် နှုတ်ဆက်တော့ သူမက ပြုံးသည်။

"မတွေ့ရတာ ၂၀၁၄ ခုနှစ်ကတည်းပဲလေ.. ခု အစိမ်းရောင်လှုငယ်များအဖွဲ့က ဖိတ်လို့ မနေ့ကပဲ ဒဂုန်လေကြောင်းနဲ့ တဲလာဗီကနေ ရန်ကုန်ကို ပြေးလာတာပဲ"

ဘောလတစ်ပင်လယ် ဒေသတွင်းက လပ်ဗီးယားနိုင်ငံ၊ ရီဂမြို့တော်လှည့်လည်ရေးခရီးစဉ်တွင် မစ္စမာယန်နှင့် ခဏတာ ဆုံမိရာက ရွှေတိဂုံစေတီမြတ်ကို ဖူးလိုကြောင်း တဖွဖွပြောလေသည့် သူမကို ရွှေပြည်ကြီးသို့ လာရောက်လည်ပတ်ရန် သူ ဖိတ်ကြားခဲ့သည်။ အမှန်တကယ် ၂၀၁၄ ခုနှစ်ကုန်လောက်တွင် သူမ ရောက်ရှိလာခဲ့သည်။

ရွှေရောင်တောက်ပသော စေတီပုထိုးနှင့် ရှေးဟောင်းအမွေအနှစ်များ ကြားက နံ့ချာနွမ်းပါးလှသော ထိုခေတ်ရွှေပြည်ကြီး၏ မှိန်ပျပျ အခင်းအကျင်းကို သူမ စုတ်သပ်နေရှာသည်။ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် အခြေအနေ ကြွယ်ပိုးကြွယ်ဝရှိလှသည့် ရွှေပြည်ကြီး၏ အနာဂတ်ကို

အမှန်တကယ် မောင်းနှင်နိုင်သော ကပ္ပတိန်ကောင်းများ လိုနေသည် ပ
သူမက ဆိုခဲ့သည်။

"ခုတော့လည်း ရန်ကုန်က ဆရာတော်ပြောပြဖူးတဲ့ ဘုရာ
လောင်း သုမေဓာရှင်ရသေ့လေးရဲ့ အမရဝတီနေပြည်တော်ကြီးလိုပါ
လား"

(၃၂)

တစ်ရံခါဆီက ရန်ကုန်မြို့တော်နှင့် ပတ်သက်သော ကြေကွဲဖွယ
မှတ်ချက်အတွက် သူ့ တုန့်ပြန်စကားကို အမှတ်ရသွားဟန်ပင်။

သူမက "ရန်ကုန်မြို့က ဗုဒ္ဓဘာသာနိုင်ငံ ဗုဒ္ဓဘာသာမြို့ပြ
ပုံရိပ်အစစ်ဖြစ်မယ် ထင်တယ်နော်။

ဗုဒ္ဓတရားတော်တွေဟာ အနိစ္စ ဒုက္ခ အနတ္တဆိုတာတွေချည်း
မဟုတ်လား ခုကြည့်ပါလား ကြည့်လေရာရာ မှုံမှိုင်းနေတာပဲလေ" တဲ့

"အမရံ နာမ နဂရံ, ဒဿနေယျံ မနောရမံ။
ဒသဟိ သဒ္ဒေဟိ အဝိဝိတ္တံ, အန္နပါနသမာယုတံ၊
ဟတ္ထိသဒ္ဒံ အဿသဒ္ဒံ, ဘေရိသင်္ခရထာနိ စ၊
ခါဒထ ပိဝထ စေဝ, အန္နပါနေန ဃောသိတံ။
နဂရံ သဗ္ဗင်္ဂသမ္ပန္နံ, သဗ္ဗကမ္မမုပါဂတံ၊
သတ္တရတနသမ္ပန္နံ, နာနာဇနသမာကုလံ၊
သမိဒ္ဓံ ဒေဝနဂရံဝ, အာဝါသံ ပုညကမ္မိနံ"

ပါဠိဂါထာတစ်ပုဒ်ကို သူက ရွတ်လိုက်တော့ "ဘုရားတနေတ
လား" ဟု မစ္စမာယန်က မေးကာ ရယ်မောသည်။ ရွတ်ပြမိသောဂါထာ
ဗုဒ္ဓအလိုတော်ကျ မြို့ပြအဓိပ္ပါယ်ကို ရှင်းပြသည့်အခါ သူမမျက်နှာတွင
ရင်သတ်ရှုမောဟန် အထင်းသား။

ဒီလို မာယန်ရဲ့..

"ငါတို့ ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့လေးရဲ့ အမရဝတ
မြို့တော်ဟာ **ဒဿနေယျံ**၊ ရှုချင်ဖွယ်ကောင်းတယ်။ ကြည့်လေရာရာ ထိန်

သိမ်းပြုပြင်မှု (Maintenance) အသစ်ဖန်တီးမှု (new creation) တွေနဲ့ သန့်ရှင်းလှပနေတာဆိုပဲ။

**မနောရမ်** နှလုံးမွေ့ပျော်ဖွယ်ရာတွေနဲ့ ပြည့်စုံတယ်။ ဥယျာဉ်ပန်းမာလ် အားကစားကွင်းနဲ့ အပန်းဖြေစခန်းတွေနဲ့ စွဲမက်ကြည်မွေ့ဖွယ်ကောင်းတယ်တဲ့"

"စိတ်ဝင်စားဖို့ သိပ်ကောင်းတယ် ရန်ကုန်ပူရဲ့ မနောရမ် ဆိုတာမျိုးလား ဆက်ပါဦး ဗင်"

အရှင် ဟု အဓိပ္ပါယ်ရသော အာလုပ်စကားကို သုံးကာ သူပြောသော ဗုဒ္ဓဘာသာမြို့ပြကို နားထောင်လိုကြောင်း အားတက်သရော ပြောလာသည်။

"ပြီးတော့ **ဒသဟိသဒ္ဒေဟိ အဝိဝိတ္တံ** အသံဆယ်မျိုးနဲ့ မဆိတ်မည် စည်းကားနေတယ်။ ပို့ဆောင်ရေး ခရီးသွားလာရေးအတွက် အားထားရတဲ့ ဆင်တွေ မြင်းတွေရဲ့ အသံတွေ တဲ့။ ဒီနေ့ခေတ်လို ဆိုရင်တော့ လေယာဉ် သင်္ဘော ရထားနဲ့ ကားသံတွေ သိုက်မြိုက်နေသလိုမျိုးပေါ့။ မင်းခမ်းမင်းနား ပွဲလမ်းသဘင်နဲ့ ဂီတဖျော်ဖြေပွဲတွေရဲ့ အုတ်အုတ်ကျက်ကျက် အသံတွေ တဲ့..။"

"အိုး ဖွံ့ဖြိုးပြီးနိုင်ငံတစ်ခုပါပဲလား"

ဆက်နားထောင်ကြည့်ပါဦး။

**အန္နပါနသမာယုတ်**၊ စားဖွယ်သောက်ဖွယ်တွေလည်း ပေါများတယ်။ **ခါဒထ ပိဝထ အန္နပါနေန ဃောသိတ်**၊ "ပေးကြပါ ကမ်းကြပါ" ဆိုတဲ့ သူဖုန်းစား စကားမကြားရဘဲ စားကြပါ သောက်ကြပါဆိုတဲ့ စားသောက်ဆိုင်တွေ အလှူပွဲတွေရဲ့ ဖိတ်ခေါ်ကမ်းလှမ်းသံတွေသာ ပွဲတင်ထပ်နေတယ်။ **သဗ္ဗင်္ဂသမ္ပန္နံ** မြို့ပြရဲ့ လိုအပ်ချက်အင်္ဂါရပ်တွေ ပြည့်စုံတယ်။

"သိပ်ကောင်းတာပဲ"

"ဒီနေ့ခေတ်မှာ လူပြောသူပြော အများဆုံးအချက်တွေ ပါလာပြီ၊ **သဗ္ဗကမ္မမုပါဂတံ**၊ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ကူးသန်းရောင်းဝယ်ရေး ကဏ္ဍာ ပွင့်လင်းလွတ်လပ်တဲ့ စီးပွားရေးဇုံလည်း ရှိသတဲ့။"

"Oh great, Really Metropolitan City" (တကယ့်မြို့တော်ကြီးပါပဲလား)

"ဟုတ်ပ ဟုတ်ပ **သတ္တရတနသမ္ပန္နံ၊** ရတနာချေးကွက်ကြီးလည်းရှိတယ်တဲ့။ **နာနာဇနသမာကုလံ၊** ဒေသနဲ့ ဘာသာစကား မတူကွဲပြားတဲ့ လူမျိုးပေါင်းစုံ ချစ်ကြည်စွာ စုပေါင်းနေထိုင်တဲ့ မြို့တော်တဲ့။"

"Cosmopolitan မြို့ပြသဘောတရားကို ဗုဒ္ဓအရှင်က ကျေညက်အောင် ဟောထားခဲ့တာပါပဲလား"

"**ဒေဝနဂရံ** နတ်မြို့တော်ကြီးလိုမျိုး တောက်ပခမ်းနားပြီး **ပုညကမ္မိနံ အာဝါသံ** အလုပ်ကြိုးစားသူတွေ ကောင်းမှုမြတ်နိုးသူတို့ရဲ့မြို့တဲ့...။"

"အော် ရန်ကုန်နဲ့ ဗုဒ္ဓအရှင်ရဲ့ မြို့ပြဟောကြားချက်တွေက လွဲချော်နေတာပါပဲလား"

"အော် ဒါကတော့ ဒီလို ရှိပါတယ် ဘယ်လို ပြောမလဲပေါ့"ဟု ဓမ္မကထိကသည် လေချိုသွေးကာ တရားကို အဆုံးသတ်ရဖူးလေသည်။

(၃၃)

လူစုံသည်နှင့် ခန်းမငယ်၏ အလင်းများ မှိန်ဖျော့သွားကြသည်။ ဘဲဥပုံခန်းမအလယ်တွင် ရုပ်လုံးကြွပုံရိပ်အချို့ ပေါ်လာ၏။ ကမ္ဘာ့အမွေအနှစ်ကျိုက်ထီးရိုးစေတီတော်မြတ်၏ သမိုင်းသုတမှတ်တမ်း (Documentry) ရုပ်ရှင်တစ်ခုဖြစ်ကြောင်း နောက်ခံအသံတစ်ခုပေါ်လာသည်။

ယူနက်စကိုအဖွဲ့ကြီး၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ကျိုက်ထီးရိုးစေတီမြတ်၏ သမိုင်းသုတမှတ်တမ်းရုပ်ရှင် (Documentry Film) တစ်ခုဖြစ်ကြောင်း နောက်ခံအသံတစ်ခုပေါ်လာသည်။ ရွှေပြည်ကြီးသည် ယဉ်ကျေးမှုနှင့် သဘာဝအလှတရားများ ကြွယ်ပိုးကြွယ်ဝရှိခဲ့သည့်တိုင် ကမ္ဘာ့ရွာအပြင်ဘက်တွင် နှစ်ပေါင်းများစွာ ပေကပ်နေခဲ့ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ အားနည်းခြင်းစသော အခြေခံချို့ယွင်းမှုများကြောင့် ကုလသမဂ္ဂယူနက်စကိုအဖွဲ့ကြီး၏ ဥပေက္ခာနှစ်ကာလများကို ဖြတ်သန်းခဲ့ရသည်။ အရှေ့တောင်အာရှ နိုင်ငံများထဲမှ

စင်ကာပူ၊ ဘရူနိုင်းနှင့် အရှေ့တီမောနိုင်ငံများနည်းတူ ယဉ်ကျေးမှုအမွေအနှစ် မရှိသော နိုင်ငံတစ်ခုပမာ မျက်နှာငယ်ခဲ့ရသည်။

ပိုလန်၏ ကရာကိုးမြို့ဟောင်း (Kraków Old Town)လိုပင် သမိုင်းကောင်းရှိသော အရမဒ္ဒနပူရမြို့တော် ပုဂံသည် ကမ္ဘာ့အမွေအနှစ်မျက်လုံးများဆီ မရောက်နိုင်ခဲ့။ အမှန်ဆိုတော့ ရွှေပြည်ကြီး၏ ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ခြင်းဟူသည်က ရွှေရှိသော ဘုရားကို ထုံးသုတ်ခြင်းနှင့် ထုံးဖြူဖြူစေတီကို ရွှေမင်လိမ်းကျံခြင်း၊ အုတ်ပုံဖြိုခြင်း၊ အုတ်ပုံပြန်စီခြင်း သဘောမျှသာ ရှိခဲ့ဖူးလေသည်ကော..။ ယဉ်ကျေးမှုမဲ့သော အမှောင်သက္ကရာဇ်များတွင် ရွှေပြည်ကြီး၏ အလှတရားများ လုံးပါးပါးခဲ့ရဖူးသည်။

၂၀၁၄ ခုနှစ်မှာတော့ ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာပျူမြို့ဟောင်း သုံးခုကို ကမ္ဘာ့အမွေအနှစ်အဖြစ် စတင် အသိအမှတ်ပြုခြင်းခံရသည်။ ထို့နောက်မှာတော့ ဟူးကောင်းတောင်ကြား၊ ပြဒါးလင်းဂူနှင့် မြိတ်ကျွန်းစု စသော သဘာဝအရင်းအမြစ်များ ကမ္ဘာ့အမွေအနှစ် ဖြစ်လာခဲ့ရသည်။

(၃၄)

သူက ရုပ်လုံးကြွမှတ်တမ်းကို ဆက်ငေးနေမိသည်။ ငယ်ငယ်က လမ်းဆုံလမ်းခွတွင် လေတိုက်တိုင်းလှုပ်သော ပိတ်ကားထောင်ရုပ်ရှင်ကို အမှတ်ရမိတော့ ပြုံးရသည်။ စိမ်းညို့ဝေသော တောင်ခိုးတောင်ငွေ့ရိပ်ကျောက်သားအင်္ဂူတွင် ကျိုက်ထီးရိုးစေတီကို ထင်းထင်းဖူးမြင်ရသည်။ သဘာဝမပျက်ယွင်းသော အကြမ်းထည်မြင်ကွင်းတွင် တရွေ့ရွေ့ ရုံးစုသွားလာနေကြသော လူအုပ်ကြီးကို တွေ့ရ၏။

"ခု မြင်နေရတာကတော့ ခေတ်အဆက်ဆက်ပြောင်းလဲလာတဲ့ ကျိုက်ထီးရိုးစေတီတော်မြတ်ရဲ့ ဘုရားဖူးခရီးပဲ ဖြစ်ပါတယ်..။ ပင်လယ်ပြင်အမြင့်ပေ ၃၆၀၀ မှာ တည်ရှိတဲ့ ကျိုက်ထီးရိုးစေတီတော်မြတ် ခြေတော်ရင်းကို ရောက်ဖို့ ဘုရားဖူးခရီးသွားတွေဟာ ကင်ပွန်းစခန်းကနေ (၇)မိုင်ခန့်

ခရီးကို စခန်းပေါင်း ၂၇ ခုကို ဖြတ်သန်းပြီး ခြေလျှင်တက်ကြရမှာ ဖြ
ပါတယ်။ သက်ကြီးရွယ်အိုနဲ့ နာမကျန်းသူတွေကတော့ အထမ်းသမာ
တွေရဲ့ အကူအညီနဲ့ တက်ကြရတာကို မြင်ရမှာဖြစ်ပါတယ်..။"

ပုံရိပ်များ တဖြေးဖြေး ပြောင်းလဲသွားသည်။ ရွှေ့လျားနေသေ
လူများနေရာတွင် ဝေါကနဲ ဝေါကနဲ မောင်းတက်သွားသော ကားတန်းကြ
များကို မြင်ရသည်။ ခြေသွားလမ်းမှ ကားလမ်းအဆင့်သို့ ကူးပြောင်း
အခြေအနေတစ်ရပ်၏ လှိုက်ဖိုဖွယ် မြင်ကွင်းတစ်ခုဖြစ်သည်။

နိုင်ငံတကာနည်းပညာ အကူအညီနှင့် ကင်းကွာလျက် နှမ်းပါ
သော ဘတ်ဂျက်အခြေအနေကို မှီခိုတည်ဆောက်ခဲ့ရသော ကျိုက်ထီးရိ
တောင်တက်လမ်းများသည် ဆွစ်ဇာလန် အဲ့လ်ပ်စ်တောင်တန်းဖြတ်လ
(Alps Pass Turnel) များ၏ ချောညက်အိအရသာမျိုးထက် သည်းထိ
ရင်ဖို ရိုလာကိုစတာ ခံစားမှုဆန်သည်။

ကား၏ ကြံ့ခိုင်မှုနှင့် ယာဉ်မောင်း၏ ကျွမ်းကျင်မှုကိုသ
အားကိုးအားထားပြုရသော လမ်းစနစ်မှလွဲ၍ အခြားရွေးချယ်ခွင့် မရှိသေ
ရွှေပြည်ကြီး၏ ခရီးသွားလောကခံနှင့် အသားကျစွာပင် အခြားဘုရား
များနှင့်အတူ ဝေး ဝေး အော်ဟစ်သံများကြားသို့ သူကိုယ်တိုင် ရောက
သွားသည်။ ထိုကာလများဆီက ကျိုက်ထီးရိုးသို့ သုံးကြိမ်ထက်မနည်
သွားရောက်ဖူးမြော်ခဲ့သည်။

မိတ်ဆွေရဟန်းတော်တစ်ပါးကတော့ "ငါတို့ အစိုးရမင်းတေ
ကတော့ တိုင်းသူပြည်သားတွေကို ဘာသာရေး မျက်ခြေမပြတ်အော
စီစဉ်ထားတာပဲ..။ တစ်နိုင်ငံလုံး ဘုရားတရတဲ့ လမ်းတွေချည်းပဲ ခင်းထ
တာ ငါ့ရှင်" ဟု ရယ်ရွှန်းသည်။

၂၀၂၀ နှစ်တွင် ဂျပန်နိုင်ငံ၊ အိုဆာကာမြို့တော်ရှိ မုခ်ဦးမျှော်စ
အဆောက်အဦ (Gate Tower Building)တံတားကို တည်ဆောက်
သည့် ဆောက်လုပ်ရေးကုမ္ပဏီ ဆတိုကိုဂျို၏ နည်းပညာပံ့ပိုးမှုဖြင့် မြန်မာ
ဗိုသုကာ၊ လမ်းတံတားအင်ဂျင်နီယာများက နန္ဒောပနန္ဒပရောဂျက်ကို စတ
နိုင်ခဲ့သည်။ ကျိုက်ထီးရိုးတောင်မြေသားကို အားထားတည်ဆောက်ခဲ့သေ

လမ်းဟောင်းကို ဖျက်သိမ်းကာ နဂါးခံတွင်းသဖွယ် ဥမင်များ၊ နည်းပညာမြင့်မားသော တံတားများထိုးကာ လမ်းသစ်ဖောက်ခဲ့သည်။

မြင်းမိုရ်တောင်ကို ပတ်ခွေသော နန္ဒောပနန္ဒနတ်နဂါး၏ အသွင်သဏ္ဌာန်ကို ပုံဖော်ထားခြင်းဖြစ်၍ ရာစုသစ် အံ့ဖွယ်တံတားလမ်းတစ်ခုဖြစ်လာခဲ့လေသည်။

(၃၅)

အစိမ်းရောင်လူငယ်များအဖွဲ့က ရွှေပြည်ကြီး၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုနှင့် ဆိုင်သော သတင်းအချက်အလက်များ ဖြန့်ဝေရှင်းပြနေဆဲမှာပင် ခွင့်တောင်းကာ သူထွက်လာခဲ့သည်။ မစ္စမာယန်ကို နှုတ်ဆက်လျက် သူ့ ဓမ္မဂင်္ဂါကောလိပ်သို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သေးသည်။ ရွှေတိုင်ညွန့် စာကြည့်တိုက်ကြီး၏ တံခါးချပ်များ ပွင့်သွားသည်နှင့် လှိုင်မြစ်ဆီမှ တိုက်ခတ်လာသော လေသန့်ကို သူ ရှိုက်မိသွား၏။ မြစ်ပြင်ကျယ်တွင် ကြယ်ငါးပွင့်ဟိုတယ်သင်္ဘောကြီးများကို မြင်နေရသည်။ ဓမ္မဂင်္ဂါ ကောလိပ်ငွေရတုအဖြစ် ကမ္ဘာ့ဗုဒ္ဓဘာသာ လူငယ်ဖိုရမ်တစ်ခုကို စန္ဒသူရိယသင်္ဘောပေါ်တွင် ကျင်းပခဲ့ဖူးသည်။

စာကြည့်တိုက်ရင်ပြင်ရှေ့ ရုပ်သံသင်ပုန်း စက္ကူချပ်များ ရှေ့တွင် ပျော်ရွှင်တက်ကြွစွာ လက်ခုပ်တီး ကောင်းချီးပေးနေသော လူအုပ်ကြီးကို တွေ့ရသည်။ ကိုယ်စီလက်ထဲမှာ ရွှေပြည်ကြီး၏ အလံတော်နှင့် အမေရိကန်ပြည်ထောင်စုအလံကို ဝှေ့ယမ်းလှုပ်ခါနေကြ၏။ ရွှေပြည်ကြီး သမ္မတ၏ ဖိတ်ကြားမှုဖြင့် အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စချဲလ်ဆီး ဝိတိုရိယကလင်တန် မယ်ဗင်စကီ ရောက်ရှိနေသည်ကို ခုမှ သတိရမိတော့သည်။

သတင်းများနှင့် ကမ္ဘာ့ရေးရာတွင် ဗုဒ္ဓအရှင်၏ လောကဓမ္မသွန်သင်ချက်များဖြင့် စောကြောလေ့ရှိသော ရဟန်းတစ်ပါးအနေဖြင့် ရုပ်သံစက္ကူချပ်တစ်ခု ရှေ့တွင် ခဏတာ ရပ်နားလိုက်သည်။ အယ်အီးဒီ မျက်နှာပြင်များ နေရာတွင် ပါးလွှာပေ့ါပါးသော ဝိုင်ယာလက်စ်စက္ကူကားချပ်များကို အစားထိုး အသုံးပြုထားသည့်အတွက် ရာသီပွဲတော်ရက်နှင့် ထူးခြား

သော အခမ်းအနားသတင်းများကို အချိန်မရွေး နေရာမရွေး တပ်ဆ
ထုတ်လွှင့်နိုင်သည်။

သမ္မတအိမ်တော်ရှေ့ မြက်ခင်းပြင် စကားပြောစင်တွင် သမ္မ
စုံတွဲများ ရပ်နေကြသည်။ ရွှေပြည်ကြီးသမ္မတက လေယူလေသိမ်း ကော
မွန်၍ အဆင့်အတန်းမြင့်သော အင်္ဂလိပ်ဘာသာစကားဖြင့် အမေရိက
ပြည်ထောင်စုသမ္မတကို ပရိသတ်အား မိတ်ဆက်ပေးနေသည်။ ဟာသ
ဉာဏ်ထက်၍ ရယ်ရွှန်းတတ်သော သမ္မတ၏ စကားတွင် မစ္စချဲဆီးတ
ဖနီးမောင်နံ့နှင့် ပရိသတ်များ ပွဲတွေ့နေကြ၏။

(၃၆)

ကာကွယ်ရေးဦးစီးချုပ်ဟောင်းသမ္မတ၏ ဝင့်ထည်ပြည့်ဝသော
နိုင်ငံရေးအလုံးအဖန်ကို သူ အသိအမှတ်ပြုရသည်။ ဒီမိုကရေစီ သ
တည် မွေးဖွားစကာလတွင် ရွှေပြည်ကြီးသည် အနာဂတ်အတွက် ကမော
ကမနိုင်လှသော အခြေခံဥပဒေစာအုပ်ကြီးနှင့်အတူ ကမ္ဘာ့ရွာအလယ်တွ
မျက်နှာငယ်ဖွယ်ရာ အခြေအနေကြုံခဲ့ရစဉ် ဥပဒေပြင်ဆင်ရေး ကြွေးကြေ
သော လူထုပင်လယ်ထဲ တပ်မတော်သားများစွာ ဝင်ရောက်စီးဆင်းခဲ့လေ
ရာ သမ္မတလောင်း ဗိုလ်မှူးလည်း ပါဝင်ခဲ့သည်။

မြန်မာ အမေရိကန်စစ်ရေး သဘောတူညီချက်အရ ဟာဝိုင်
ကျွန်း ဟိုနိုလူလူရှိ ရက်ဖတာခံတပ်(Fort Shafter) စစ်အခြေစိုက်စခ
သို့ အခြားတပ်မှူးများနှင့်အတူ စေလွှတ်ခြင်းခံရသည် ဟု သတင်းကြ
ရပြီး နောက်တစ်နှစ်တွင် မြန်မာနိုင်ငံမှ ပထမဆုံးပေးပို့သော ကုလသမ
ငြိမ်းချမ်းရေးတပ်ဖွဲ့ကို ဦးဆောင်ကာ အရှေ့အလယ်ပိုင်းဒေသ ဆီးရီးယာ
နှင့် အီရတ်နိုင်ငံများတွင် နိုင်ငံတကာတပ်မှူးကြီးများနှင့်အတူ ရင်ဘော
တန်း အမှုထမ်းခဲ့သည်။

ရှုပ်ထွေးပွေလီသော အာရပ်ပြဿနာကို စစ်ရေးသက်သ
မဟုတ်ဘဲ လူမျိုးရေး ဘာသာရေးရာများပါ သံတမန်နည်း နိုင်ငံရေးနည်
များဖြင့် ကိုင်တွယ်ဖြေရှင်းရခြင်းဖြစ်သည်။ သမ္မတကြီးကိုယ်တိုင်

အတွေ့အကြုံများကို အခြေခံရေးသော ဒမတ်စကပ်မှ ဘဂ္ဂဒက်သို့ စာအုပ်သည် ကမ္ဘာ့စစ်ပါရဂူနှင့် နိုင်ငံရေးသုတေသီတို့ကြား စကားဝိုင်းဖွဲ့ရသည်အထိ ကျော်ကြားခဲ့သည်။ ထိုစာအုပ်ကိုပင် မြန်မာ့လော်ကားဝုဒ်ရုပ်ရှင်ကုမ္ပဏီတစ်ခုက ရွှေပြည်ကြီးဖွား စစ်ပြန်မင်းသားတစ်ယောက်ကို ခေါင်းဆောင်တင်၍ ရုပ်ရှင်ပြန်ရိုက်ခဲ့ရာ သီတင်း(၉)ပတ်မျှ ဝင်ငွေစံချိန်တင်ခဲ့သည်။ စစ်မှုထမ်းဥပဒေ အတည်ပြုခဲ့ပြီးသည်မှာ နှစ်အတန်ကြာပြီဖြစ်၍ ရုပ်ရှင်ဂီတနယ်ပယ်က ဆယ်လီဘရစ်တီများ ကင်းလွတ်ခွင့် မရှိသလို အရပ်ဘက် လူ့အဖွဲ့စည်းနှင့် တပ်မတော်ကြားတွင် သွေးကွဲစကား မရှိတော့ခြင်းက ကြီးစွာသော အမြတ်ဖြစ်သည်။

ထိုဇာတ်ကားတွင် ဇာတ်ပို့အဖြစ် သရုပ်ဆောင်သော ဖောရက်စ်ဂမ့်စ်စတား ဟောလီဝုဒ်မင်းသားကြီး တွမ်ဟင့်ခ် က တစ်သက်တာ အကယ်ဒမီဆု ဆွတ်ခူးခဲ့သည်။

သမ္မတလောင်းတပ်မှူးကြီးကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ဟဒ်ဆန်မြစ်ကမ်းပေါ်ရှိ ဝက်စ်ပွိုင့်အကယ်ဒမီနှင့် ဆင်းဟတ်ဗြိတိန်တော်ဝင်စစ်တက္ကသိုလ်တို့တွင် မိန့်ခွန်းပြောကြားရန် ဖိတ်ကြားခံရစဉ်က ဂုဏ်ဒြပ်နှင့် မလိုက်ဖက်လောက်ပင် အသက်ငယ်နေသေးသည်။ ထို့နောက် ရာထူးအဆင့်ဆင့်တိုးမြှင့်ခြင်း ခံရပြီး ရွှေပြည်ကြီး၏ အသက်အငယ်ဆုံး ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာခဲ့သည်။

နိုင်ငံရေး ရည်မှန်းချက်ကြီးမားလှသော ဒကာတော်စစ်ဦးစီးချုပ်က သက်တမ်းမပြည့်မီ ရာထူးမှ နုတ်ထွက်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်တွင် ဘောဂဗေဒနှင့် နိုင်ငံရေးအထူးပြုလေ့လာကာ ပါရဂူဘွဲ့ယူခဲ့သည်။ အခုတော့ ရွှေပြည်ကြီး၏ သမ္မတကြီးအဖြစ် အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စချဲဆီး ဝိတိုရီယ ကလင်တန် မယ်ဗင်စကီနှင့်အတူ သန်းပေါင်းများစွာသော ကမ္ဘာ့ပြည်သူများရှေ့သို့ ရောက်ရှိနေလေပြီ။

(၃၇)

အပြုံးချို၍ မျက်လုံးအကြည့်တင့်တယ်သော မစ္စချဲလ်ဆီး စကားပြောရန် ဟန်ပြင်လိုက်သည်နှင့် လက်ခုပ်သံများ ညံသွားသည်။

"ဒီနေ့ဟာ ကျမအတွက်တော့ ရင်အခုန်ရဆုံးနေ့ပါပဲ.."ဟု သူမက စကားစသည်။

"ဒီနေ့မနက် ကြည်ညိုလေးမြတ်ဖွယ် ရွှေတိဂုံစေတီတော်ကြီးရဲ့ ရင်ပြင်တော်မှာ ခြေဗလာနဲ့ လျှောက်မိတဲ့အချိန် ဗုဒ္ဓဘာသာဝင်တို့ရဲ့ အလေ့အထကောင်းဖြစ်တဲ့ မိမိကိုယ်ကို နှိမ့်ချမှုနိဝါတတရား(Humility)နဲ့ ရိုသေကိုင်းရှိုင်းမှု ဂါရဝတရား(Respect)ကို ကျမကိုယ်တိုင် ထိတွေ့ခံစားခဲ့ရပါတယ်။ ကျမမေမေ ပထမဆုံး ရောက်လာချိန်ကလည်း ဒီလို ရင်ပြင်တော်မှာ ခြေဗလာနဲ့ လျှောက်ဖူးတာ ကျမမှတ်ထားတယ်ရှင့်။ ကျမမေမေရဲ့ လုံခြုံရေးအရာရှိတွေကတော့ ပထမဆုံး အတွေ့အကြုံမို့ အစီအစဉ် မရှိဘဲ ဖိနပ်ချွတ်ရတာဟာ အဆင်ပြေဟန် မရှိဘူးလို့ မေမေက ကျမကို ပြောပြဖူးတယ်။

မြန်မာ့ယဉ်ကျေးမှုအငွေ့အသက်တွေနဲ့ အထိအတွေ့ များနေပြီဖြစ်တဲ့ ကျမတို့ အရာရှိတွေအတွက်တော့ အခက်အခဲ မရှိနိုင်တော့ပါဘူး။

ကျမမွေးနံ ဗုဒ္ဓဟူးထောင့်မှာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို သက်စေ့ရေပူဇော်တော့ သမ္မတကြီး မစ္စတာအိုဘားမားနဲ့ ကျမ မေမေတို့ အုတ်မြစ်ချခဲ့တဲ့ ကျမတို့ နှစ်နိုင်ငံရဲ့ မေတ္တာပေါင်းကူးတံတား ကမ္ဘာတည်ပါစေလို့ ဆုတောင်းမိပါရောရှင်။"

"မှတ်မှတ်ရရ ဒီနေ့ဟာ ကမ္ဘာ့ဒီမိုကရေစီနေ့ ဖြစ်နေတာက အံ့ဩဖွယ် တိုက်ဆိုင်မှုတစ်ခု မဟုတ်ပါဘူး။ ဒီနေ့ ဒီအချိန် ဒီနေရာမှာ ရှိနေဖို့ ကျမကိုယ်တိုင် ရွေးချယ်ခဲ့တာမို့ပါပဲ။ ၂၀၁၀ လွန်ကာလတွေမှာ နိုင်ငံရေး အကျပ်ရိုက်မှု (Dillemma)တွေနဲ့ ထွက်ပေါက်ပိတ်သလို ဖြစ်ခဲ့တဲ့ ကျမတို့ရဲ့ မိတ်ဆွေကောင်း မြန်မာနိုင်ငံဟာ ခုတော့ ကမ္ဘာ့ ဒီမိုကရေစီမြစ်ဆုံတစ်ခု ဖြစ်နေပါပြီ။ အံ့ဩဖွယ်အရွေ့ (Paradign Shift)က ကျမတို့ကို မျက်လှည့်ပြလိုက်ပါတယ်။ ထင်မှတ်မထားတဲ့ အချိုးအကွေ့နဲ့ မြန်မာနိုင်ငံဟာ ကမ္ဘာ့ဒီမိုကရေစီစံပြနိုင်ငံအဖြစ် အောင်မြင်စွာ ခုတ်မောင်းနိုင်ခဲ့ပါပြီ။

၂၀၂၀ ခုနှစ်က နိုင်ငံရေးလောကက အနားယူသွားခဲ့ပြီး ခမ်းနားတဲ့ ကမ္ဘာ့ဒီမိုကရေစီသမိုင်းအသစ်ကို အမွေထားနိုင်ခဲ့တဲ့ ကျမမေမေရဲ့ မိတ်ဆွေ အမျိုးကောင်းသမီးကြီးဟာ မြန်မာပြည်အတွက်သာမက ကျမတို့ အမေရိကန်ပြည်ထောင်စုအပါအဝင် ကမ္ဘာ့လူသားအားလုံးအတွက် သက်ရှိ ကျောက်စာတိုင်ကြီး ဖြစ်ခဲ့ပါပြီ။"

ကျမမေမေကတော့ "ခက်ခဲသောရွေးချယ်မှုများ (Hard Choices)" ဆိုတဲ့ စာအုပ်မှာ "အမျိုးသမီးနဲ့ ဗိုလ်ချုပ်ကြီးများ"ဆိုတဲ့ အခန်းတစ်ခန်း ထည့်ရေးခဲ့ပါတယ်။ ညှိနှိုင်းဖို့ခက်ခဲတဲ့ ဆန့်ကျင်ဘက် အခြေအနေတွေကို ရေးထားခဲ့တာပါ။ ကျမကတော့ "ဗိုလ်ချုပ်ကြီးနဲ့ အမျိုးသမီးများ" ဆိုတဲ့ အခန်းကို လွယ်ကူသော ချဉ်းကပ်မှု (Easy Approach) လို့ အမည်ပေးမယ့် ကျမ စာအုပ်ထဲမှာ ထည့်ရေးရပါတော့မယ်။

ကျမရေးမယ့် ဗိုလ်ချုပ်ကြီးကတော့ ကျမမေမေရဲ့ ဗိုလ်ချုပ်ကြီးတွေနဲ့ တူမှာတော့ မဟုတ်ဘူးပေါ့ရှင်။

ဗိုလ်ချုပ်ကြီးဟောင်း သမ္မတနှင့် အမျိုးသမီးဝန်ကြီးများ၊ အမျိုးသမီး လွှတ်တော်အမတ်များက ပြုံးနေသည်။

(၃၈)

ဟန်ပန်အမူအရာ တက်ကြွ၍ စကားအလင်္ကာ ကြွယ်လှသော အမေရိကန်အမျိုးသမီးသမ္မတ၏ ဒီမိုကရေစီကထာတွင် သူ မျောပါသွားသည်။ မစ္စချဲဆီးက မြန်မာအမေရိကန်ဆက်ဆံရေးသမိုင်းစဉ်ကို ဆက်ပြော၏။ စီးပွားရေး အကျိုးတူပူးပေါင်းမှု၊ ပူးတွဲစစ်ရေး လေ့ကျင့်မှု၊ သိပ္ပံနှင့် နည်းပညာဖလှယ်ရေးနှင့် တက္ကသိုလ်ပေါင်းကူးအစီအစဉ် ခေါင်းစဉ်များဆီ ရောက်သွား၏။

ရှုပ်ထွေးကျယ်ပြန့်သော နိုင်ငံရေး စီးပွားရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စများထက် ပညာရေးပေါင်းကူးအစီအစဉ်ကို သူ စိတ်ဝင်စားသည်။ အမေရိကန်တက္ကသိုလ်ကြီးများနှင့် ရွှေပြည်ကြီး၏ တက္ကသိုလ်များ

ကြား ပညာရေးဖလှယ်မှုအစီအစဉ် (Exchange Program)များကို သ
ကြိုဆိုသည်။ ရွှေပြည်ကြီးသား လူငယ်မောင်မယ်တို့အနေဖြင့် အမေရိ
နှင့် ဥရောပနိုင်ငံတက္ကသိုလ်ကြီးများသို့ အလွယ်တကူ တက်ရောက်နိုင်
သည်မှာ နှစ်ပရိစ္ဆေဒ မနည်းတော့ပြီ။ ရွှေပြည်ကြီး၏ အဖိုးနည်းဝန်
ပညာရေး အခင်းအကျင်းကလည်း နိုင်ငံတကာ ကျောင်းတော်သား
မျက်စိကျချင်စရာ ကောင်းသည်။ လွန်ခဲ့သော နှစ်အတန်ကြာကပ
ကမ္ဘာကျော်ရန်ကုန်တက္ကသိုလ်ကြီးတွင် ထောင်နှင့်ချီသော နိုင်ငံတက
ကျောင်းသားတို့အတွက် နိုင်ငံတကာကျောင်းသားဆောင် (Internation
Students House)များ တိုးချဲ့ ဆောက်လုပ်လျက်ရှိကြောင်း သတင်းမျ
ဖတ်ရသည်မှာ မုဒိတာပွားဖို့ ကောင်းသည်။ အဓိပတိလမ်းမကြီးသ
ပညာလူ့အဖွဲ့အစည်း၏ သင်္ကေတတစ်ခု ဖြစ်လာခဲ့သည်။

သူရေးသားထုတ်ဝေခဲ့သော "အဓိပတိလမ်းပေါ်က ရဟန်းသည
မြန်မာစာလေ့လာသော နိုင်ငံတကာကျောင်းသားတို့၏ ဘွဲ့ယူစာတမ်းမျ
အတွက် ကိုးကားကျမ်း ဖြစ်လာခဲ့သည်။

ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာနတွင် ပါဠိနှင့် သက္က
ဆိုင်ရာ ဧည့်ပါမောက္ခအဖြစ် ဆောင်ရွက်လျက်ရှိသော ဩစတြီးယားနိုင်
သား ဒေါက်တာဖရန်စစ်က တနင်္ဂနွေနေ့တိုင်း ဆွမ်းစားပင့်ဖိတ်လေ့
သဖြင့် ရန်ကုန်တက္ကသိုလ်ပရဝုဏ်သို့ သူလည်း မကြာခဏရောက်သည်
ဆွမ်းစားပွဲဆိုသော်လည်း ဒေါက်တာဖရန်စစ်ကဲ့သို့ ရန်ကုန်တက္ကသိုလ်ကြ
တွင် အမှုထမ်းနေကြသည့် နိုင်ငံတကာပါမောက္ခများ စုဝေး၍ တရ
ဓမ္မနှင့် ဒဿနအဘိဓမ္မာ အမျိုးမျိုးဆွေးနွေးရာ ဓမ္မသာကစ္ဆာပွဲတစ်ခုလည
ဖြစ်သည်။

မစ္စချဲလ်ဆီးက "ကျမတို့ရဲ့ နိုင်ငံခြားရေးမူဝါဒဟာ မြန်မာနိုင်
အစိုးရနဲ့ ပြည်သူတွေရဲ့ ထက်သန်အားကြီးလှတဲ့ ပြုပြင်ပြောင်းလဲ
မြစ်ကြောင်းအတိုင်း စည်းချက်ညီညီ လော်ခတ်ခဲ့ပါတယ်။ ကျမတို့ နှ
နိုင်ငံကြားမှာ ဗီဇာကင်းလွတ်ခွင့် သဘောတူညီမှု စာချုပ်လွှာကို လက်မှ
ထိုးနိုင်ခဲ့တာ ဆယ်စုနှစ်ကျော်လွန်ခဲ့ပါပြီ။ တူညီတဲ့ အိပ်မက်တွေအတွ

နယ်နိမိတ်တွေ အကန့်အသတ် မလိုတော့ပါဘူးရှင်။" ဟု ပြောသည့်အခါ ပရိသတ်နှင့်အတူ လက်ခုပ်တီးမိတော့မလို ဖြစ်သွားသည်။

(၃၉)

အေဒီ ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ဖွံ့ဖြိုးမှုတိုင်းတာသော ပေတံမျဉ်းအောက် ၁၅၀ မြောက်နိုင်ငံအဖြစ် ပြောင်ပြောင်တင်းတင်း မငြင်းသာအောင် ရှိခဲ့သော ရွှေပြည်ကြီးနေ မျက်နှာမွဲပြည်သူတို့အတွက် နိုင်ငံတကာက ဧည့်ကောင်းဆောင်ကောင်းအဖြစ် လက်ခံကြောင်း ပြသသည့် လွယ်ကူသော ပြည်ဝင်ခွင့်ဗီဇာဟူသည် ဒုလ္လဘတရားတစ်မျိုးပင် ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် ဗီဇာကင်းလွတ်ခွင့်ပြုသော နိုင်ငံများကို လက်ချိုးရေတွက်သော်လာအို ဗီယက်နမ် ဖိလစ်ပိုင်နှင့် မော်လဒိုက်ကျွန်း နိုင်ငံသေးသေးလေးမျှဖြစ်သည်။ နိုင်ငံ ၁၈၀ ကျော်မျှသော ကမ္ဘာ့လူ့အဖွဲ့အစည်းတွင် မျက်နှာငယ်အောင် ဝိုင်းပယ်ထားခြင်း ခံရသည်မှာ ထင်ရှားလှသည်။

သူသည် သာသနာ့ပညာရေး သောတုဇနအဖြစ် ပရိယတ္တိစာပေများ ဆည်းပူးရင်း ကျေးလက်မှ မြို့ပြသို့ တဖြေးဖြေး မြင့်တက်ရွှေ့လျားလာခဲ့ရသည်။ ပြည်တွင်းတက္ကသိုလ်မှ ပြည်ပတက္ကသိုလ်တစ်ခုသို့ ပေါင်းကူးနိုင်ရန် ကြိုးစားခဲ့၏။ ထိုအခါ နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်းဟူသော ဒုက္ခရစရိယာကျင့်စဉ်ကို ကျင့်ရတော့သည်။ တစ်ခန်းဝင်တစ်ခန်းထွက် ရှုပ်ထွေးပွေလီသော စာရွက်စာတမ်းနှင့် ထောက်ခံစာအမျိုးမျိုး ငွေရပြေစာ ဖြတ်ပိုင်းအဖုံဖုံကို စုပြုံဖိုင်တွဲကာ လေ့ကားထစ်များစွာကို ဒေသစာရီ ကြွချီရသည်။

ရဟန်းတစ်ပါးပေမို့ ပွဲစားမလိုသော်လည်း ပြက္ခဒိန်တစ်စောင်လောက်တော့ လျှောက်လွှာနှင့်တွဲကာ ဝယ်ယူအားပေးရတတ်သည်။ သို့သော် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံကူးလက်မှတ် သက်တမ်းတိုးရန်တစ်ခေါက်ရောက်ချိန် ယခင်ကထက် ပိုမိုမြန်ဆန်သော ကွန်ပျူတာ နည်းပညာ သုံးရုံးလုပ်ငန်းများကို သူ ကျေနပ်ရသည်။ ဝန်ထမ်းများ၏ ပြည်သူ့ဝန်ဆောင်မှုနှင့် နီးကပ်လာသော အခြေအနေကို ပီတိဖြစ်ရသည်။ ထောက်ခံ

စာ အမျိုးမျိုးပေးရသော ဝင်္ဒုက္ခမှလည်း ငြိမ်းသွားလေပြီ။ အချက်အလက်
ဒေတာစုံသော လျှောက်လွှာဖြစ်ဖို့သာ လိုသည်။ ၂၀၁၉ ခုနှစ်နှင့် ၂၀၂
၂၀၄၄ ခုနှစ်များတွင် နိုင်ငံကူးလက်မှတ် သက်တမ်းတိုးရသေးသည်။

သို့သော် တံဆိပ်တုံးထုရသော စာအုပ်နေရာတွင် ဒစ်ဂျစ်တယ်
ကုဒ်စနစ် စမတ်ကဒ်များကို အစားထိုးအသုံးပြုလာသည့်အတွက် လူ
ကိုယ်တိုင်ဖြစ်စေ အွန်လိုင်းမှ ဖြစ်စေ လွယ်ကူစွာ သက်တမ်းတိုးနိုင်သည်
နိုင်ငံကူးလက်မှတ်ရပြီးသောအခါ သွားရောက်လိုသည့်နိုင်ငံ ပြည်ဝင်ခွင့်
ဗီဇာ လျှောက်ထားရသည်။ ၂၀၁၀ မတိုင်မီက ရွှေပြည်ကြီးသားတို့ လက်
ဝယ် ကိုင်ဆောင်ထားသော နိုင်ငံကူးလက်မှတ် အနီရောင်သည် ဆင်း
မွဲတေခြင်း၊ လူ့ဂုဏ်သိက္ခာမဲ့မှုနှင့် အနိမ်ခံဘဝကို ကိုယ်စားပြုသည်။ အရှေ့
တောင်အာရှ အချင်းချင်းဖြစ်သည့် နိုင်ငံများသည်ပင် ရွှေပြည်ကြီးသား
တို့ကို အကန့်အသတ် ပြုချင်ခဲ့ကြသည်။

လူဝင်မှုကြီးကြပ်ရေးကောင်တာ၏ ဘယ်လောက် ကြာအော
နေမှာလဲ ဟူသော မေးခွန်းနောက်တွင် ဆက်တိုက်ကပ်ပါလာသည
ပိုက်ဆံဘယ်လောက်ပါလဲ ဟူသော မေးခွန်းကို ဖြေရသည်။ ပိုက်ဆံပြ
ရခြင်း (Show Money)မျိုး ကြုံရသည်။ ဧည့်သည်တစ်ယောက်
ကြိုဆိုခြင်းမျိုးမဟုတ် ခံစားရသည်။ အလေအလွင့်တစ်ယောက်လို သော
တင်နေမည်ကို သံသယဖြစ်ခြင်းပင်။ ထိုစဉ် ရွှေပြည်ကြီး၏ အခြေအ
ကလည်း သောင်မှဲ့ ကမ်းဝေးဖြစ်နေခဲ့သည် မဟုတ်လား။

ထိုကာလများဆီက ဩစတြေးလျ၊ ဥရောပနှင့် အာရှတိုက် နိုင
ပေါင်း ၂၀ ကျော် လည်ပတ်ခဲ့ဖူးသော သူကိုယ်တိုင်သည်ပင် ဗီဇာငြင်းပ
ခြင်းကို အကြိမ်ကြိမ်ကြုံရသည်။ ငွေကုန်လက်ပမ်းကျ ခြေတိုအော
လျှောက်ထားခဲ့ပြီးပါမှ အလွယ်တကူ ငြင်းပယ်ခြင်းခံရသည့် လောကခံ
ခါးသက်သက်။

ရွှေပြည်ကြီးသားတို့ နိုင်ငံဝင်ခွင့်လျှောက်လွှာကို မျက်ကွ
ဆုံးဖြတ်သော သံရုံးသို့လည်း သူရောက်ဖူးသည်။ ဗီဇာမပေးမီ ဗီဇာ

ကောက်ခံသော စနစ်ကို သဘောတူရ၏။ နိုင်ငံကူးလက်မှတ်ပြန်ပေးရန် ချိန်းဆိုထားသောနေ့တွင် ဗီဇာဌာန(Visa Section)မှ ချိတ်ပိတ်ထားသော စာအိတ်တစ်လုံးကို ကမ်းပေးသည်။ သံရုံးအပြင်ဘက်ရောက်မှ ဖွင့်ကြည့်ရန် ဟု ဆိုသည်။ ဖွင့်ကြည့်လိုက်သည်နှင့် ဗီဇာဗလာနိုင်ငံကူးလက်မှတ်နှင့်အတူ စာရွက်တစ်ရွက် ထွက်လာသည်။ ဗီဇာငြင်းပယ်လိုက်သည်နှင့် ဗီဇာငြင်းပယ်ရခြင်း အကြောင်းပြချက်များကို ဖတ်ရ၏။

ထိုအကြောင်းပြချက်များသည် လူချင်းတွေ့ဆုံ ရှင်းပြခွင့်ရလျှင်အော် ဒီလိုကိုး ဖြစ်သွားနိုင်သော အရာများသာဖြစ်၏။ သို့သော် လူတစ်ယောက်က လူတစ်ယောက်ဆီ သွားဖို့ အိပ်မက်တစ်ခုက အိပ်မက်တစ်ခုနှင့် ချိတ်ဆက်ဖို့ ဗီဇာချောင်းကြီး ခြားခဲ့ဖူးလေသည်။

ဒီမိုကရေစီအသွင် ကူးပြောင်းစကာလ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အငြင်းပွားဖွယ် ဥပဒေများကို ပြည်သူ့ဆန္ဒခံယူကာ လွှတ်တော်မှ အတည်ပြုပြောင်းလဲနိုင်ခဲ့သည့် နှစ်တွင် အာဆီယံနှင့် တရုတ် အိန္ဒိယနိုင်ငံများ ဗီဇာကင်းလွတ်ခွင့် ရခဲ့သည်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ အခြေခိုင်လာပြီး ဖွံ့ဖြိုးမှုညွှန်းကိန်း တက်လာသည့် ၂၀၂၀ နောက်ပိုင်းတွင် အနောက်နိုင်ငံကြီးများက ဗီဇာဖြေလျှော့မှု လုပ်လာကြသည်။

သို့နှင့် ယခင်က ဗန်ကောက် စင်ကာပူနှင့် ဘာလီမျှဖြင့် ဝဲချာလည်နေသော ရွှေပြည်ကြီးသားတို့အတွက် ဩစတြေးလျ ဥရောပနှင့် အမေရိက ခရီး (Package Tour)များ အလုပ်ဖြစ်လာသည်။ ပါရီမြို့တော်၏ ရှောင်ဇေလီဇေလမ်းမကြီးပေါ် ရွှေပြည်ကြီးသားတို့ မော့မော့မင်းမင်း လမ်းလျှောက်ကြ၏။ အီဂျစ်ပိရမစ်ရှိုးပွဲများသို့ တိုးဝှေ့ကြ၏။ ပစိဖိတ်ကမ်းခြေ အိပ်မက်မက်ကြ၏။ ဟောလီဝုဒ်တွင် ဝင်ရောက်စပ်စုကဝေါဒစ္စနေတွင် ပြာကြ၏။

အိုးမကွာအိမ်မကွာ လုံလောက်သည့် ငွေကြေးရနိုင်သော အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်လာသည့်အတွက် ပြည်ပရောက် ကော်လာဖြူ ကော်လာပြာ ရွှေပြည်ကြီးသားတို့ ပြည်တော်ဝင်လာခဲ့ကြသည်။ အိုဗာစတေးဖြင့် ဟိုဒီပြေးလွှား ပုန်းရှောင်ရသော အိပ်မက်ဆိုးမှ နိုးထနိုင်ခဲ့ကြပြီ။

(၄၀)

"အရှင်ဘုရား အရှင်ဘုရား"

အမေရိကန်သမ္မတမစ္စချဲဆီး၏ ဗီဇာကင်းလွတ်ခွင့် စကားရေယဉ်ကြောတွင် အတွေးများ မျောပါသွားရာမှ နှုတ်ဆက်အာလုပ်ပြုသံကြောင့် သူ နိုးထလာသည်။

တူညီဝတ်စုံဝတ်ဆင်ထားသော ဆယ်ကျော်သက် ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက် ဖြစ်သည်။

"ဘုန်းဘုရား မြို့တော်ထဲ လှည့်ကြည့်မလားဘုရား၊ မြို့တော်ခရီး (City Tour) လက်မှတ်ရောင်းပေးပါတယ်။ ဘတ်စ်ကားနဲ့ ဖြစ်ဖြစ် သင်္ဘောနဲ့ဖြစ်ဖြစ် သွားလို့ရပါတယ်။ လက်မှတ်တစ်စောင်ဝယ်လိုက်တာနဲ့ ဘုန်းဘုရား ကြိုက်တာ ရွေးချယ်စီးနိုင်ပါတယ်။ ပြီးတော့ တစ်ရက်စာ နှစ်ရက်စာ သို့မဟုတ် တစ်ပတ်လုံးစာ ဝယ်ထားပြီး လည်လို့လည်း ရပါတယ် ဘုရား။ ဘုရားတွေ အစုံဖူးရမယ်။ ရန်ကုန်တက္ကသိုလ်အပါအဝင် ပြတိုက်ကြီးတွေ စာကြည့်တိုက်ကြီးတွေလည်း ရောက်မယ်လေ ဘုန်းဘုရား။ သင်္ဘောနဲ့ဆိုလည်း မြို့တော်တစ်ခုလုံးရဲ့ ကမ်းခြေအလှတွေ။ မိုးမျှော်ဗိသုကာလက်ရာသစ် အဆောက်အဦးကြီးတွေ မြင်ရမယ်ဘုရား။"

ဟိုငေးသည်ငေး အတွေးလွန်တတ်သော သူ့ကို နယ်မှ ရောက်လာသည် အထင်ဖြင့် မြို့တော်ခရီးသွားလက်မှတ် ရောင်းနေသော ကလေးများက ချက်ချက်ချာချာ ရှိသည်။ အထက်တန်းအောင်ပြီး တက္ကသိုလ်ပညာကို ကိုယ်ပိုင်ဝင်ငွေဖြင့် ကျောင်းတက်နေသော လူငယ်အများစုကို ရန်ကုန်မြို့တော်၏ ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်နှင့် စားသောက်ဆိုင်များတွင် တွေ့ရမည်။ ရွှေပြည်ကြီးတွင် အထက်တန်း အောင်မြင်ပြီးသော လူငယ်များသည် မိခင်ဘာသာစကားအပြင် အင်္ဂလိပ်နှင့် အခြား စိတ်ကြိုက် ဘာသာစကားတစ်မျိုးမျိုးတော့ ပြောတတ်ကြသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အောင်မြင်ဖြစ်ထွန်းလာသည်နှင့် အမျှ ရန်ကုန်မြစ်ကြီးထဲတွင် သင်္ဘောဟိုတယ်ကြီးများစွာ ပေါ်ပေါက်လာသည့်အခါ ဘာသာစကားစွမ်းရည်မြင့်သော တက္ကသိုလ်ကျောင်းသားတို့

အတွက် အချိန်ပိုင်းဝင်ရောက်လုပ်ကိုင်ရန် အခွင့်သာခဲ့သည်။ City tour ခရီးစဉ်များရှိ သင်္ဘောနှင့် ဘတ်စ်ကားများတွင် ညှော်လမ်းညွှန်လုပ်ခြင်း။ လက်မှတ်ရောင်းခြင်း စသော အလုပ်များတွင် လူငယ်များစွာ သမ္မာအာဇီဝ နေကြသည်။ ကိုယ့်ခြေထောက်ပေါ် မတ်မတ်ရပ်ကာ ကိုယ့်ခေါင်းကို ကိုယ် ရွက်ထားကြသည်။

(၄၁)

ခရီးသွားလုပ်ငန်းမြှင့်တင်နေသော လက်မှတ်အရောင်း ကိုယ်စား လှယ်တော်ကြီးနှစ်ဦး ပြောသမျှ နားထောင်ရင်း သူ ပြုံးပြလိုက်သည့်အခါ လူငယ်နှစ်ဦးလုံး ပြိုင်တူအော်ကြ၏။

"ဘကြီးဘုန်းကြီး"

"ဘကြီးဘုန်းကြီးကို အပြင်မှာ တစ်ခါမှ မတွေ့ဖူးဘူး"

ကလေးမလေးက သူမ၏ ကျောပိုးအိတ်ထဲမှ သူ ထုတ်ဝေ လှူ ဒါန်းသော အိတ်ဆောင်ဘာသာရေး စာအုပ်သေးသေးလေးနှင့် ဘောလ်ပင် တစ်ချောင်းကို ဆွဲယူကာ "ဘကြီးဘုန်းကြီး လက်မှတ်ထိုးပေး" ဟု ရင်းနှီး စွာ လျှောက်ထားသည်။ လူရွယ်ကလည်း အားကျမခံ ဓမ္မစာအုပ်သေးသေး လေး တစ်အုပ်ကို ထုတ်ကာပေး၏။

သူက တွန့်တွန့်ကွေးကွေး လက်ရေးဖြင့် ဆွဲခြစ်လိုက်သည်။ ရပ်သံအစီအစဉ်တစ်ခုတွင် ဘကြီးဘုန်းကြီးနှင့် တပည့်လူငယ်များ ဆွေး နွေးဟန် သုတ္တံဒေသနာပို့ချပေးနေသော သူ့ကို လူငယ်အများစုက မှတ်မိနေကြဟန်တူသည်။

ဘာသာရေးစာပေစာအုပ်စာတမ်းများကို သူတို့ ရှင်ငယ်ရဟန်း ငယ်ဘဝ တိုင်းပြည်ဆင်းရဲစဉ်ကလို ဓမ္မဒါနတန်ဖိုး နှစ်ထောင်ကျပ်ဆိုတာ မျိုးဖြင့် မုန့်ဖိုးစုပြီး ဝယ်ရခြင်းထက် ဘုရားကျောင်းကန်စေတီများ၏ ဝင်ပေါက်ကောင်တာတိုင်းတွင် သန့်နှင့်ချိသော ဘာသာရေးစာအုပ်ကော်ပီ များကို အလွယ်တကူ ကောက်ယူနိုင်ရန် ဖြန့်ဝေပေးသည့်အတွက် လူငယ် တိုင်း၏ လက်ထဲတွင် ဓမ္မစာပေဘုတ်အုပ်လေးများ ရှိနေသည်။

ကလေးနှစ်ယောက်ကို သူလက်ပြနှုတ်ဆက်ရင်း ကမ်းနားဘက်သို့ ဆင်းလာခဲ့သည်။ ညှိုသည်တော် အမေရိကန်သမ္မတရောက်လ သည့်အတွက် မြို့တော်အနှံ့ နိုင်ငံအလံနှစ်ခု တလူလူ လွင့်နေသည်။ နိုင်ငံခြ ခရီးသွားများ၊ မိသားစု အပန်းဖြေနေသူများဖြင့် စည်ကားနေသေ ကမ်းနားဘက်ဆီသို့ မြက်ခင်းစိမ်းတောကို ဖြတ်ခင်းထားသော ကျော သွားလမ်းလေးအတိုင်း လျှောက်လာခဲ့သည်။

စက်ဘီးလမ်းနှင့် လူသွားစင်္ကြံ ခွဲထားသည့်အတွက် အေးအေ လူလူ ရှိသည်။ သန့်ရှင်းစွာ ဟင်းလင်းပွင့်နေသော မြစ်ပြင်ပေါ်က ရေ သည် လတ်ဆတ်လှ၏။

(၄၂)

ရန်ကုန်သည် မြန်မာ့အငွေ့အသက်ကို ရှိုက်လိုသော နိုင်ငံတက ခရီးသွားတို့ဖြင့် တဖျောက်ဖျောက်မည်နေသော ကမ္ဘာ့ကော့စမိုပိုလီတ မြို့တော်ကြီး (Cosmopolitan City)ဖြစ်နေသည်မှာ သေချာလှသည် နိုင်ငံရေးအခြေအနေနှင့် အကန့်အသတ်ရှိသော ခရီးသွားလုပ်ငန်းမျ ကြောင့် ၂၀၁၄ ခုနှစ်ထိ ကမ္ဘာလှည့်ခရီးသည် ၄ သန်းမျှသာ ရှိခဲ့ကြော သူ မှတ်ထားဖူးသည်။

သဘာဝနှင့် သမိုင်းအလှတရားများ ဆယ်စုနှစ်များစွာ ဖုံးပိ ခြင်း ခံထားရသော ရန်ကုန်သည် ၂၀၁၅ နောက်ပိုင်းတွင် ဝတ်ကောင စားလှဖြင့် အာဆီယံအပျိုမတစ်ယောက်လို ပြန်လည်နိုးထလာသည်။ ခ သွား လုပ်ငန်းအတွက် စွဲမက်စေနေနိုင်သော တံခါးများ အကုန်ပွင့်လ သည်။ ဗန္ဓုလပန်းခြံကြီး ပထမဆုံးပြုပြင်ပြီးချိန်က လွတ်လပ်ရေး ကျော တိုင်ကြီးကိုမှီကာ မြို့တော်ခန်းမကြီးကို ငေးနေခဲ့ဖူးသည်။ နောင်တစ်ချိ မှာတော့ ထိုမြို့တော်ခန်းမကြီးကိုပင် စည်းပင်သာယာရုံးချုပ်အဖြစ် အသုံ ပြုနေရာမှ ပြည်သူများ နားခိုရာစင်တာ (Recreation Center)အဖြ ဖွင့်လှစ်ပေးခဲ့သည်။

ရန်ကုန်မြို့တော်ပြုပြင်ရေးအတွက် သူအမှတ်ပေးမိဆုံး လုပ် ဆောင်ချက်က နံရံများ၊ တံတိုင်းများ ဖြိုချခြင်းဖြစ်သည်။ လုံခြုံရေး သတိ

ဖြင့် ကန့်သတ်ထားခဲ့သော တံတိုင်းများ၊ နံရံများ အဆီးအတားများ တစ်ခု ပြီးတစ်ခု ဖွင့်ပေးခဲ့သည်။ သမိုင်းတန်ဖိုးမြင့်သော တက္ကသိုလ်အဆောင် အခန်းများ၊ ပြတိုက်ကြီးများ ပြယုဂ်သက်သက်မဟုတ်တော့ဘဲ အစစ်အမှန် လူထုအိပ်မက်ဝင်ပေါက်ဖြစ်လာသည်။ နိုင်ငံ့လူကျော်ခေါင်းဆောင် ပုဂ္ဂိုလ် ကြီးတို့၏ နေအိမ်များ၊ အမှတ်ရအောက်မေ့ဖွယ် နေရာများစွာကိုလည်း ရှာဖွေဖော်ထုတ်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၇.၅ သန်းကို စွဲဆောင် နိုင်ခဲ့သော ဗီယက်နမ်နိုင်ငံ၏ ဒုတိယမြို့တော် ဟန္ဓိုင်မြို့လယ်က အကာ အရံမဲ့ စကြံလမ်းဖြင့် စည်ကားလှသည့် Hoan Kiem Lake ရေကန် ကြီးကို တစ်ပတ်လျှောက်မိသည့်အခါတိုင်း တုပ်နှောင်ခံထားရသော ရန်ကုန် ၏ အင်းလျားနှင့် ကန်တော်ကြီးကို သူနှမြောစုတ်သပ်နေမိသည်။ အီတလီ မှ ဆွစ်ဇာလန်သို့အကူး အဲ့လ်ပ်စ်တောင်တန်းတွေကြားက လူဂါနိုရေကန် ကြီးကို ဖြတ်သွားရစဉ်ကလည်း ရွှေပြည်ကြီး၏ အင်းတော်ကြီးနှင့် အင်း လေးတို့အတွက် ရင်လေးခဲ့ရဖူးသည်။

ခုတော့လည်း မူလအခြေမပျက် နည်းပညာမြင့်ကာ စီမံထား သော အင်းလျားနှင့် ကန်တော်ကြီးသည် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ ငွေတွင်းကြီးများ ဖြစ်နေသည်။ သူသည်ပင် ကန်တော်ကြီးစောင်းရှိ ကော်ဖီ ဆိုင်တန်းလေးများ၊ နိုင်ငံတကာပန်းချီပြပွဲများဆီ မကြာခဏ ရောက် တတ်၏။

(၄၃)

အစွန့်ပစ်ခံ မူလရန်ကုန်ဧရိယာကို ကိုယ်ရည်ကိုယ်သွေးမပျက် ပြုပြင်နေကြောင်း သတင်းမီဒီယာများက ဖော်ပြသောအခါ သူ လက်ခုပ် တီးရ၏။ ရှုပ်ထွေးမှုဖြင့် အသားကျနေသော မြို့ပြအလှပေါ်လွင်အောင် ရှင်းထုတ်ရသည့်ကာလတွင် အခက်အခဲရှိနိုင်သည်။ စည်းကမ်းမဲ့ လမ်း ဘေးဈေးသည်များ၊ တိုးဝှေ့ရပ်ထားရသော ကားများအတွက် အဖြေရှာ

ရ၏။ အထပ်မြင့် ကားရပ်စခန်းများ ဆောက်လုပ်ရသည်။ ပိတ်ဆို့နေသော ယဉ်တန်းများဖြင့် ဆူညံလောင်မြိုက်နေသော မြို့တော်နေ ပြည်သူတို့ လူတန်းစားမရွေး လွယ်ကူစွာ ခရီးသွားလာနိုင်သော ဝန်ဆောင်မှုများ ပေးနိုင်ရန် အားထုတ်ရသည်။ အဆင့်မြင့်ဘတ်စ်ကားကြီးများစွာ တင်သွင်း၍ ပုဂ္ဂလိကကားများအတွက် သီးခြားဧရိယာများ သတ်မှတ်ရသည်။

ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တော်သို့ သူရောက်ရှိစဉ်က ပင့် ဖိတ်သူအမျိုးသမီးကြီးပြောသော "ကိုယ်ပိုင်ကားဆိုတာ ဖိနပ်တစ်ရံလိုပါပဲ" ဟူသော စကားကို အမှတ်ရသည်။ မိမိသွားလိုသည့် ဘတ်စ်ကားမှတ်တိုင် သို့မဟုတ် ရထားဘူတာရုံလေးဆီသွားရန် ကိုယ်ပိုင်ကားစီးရသည်။ ကား ရပ်နားစခန်းတွင် မိမိကားကို ထိုးကာ ပြည်သူ့ခရီးသွားဝန်ဆောင်မှု (Public Transport) ကို အသုံးပြုကာ လိုရာခရီးဆက်ရသည်။

နော်ဝေ၊ ဒိန်းမတ် ဖင်လန်စသော စကင်ဒီနေဗီးယန်းနိုင်ငံများမှာ တော့ ပြည်သူများက ကိုယ်ပိုင်ကားထက် မြေအောက်ရထား၊ ကောင်းကင် ရထားနှင့် ဘတ်စ်ကားများသာ အသုံးများကြောင်း သူ သတိထားမိသည်။ ထိုနိုင်ငံများတွင် ယဉ်ကြောပိတ်ဆို့မှု မရှိသလောက်ပင်..။ အငှားယာဉ် သည်ပင် နိုင်ငံခြားခရီးသွားများအတွက် ထားရှိဟန်တူသည်။

မည်သို့ဆိုစေ "ဒို့ခေတ်ကို ရောက်ရမည်မလွဲပါ" ဟူသော ဇာတိမာန်စာသားကို "ဒို့ခေတ်ကို ရောက်ရမည် မလွယ်ပါ" ဟု အပြောင်း အပျက် ပြောရသော အမှောင်ခေတ်နေ့ရက်တို့ ကုန်ဆုံးကာ ပွင့်တိုင်းလန်း သော ပန်းခေတ်ကို ရောက်ခဲ့ပြီ။

ဂျပန်နိုင်ငံ အိုင်စီအေကုမ္ပဏီနှင့် ပူပေါင်းကာ ကမ္ဘာ့မည်သည့် နေရာတွင်မှ အသုံးမပြုတော့သော အရည်အသွေးနိမ့် မြို့ပတ်ရထားလိုင်း (Yangon Circular Railway)ကို အမြန်သယ်ယူပို့ဆောင်မှုစနစ် (Rapid Transit) ဖြင့် အစားထိုး မိတ်ဆက်ပေးနိုင်ခဲ့သည်။ မြေပေါ် မြေအောက် ရထားလမ်းများ၊ ကောင်းကင်တံတားလမ်းများက မြို့တော်၏ အမြန် ခရီးသွားကွန်ရက်ကြီး ဖြစ်လာသည်။

၂၀၂၀ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၇.၅ သန်းရှိရမည် ဟု ရွှေပြည်ကြီး၏ ခရီးသွားမဟာဗျူဟာမြောက်စီမံကိန်း (Tourism Master Plan) ကြီးသည် မျှော်လင့်ထားသည်ထက် ပိုမို အောင်မြင်ခဲ့ပါသည်။

(၄၄)

ကမ်းနားလမ်းပေါ်ရှိ မြစ်ပြင်နှင့် ထိစပ်နေသော ရွှေပြည်ကြီး၏ ဗိသုကာဂုဏ်ဆောင် ကဇာတ်ရုံပျံ(Flying Theatre)ကြီး ရှေ့မှ သူ ဖြတ်လျှောက်လာခဲ့သည်။ ဗုဒ္ဓပိဋကတ်စာပေထဲမှ မြေပြင်မှ ဝေဟင်သို့ ကြွတက်ပျံသန်းတော့မည့်ဟန် ကောကနဒပြသာဒ်၏ ပုံရိပ်အတိုင်း ဒေါ်လာဘီလျံချီ ကုန်ကျခံတည်ဆောက်ထားသည့် ကဇာတ်ရုံပျံကြီးတွင် ရွှေပြည်ကြီးသား အနုသုခုမပညာရှင်တို့၏ ဂီတပွဲတော်များ၊ အော်ပရာပြဇာတ်များ၊ ကပွဲများသာမက နိုင်ငံတကာပူးပေါင်းတင်ဆက်မှုများ၊ တစ်ကိုယ်တော်ဖျော်ဖြေပွဲများ ကျင်းပလေ့ရှိသည်။

ရဟန်းတစ်ပါး၏ ဝိနည်းသိက္ခာပုဒ်က ခွင့်မပြုသည့်အတွက် ကဇာတ်ရုံပျံကြီးထဲသို့ ပွဲကြည့်ရန်မဟုတ်ဘဲ အများပြည်သူ ကြည့်ရှုရန် ဖွင့်လှစ်ပေးသည့်အချိန် လေ့လာရေးခရီးသာ တစ်ခေါက်ရောက်ခဲ့ဖူးသည်။

အတွင်းသားအနုပညာဖျော်ဖြေမှုကို မတို့ထိသေးမီ မြင့်မားသော စိတ်ကူးစိတ်သန်းတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော ကဇာတ်ရုံကြီးများ၏ ဗဟိဒ္ဓအသွင်တန်ဆာများသည်ပင် နှလုံးသည်းပွတ်ကို ညွတ်နူးစေနိုင်စွမ်း ရှိသည်။

ရွှေပြည်ကြီးပိုင် ကဇာတ်ရုံပျံကြီးသည် အသစ်တည်ဆောက်ထားသည်မှာ ဆယ်စုနှစ်နှစ်ခု မပြည့်သေးသော်လည်း ကမ္ဘာ့တန်းဝင် အနုသုခုမ တင်ဆက်ရာ နေရာတစ်ခုဖြစ်လာသည်။ ၁၉ ရာစုနှောင်းပိုင်းနှင့် နှစ်ဆယ်ရာစုအစောပိုင်းက ဖွင့်လှစ်ခဲ့ကြသည့် မန်ဆာချူးဆက်ပြည်နယ် ဘော်စတွန်ကဇာတ်ရုံ၊စပိန်နိုင်ငံ၊ ပါလူး(Palau de la Música

Catalana)ကဇာတ်ရုံ၊ အင်္ဂလန်နိုင်ငံ၊ တော်ဝင်အဲလ်ဘတ်ခန်းမ (The Royal Albert hall)၊ ပြင်သစ်နိုင်ငံ ပါရီမြို့တော်ရှိ Palais Garnier ကဇာတ်ရုံများ၏ ဣန္ဒြေကြီးမှုထက် ၂၀၁၂ ခုနှစ်ဆီက သူလည်ပတ်ခဲ့ဖူးသော ဩစတေးလျနိုင်ငံ ဆစ်ဒနီကဇာတ်ရုံ၏ ဖြတ်လတ်သော ပုံရိပ်မျိုး ရှိသည်။

ခုပဲ ပျံသန်းတော့မည့်ဟန်..။
ခုပဲ ဖူးပွင့်တော့မည်ဟန်...။

(၄၅)

တကယ်ပင် အနုပညာဖျော်ဖြေမှုနှင့် ခံစားမှုဟူသည် ခေတ်ယဉ်ကျေးမှု၏ အုတ်မြစ်ဖြစ်သလို ဂီတရုပ်ရှင်ပြဇာတ် အနုသုခုမ တင်ဆက်မှုတိုင်းသည် ကမ္ဘာတစ်ဝှမ်းလုံးရှိ လူ့အဖွဲ့အစည်းအားလုံးအတွက် ခေတ်အဆက်ဆက် အရေးကြီးနေမည်။

စစ်ရေးဖိနှိပ်မှုနှင့် စီးပွားရေးလွှမ်းမိုးမှုဟူသော အမာထည်အာဏာ(Hard Power)အောက်တွင် ပိပြားခဲ့ရသော ရွှေပြည်ကြီးသားတို့အတွက် အနုသုခုမယဉ်ကျေးမှု၊ နိုင်ငံရေး တန်ဖိုးသိမြင်မှု အပျော့ထည်စွမ်းရည် (Soft Power) နိမ့်ကျခဲ့ရဖူးလေသည်။

ရုပ်ပိုင်းဆိုင်ရာ မပြည့်စုံမှုကြောင့် နာမ်ပိုင်းဆိုင်ရာ မပွင့်လင်းနိုင်ဖြစ်ခဲ့ရသည်။ နေဝင်မိုးချုပ်ထမင်းတစ်လုပ်နောက် ပြေးလိုက်နေရသော ရွှေပြည်ကြီးသားတို့၏ ဦးနှောက်နှင့် စိတ်ခံစားမှုနယ်တွင် ထမင်းတစ်လုပ်သာ ရှိနေခဲ့သည်။ ထိုခေတ်ဆီက ထမင်းတစ်လုပ်သည် ရွှေပြည်ကြီးသားတို့၏ ပေါ်လစီဖြစ်ခဲ့ဖူးသည်။

အနုပညာဟူသည် အစိုးရဝါဒဖြန့်ချီရေးနှင့် ဆင်းရဲတွင်းနက်လှသော နာရီများမှ ထွက်ပြေးရာ စိတ်တိုးပေါက်တစ်ခုမျှသာ ဖြစ်ခဲ့သည်။ အနုပညာမဲ့လျှင် စိတ်အမှောင်ကျကာ သိမ်မွေ့မှု ဆိတ်သုဉ်းသွားတတ်၏။ ကြမ်းတမ်းသောအမူအရာနှင့် ဆူညံရိုင်းပျသော စကားလုံးများက ရန်ကုန်မြို့ပြပေါ် ဖိတ်စင်နေခဲ့ဖူးသည်။

ဘာသာတရားများသည်ပင် အူမမတောင့်တိုင်း သီလကောက်နေကြရသူတို့၏ စိတ်ကြိုက်အမိပ္ပါယ်ဖွင့်ဆိုမှုတွင် အနုပညာနှင့်ရောထွေးကာ မှေးမှိန်ခဲ့ရသည်။ စိတ်အခဲမကြေမှုနှင့် ကြောက်ရွံ့မှုများဖြင့်သာ လေးလံနေရသော ရင်ဘတ်ထဲတွင် အနုပညာမရှိ၊ တရားဓမ္မမရှိ..။ သို့အတွက် ပြဟ္မစိုရ်တရားမရှိ...။ ခလုတ်မဆွဲရသေးသော ကျည်ဆံများသာ ရှိနေခဲ့ဖူးသည်။

ခုတော့လည်း မြစ်ကမ်းတစ်လျှောက် မြက်ခင်းစိမ်းများနှင့် ခုံတန်းလျားများပေါ်တွင် အေးအေးလူလူထိုင်ရင်း အပန်းဖြေနေသော ရွှေပြည်ကြီးသားတို့အတွက် ရန်ပုံငွေရှာရန် ကမ္ဘာလှည့်လာသော လျှပ်စစ်မဲ့ဂီတ(Acoustic Music)ဖြေဖျော်သူများပင် ရှိနေသည်။

ဒိန်းမတ်နိုင်ငံ၊ ကိုပင်ဟေဂင်မြို့တော် ဘုရင့်ဥယျဉ်တော်သစ် (Kongens Nytorv)ထဲ သူလျှောက်ခဲ့ချိန် ဝိုင်ထည့်ထားသော ပုလင်းများကို ဂီတသံအမျိုးမျိုးထွက်အောင် သရုပ်ဖော်တီးခတ်နိုင်သော လမ်းဘေး အနုပညာရှင်ကို တွေ့ခဲ့ဖူးသည်။

ခရီးသွားလာဂီတဖျော်ဖြေရင်း ရံပုံငွေရှာဖွေကာ ဆင်းရဲသော နိုင်ငံများရှိ ကျောင်းမတက်နိုင်သော ကလေးငယ်များကို ထောက်ပံ့သည်ဟု သိရ၍ ခရိုနာငွေ့ အကြွေစေ့အချို့ အလှူထည့်ပေးခဲ့၏။

(၄၆)

ညနေဆည်းဆာရောက်သည်နှင့် ကမ်းနားလမ်းထောင့်ချိုးရင်ပြင်များတွင်၊ လမ်းဘေးကချေသည်(Street Dancers)များဖြင့် ပိုမိုစည်ကားတတ်သည်ကို လှိုင်သာယာသို့အပြန် ဖယ်ရီသင်္ဘောစီးရင်း မြင်ဖူးသည်။ လမ်းဘေးကချေသည်ဆိုသော်လည်း ရွှေပြည်ကြီး၏ ဝိသေသတိုင်းရင်းသားရိုးရာ အကအမျိုးမျိုးဖြင့် ဧည့်ခံခြင်းမျိုးဖြစ်သည်။

ကဇာတ်ရုံပျံကြီးတွင် ထူးခြားသော ပွဲလမ်းသဘင်များ ရှိနေသည့်တိုင် ကမ္ဘာလှည့်ခရီးသည် ၁၂ သန်းခန့်နှင့် ပြည်တွင်းခရီးသည် ၁၀ သန်းခန့် နှစ်စဉ်လည်ပတ်လျက်ရှိသော ရန်ကုန်မြို့တော်၏ နေရာတိုင်းတွင် စနစ်တကျ စည်းကားနေတတ်သည်။

ရှိပြီးသော ပင်ကိုယ်ခရီးသည် စွဲဆောင်ရာနေရာများကို ပြ
ထိန်းသိမ်းရသည်နှင့်အမျှ အသစ်သစ်သော ဖန်တီးမှုများကိုလည်း မိတ်ဆ
ပေးရသည်။ ရန်ကုန်တစ်ဘက်ကမ်းရှိ သဘာဝရေပတ်လည်ဝိုင်းနေသေ
ဆိတ်ကြီးခနောင်တိုမြို့လေးကို နည်းပညာမြှင့်ကာ ဥယျာဉ်ကျွန်း အပ
ဖြေမြို့အဖြစ် ပြောင်းလဲခဲ့သည်။

ဆိပ်ကမ်းမျက်နှာစာချဲ့ကာ ရေပြင်ကို မျက်နှာပြု တည်ဆော
သော နိုင်ငံတကာပင်လယ်မြို့ပြများကို အတုယူရသည်။ ရွှေပြည်ကြီးသ
တို့၏ ရေကျောပေးသော အလေ့ကို တည့်မတ်ရသည်မှာ လွယ်ကူလှသ
တော့ မဟုတ်..။ နိုင်ငံတစ်ဝှမ်းလုံးရှိ မြစ်ချောင်းအင်းအိုင် ထူထပ်သေ
မြို့ရွာတိုင်းတွင် ရေကို ကျောပေးကာ အိမ်ရာဆောက်ကြသည်။ ရေထဲတ
အညစ်အကြေးစွန့်ကာ ထိုရေကိုပင် သုံးကြသည်။ ကျန်းမာသန့်ရှင်း
နှင့် ဖွံ့ဖြိုးသာယာမှု မည်သည့်ရှုထောင့်မှ ကြည့်ကြည့် ဆိုးကျိုးသာ မ
သည်။

ဆိတ်ကြီးခနောင်တို ဒေသခံတို့အတွက် ခေတ်မီအိမ်ရာစနစ်
အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သကဲ့သို့ နိုင်ငံ့ဝင်ငွေများ
တိုးတက်စေခဲ့သော ထိုဥယျာဉ်ကျွန်းပေါ်တွင် ရန်ကုန်မြို့တော်ကို စီး
ကြည့်ကာ ရွှေတိဂုံဘုရားကို အဝေးမှ ဖူးမြင်နိုင်သော ဥက္ကလာင
(Ukalar Bird) ရဟတ်ဘီးကြီးသည် အင်္ဂလန်နိုင်ငံရှိ လန်ဒန်မျက်လ
(London's Eye) တရုတ်နိုင်ငံ ကျန်ဇီးပြည်နယ်ရှိ နန်းချန်းကြယ် (St
of Nanchang) စင်ကာပူနိုင်ငံရှိ စင်ကာပူလွန်းပျံ (Singapore Flye
နှင့် အမေရိကန်ပြည်ထောင်စု လတ်စ်ဗီးဂတ်စ် မဟာတလိမ့်တုန်း (Hi
Roller) တို့ကဲ့သို့ပင် ထင်ရှားကျော်ကြားသည်။

(၄၇)

သူ စာအုပ်တစ်အုပ်ကို ကောက်ကိုင်လိုက်တော့ အနီးဆ
ခရီးသွားလူငယ်က သူ့ကို မော့ကြည့်သည်။ Excellent! (သိပ်ကော
တာပဲ) ဟု အားရဝမ်းသာကျူးရင့်သည်။

လတ်တလော လူပြောများနေသည့် ရွှေပြည်ကြီးသား လူငယ် စာရေးဆရာတစ်ယောက်၏ ဝတ္ထုဘုတ်အုပ်ဖြစ်သည်။ ကမ္ဘာ့မီဒီယာ ဝက်ဘ်ဆိုဒ်များတွင် မှတ်ချက် အမျိုးမျိုးဖတ်ရသဖြင့် သူ စိတ်ဝင်စားနေ သည်။

"နှောင်ကြိုးတန်းလန်းဖြင့် ဆယ်စုနှစ်များစွာ ဒရွတ်တိုက် ရုန်းကန်ရင်း ဒီမိုကရေစီမြစ်ဆန်အတိုင်း လှော်ခတ်လွတ်မြောက်လာ ရသော မြန်မာ့ရသစာပေသည် ဤဝတ္ထုကြောင့် ကမ္ဘာစာပေမိသားစုကြီး၏ ထိပ်တန်းစင်မြင့်တွင် ခပ်စွင့်စွင့် နေရာယူနိုင်ပေပြီ"ဟု ကမ္ဘာစာဖတ်သူကြီး များ ကွန်ရက်က အလေးထားဖော်ပြသည်။ စတင်ဖြန့်ချိသည့် တစ်ပတ် အတွင်း အွန်လိုင်းဈေးကွက်တွင် ဒစ်ဂျစ်တယ် ကော်ပီသန်းပေါင်းများစွာ ရောင်းချရသလို ပုံနှိပ်စာအုပ်လောကတွင်လည်း ခေတ်အဆက်ဆက် ရွှေပြည်ကြီး စံချိန် အမြင့်မားဆုံးဖြစ်ကြောင်း သိရသည်။

သူ ရဟန်းငယ်ဘဝက ပထမဆုံး ထုတ်ဝေဖြစ်ခဲ့သော ရဟန်းနှင့် အတွေးအမြင် ရသစာစုများသည် အုပ်ရေ ၁၀၀၀ မျှသာဖြစ်သည့်တိုင် တစ်နှစ်ကျော် ရောင်းချခဲ့ရသည်ဟု ထုတ်ဝေသူထံမှ သိရ၏။ အရောင်းရ ဆုံး ဘက်ဆဲလားစာရေးဆရာဆိုသူများပင်လျှင် သောင်းဂဏန်းအကြီးကြီး သို့ မရောက်နိုင်ကြောင်း အားပျက်ဖွယ် ကြားရသည်။

လူဦးရေ သန်းခြောက်ဆယ်၊ စာအုပ်ရေတစ်ထောင်၊ ရောင်းချချိန် တစ်နှစ် ဟူသော ကိန်းညွှန်းတမ်းသည် ရွှေပြည်ကြီး၏ အနာဂတ်အတွက် သွေးဖျက်ဖွယ် ကောင်းလှသည်။ အင်တာနက်သုံးစွဲသူ များပြားလာ၍ စာဖတ်သူ နည်းပါးသွားရခြင်း ဟု ဖြည့်တွေးကြသည်။ အမှန်တကယ် အွန်လိုင်းပေါ် တက်လာနိုင်သူက တစ်သန်းထက်မပို ဟု စစ်တမ်းများက ဆိုနေသည်။

၅၉ သန်းမျှသော မျက်လုံးများ၏ ဦးတည်ရာသည် အဘယ် နည်း။ ပိတ်ဖုံးနေသော စိတ်နှလုံးများအတွက် အသိဉာဏ်လင်းပွင့်မှုသည် အဘယ်မှာနည်း။

ထိုအချိန်က သူသည် ရွှေပြည်ကြီး၏ အိမ်များ၊ ကျောင်းကန်များ
သို့ လည်ပတ်တိုင်း စာအုပ်စင်များကို ရှာဖွေလေ့ရှိသည်။ စာအုပ်စင်ဆို
သော အရာဝတ္ထုသည် ရွှေပြည်ကြီး၏ အိမ်ထောင်ပရိဘောဂအဖြစ် နေရာ
ပေး မခံရတော့သည်မှာ ကြာပြီတဲ့။

မိသားစု ဟင်းတစ်ခွက် တန်ဖိုးထက်ပိုသော စာအုပ်တစ်အုပ်
ဈေးနှုန်းသည် ရွှေပြည်ကြီးသားတို့ကို စာဖတ်သူကြီးများ ဖြစ်မလာစေရန်
ကန့်သတ်ထားလိုက်သည်။

"ဘဘွေတို့ နိုင်ငံက ကုန်ဈေးနှုန်းက မကြီးဘူး..။ ဝင်ငွေနည်းနေ
တာပါ"

မိတ်ဆွေ အနောက်တိုင်းသားတစ်ဦးက မှတ်ချက်ပေးသည်။

(၄၈)

အာဏာရှင်စနစ်၏ မြည့်မြသော ဆင်ဆာကပ်ကြေးများက
အသိဉာဏ် အညွန့်အညှောက်မှန်သမျှကို တုံးသည်ထက် တုံးအောင် ကိုက်
ဖြတ်ချနေသည့်အတွက် စာပေဖန်တီးမှု နှောင်ကြိုးတင်းကာ အရည်
အသွေးပြည့် ထုတ်လုပ်ခွင့် ဆုံးရှုံးသွားသည်။

ကမ္ဘာစစ်ကြီးများကို ကျော်လွှားကာ ပညာ့ဘဏ်များသဖွယ်
အစဉ်အလာ ကြီးမားခဲ့သော စာအုပ်တိုက်ကြီးများ ပညာမိုး မရွာလိုသော
တိမ်မဲညို ကိုလူဆိုးတို့ကြောင့် လွင့်ပါးလဲပြိုခဲ့ရသည်။

၂၀၁၀ ခုနှစ် ဒီမိုကရေစီဆီမီး ထွန်းငြိစတွင် လွတ်လပ်ပွင့်လင်
သည်ဟု ထင်ရသော မီဒီယာလုပ်ငန်းကြီး ပေါ်လာသည်။ သုတနှင့်
သတင်း အချက်အလက် ဦးစားပေး သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများ
ပေါက်ကွဲလုလု ထုတ်ဝေခဲ့ကြသည်။ နှစ်ပရိစ္ဆေဒများစွာ အသိဉာဏ်
ငတ်မွတ်နေသော ရွှေပြည်ကြီးသားတို့အနေဖြင့် ထိုစာနယ်ဇင်းများ
သာမက အခြားသော ရုပ်ရှင်၊ ဗီဒီယို၊ တီဗီ၊ ဂိမ်း၊ အင်တာနက်
ဖေ့စ်ဘွတ်ခ်နှင့် ဘောလုံးပွဲတို့တွင် နာမ်အာဟာရကို ရှာဖွေကြသည်။
သို့သော် ဆက်သွယ်ရေးနည်းပညာ ပေါက်ကွဲမှုတို့ကြောင့် ဦးနှောက်

မဆန့်မပြဲ ဖြစ်ကာ သတင်းပိုခြင်း (Information Overloaded)နှင့် ဗဟုသုတအမောဖောက်ရောဂါ (Formation Fatigue Syndrome) ခံစားလာကြရသည်။ သုတနှင့် ဒေတာကို အလွဲသုံးချလာကြသည်။

သို့နှင့် လူမျိုးရေးပဋိပက္ခ၊ ဘာသာရေးထိရှမှုနှင့် လူမှုရေး အလွဲများ ပေါ်ပေါက်လာကာ ရွှေပြည်ကြီး၏ လမ်းများတွင် မီးများ လောင်နေခဲ့ဖူးသည်။ သုတဒေတာတို့ဖြင့် ရိုဘော့ဆန်လာသော နှလုံးသား များကို ရသစာပေဖြင့် ထိန်းညှိရန် ကြိုးစားခဲ့ရသည်မှာ ဆယ်စုတစ်ခုမက ကြာခဲ့သည်။

ရွှေပြည်ကြီးထက် ဖွံ့ဖြိုးမှု အဆများစွာကဲသော စင်ကာပူနှင့် တရုတ်နိုင်ငံများသည်ပင် ရုပ်ဝတ္ထုဖောင်းကားမှုနောက် လိုက်မလာသော ပြည်သူတို့၏ စိတ်ပိန်လှီမှုကို ပြုပြင်ခဲ့ရသည်။ လူမှုရေး မိုးခေါင်မှုနှင့် ပြဿနာစိုရ် ခေါင်းပါးခြင်းများကို ဖာထေးခဲ့ရသည်။

ဘာသာရေး အဆုံးအမနှင့် ပင်ကိုယ်မြန်မာ့စိတ်ရင်းလေးသာ အမြဲတေအဖြစ် ရှိမနေခဲ့လျှင် သုတရသ ပွဲထိန်းမှု ချို့တဲ့လွန်းသော ရွှေပြည်ကြီး သားတို့ ခြေလှမ်းရွှေ့ဖို့ မလွယ်ကူ..။

"I will get it" ( ဒီစာအုပ် ယူမယ် ငါ့ရှင်တို့ ) ဟု သူ ပြော လိုက်သည်နှင့် လူငယ်များက We will give it, sir ! ( ကျွန်ုပ်တို့က ပေးလှူပါမည် အရှင်) ဟု ပြိုင်တူ အော်လိုက်ကြသည်။

အားလုံး အပျော်များ ကူးစက်သွားသည်။ ရန်ကုန်သည် မွေးမြ နေလေသည်။

(၄၉)

သူ့အနီးသို့ လူငယ်များ ဝိုင်းစုလာကြသည်။

“ဘဏ္ဍေကို ခရစ်ယန် ဓမ္မတက္ကသိုလ်မှာ အမြဲတွေ့ပါတယ်။ တပည့်တော်မက ရောမမြို့ကပါ ။ ခရစ်ယန် ဓမ္မတက္ကသိုလ်က ကျင်းပတဲ့ သုတေသန စာတမ်းဖတ်ပွဲအတွက် ရောက်နေတာ တစ်လရှိပါပြီ။”

ရွှေရောင်ဆံနွယ်စများကို ရွှေပြည်ကြီးသူတစ်ယောက်လို ထုံးနှောင်ထားသော အလီရှာဆိုသူ အမျိုးသမီးငယ်က မိတ်ဆက်သည်။ သူက သီတဂူဆရာတော်ကြီး ဦးဆောင်သော ဘာသာပေါင်းစုံ ချစ်ကြည်ရေးပွဲ (Interfaith Dialogue)များစွာ တက်ရောက်ဖူးသည်နှင့်အမျှ ခရစ်ယာန် ဓမ္မတက္ကသိုလ်တွင်လည်း ကျောင်းအုပ်ဆရာကြီး ဦးကျော်ထွန်းနှင့် ဗုဒ္ဓဘာသာ ကထိက ဆရာဦးတင်မင်းထွန်းတို့ ဖိတ်ကြားသဖြင့် ဗုဒ္ဓဓမ္မအသိအမြင်များ ဖလှယ်ရတတ်သည်။

ပုံမှန်အားဖြင့် သောကြာနေ့များတွင် သီအိုလော်ဂျီသင်တန်းသား များအတွက် သုတ္တံတရားတစ်ခုခု ဟောပြောရခြင်းမျိုးဖြစ်သည်။

ဆွစ်လူငယ်တစ်ဦးဖြစ်သော နေသန်ကတော့ ရွှေပြည်ကြီးတွင် နေထိုင်သည်မှာ လေးနှစ်ခန့်ရှိပြီဖြစ်ကြောင်းနှင့် မိတ္တီလာ နို့ထွက်ပစ္စည်း စက်ရုံတစ်ခုတွင် ကြီးကြပ်ရေးမှူးအဖြစ် အလုပ်ဝင်နေကြောင်း မိတ်ဆက် သည်။ ဆွစ်ဇာလန်နိုင်ငံမှ နာမည်ကျော် နို့ထွက်ပစ္စည်း ကုမ္ပဏီကြီး ဖြစ် သည် အင်မီ(Emmi AG)နှင့် ဖက်စပ်လုပ်ကိုင်နေသော ရွှေပြည်ကြီးသား ပိုင် စက်ရုံကြီးတစ်ခုအကြောင်း ဝက်ဘ်ဆိုဒ်သတင်း ဖတ်ဖူးသည်။

ရွှေပြည်ကြီးသားတို့အနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မျက်နှာ ငယ်စွာ ရွှေ့ပြောင်းလုပ်သားအဖြစ် အနှိမ်ခံနှစ်ကာလများ ရှိခဲ့သည်။ D- Jobs ဟု လူသိများသည့် Dirty (ညစ်ပတ်သော), Dangerous (အန္တရာယ် ထူပြောသော) Demeaning (နိမ့်ပါးသိက္ခာကျသော) အလုပ်အကိုင်များသို့သာ တွန်းပို့ခံရသည်။

ဒီမိုကရေစီမှိန်မှိန်လေး ထွန်းငြိလိုက်သည်နှင့် နိုင်ငံတကာ ကုမ္ပဏီကြီးငယ်များ၊ စက်ရုံအလုပ်ရုံကြီးများ တိုက်ရိုက်ရင်းနှီးမြှုပ်နှံ ရန် ချောင်းပေါက်ကြတော့သည်။

သို့သော် ရွှေပြည်ကြီးသားတို့က အိမ်းတံခါးပေါက်ရောက်လာ သည့် အလုပ်အကိုင် အခွင့်အလမ်းများအတွက် အဆင်သင့် လေ့ကျင့် ပျိုးထောင်မှု မရှိ။ အမှောင်ခေတ် ဦးနှောက်ယိုးစီးမှုနှင့်အတူ တစ်ဝက် တစ်ပျက် ကျွမ်းကျင်လုပ်သား (Semi skilled labour) ကျွမ်းကျင်

လုပ်သား (Skilled Labour) နှင့် အသက်မွေးဝမ်းကြောင်း ပညာရှင် (Professional Experts) များစွာ လက်လွှတ်ခံရသည်။ တံခါးဖွင့်လိုက်သော်လည်း မဝင်နိုင်ဖြစ်ခဲ့ရသည်။ နောက်ကျသွားသော ခြေလှမ်း သန်းပေါင်းများစွာအတွက် ရှိပြီးပညာရေးအဖွဲ့အစည်းများကို မြှင့်တင်ရသည်သာမက အရေးပေါ်သင်တန်းကျောင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာသည် တက္ကသိုလ်များ ထပ်တိုးဖွင့်ခဲ့ရသည်။ ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုလိုက်သည့် အသီးအပွင့်များက ခုတော့ ဖွေးဖွေးလှုပ်နေသည်။

အစစ်အမှန် တိုင်းရင်းသားပိုင်ကုမ္ပဏီနှင့် စက်ရုံအလုပ်ရုံကြီးများတွင် ရွှေပြည်ကြီးသားတို့ အိုးမကွာ အိမ်မကွာ ချိုမြိန်သောအိမ် (Home Sweet Home) သီချင်းတအေးအေးဖြင့် မိသားစု ရင်ခွင်နွေးနေကြပြီ။

(၅၀)

အခြားလူငယ်လေးယောက်ကတော့ အလီရှာနှင့် နေသန်တို့ဆီ အလည်အပတ် လာရောက်ကြခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးမှ လူငယ်များက နိုင်ငံမတူသော်လည်း အွန်လိုင်း မိတ်ဆွေများအဖြစ် ခင်မင်ကြရာမှ ရွှေပြည်ကြီးတွင် ဆုံကြခြင်းဖြစ်သည်။ ရွှေပြည်ကြီး၏ နေရာအနှံ့ လည်ပတ်ခဲ့ကြပြီးပြီမို့ ပြည်တော်ပြန်ကြတော့မည်။

"ဘဏ္ဍေကြီးနဲ့ ဓါတ်ပုံတွဲရိုက်ကြမယ်"

ဟု နိပ္ပွန်အမျိုးသမီးငယ်က အော်လိုက်သည်။ လူငယ်များနှင့် တစ်သားတည်းဖြစ်အောင် လိုက်လျောပေးရ၏။ ကောကနဒက ဓာတ်ရုံပျံကြီးကို နောက်ခံထားကာ ကင်မရာမီးပွင့်များ တဖျပ်ဖျပ်လက်သွား၏။

"ဘဏ္ဍေကြီး ခွင့်ပြုမယ်ဆိုရင် တစ်ခုခု ဆက်ကပ်ပါရစေ။ တပည့်တော်က ဗုဒ္ဓအဘိဓမ္မာလေ့လာနေတာ သုံးနှစ်ရှိပါပြီ။"

မိတ္ထီလာသားတစ်ပိုင်းဖြစ်နေသော မစ္စတာနေသန်က မြန်မာသံပီသစွာ လျှောက်ထားရုံသာမက အဘိဓမ္မာသင်တန်းပါ တက်နေသည်ဆိုတော့ သူ ပြုံးမိရသေးသည်။

"ကောင်းလင့်တေး ငါ့ရှင်"

"အဲဒါဆို ရန်ကုန်မုခ်ဦးနားက အညာသားကြီးဘူဖေးကို ကြွတော်မူပေါ့ ဘုရား"

ကောကနဒကူးတို့ဆိပ်မှ ဖယ်ရီသင်္ဘောငယ်တစ်စီးပေါ် တက်လိုက်ကြသည်။ ခရီးသွားကဒ်များက ပို့ဆောင်ရေးယာဉ် မှန်သမျှအတွက် အကျုံးဝင်သည်။ ညှော်ကြို (Conductor) အမျိုးသမီးငယ်က နေရာချပေးသည်။

ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ငမိုးရိပ်ချောင်း၊ ပုဇွန်တောင်ချောင်း သာမက ရွှေပြည်သာ လှိုင်မြစ်မှ မြောက်ဒဂုံ ငမိုးရိပ်ချောင်းသို့ ဖြတ်ဖောက်ထားသော ဒီမိုကရေစီတူးမြောင်းသည် မြို့တော်ရေကြောင်း ပို့ဆောင်ရေး၏ သွေးကြောများ ဖြစ်လာသည်။ မြို့တော်ဘတ်စ်၊ မက်ထရိုနှင့် ဓါတ်ရထားများနှင့်အပြိုင် အချိန်မှန်သော ဖယ်ရီသင်္ဘောများကို ယုံကြည်စိတ်ချစွာ စီးနိုင်ကြသည်။ ကမ်းနာတစ်လျှောက် သစ်ပင်အုပ်အုပ်၊ မြက်ခင်းစိမ်းတောများ စနစ်တကျ စိုက်ပျိုးခြံရံထားသည့် လမ်းမကျယ်ပေါ်တွင် အရှိန်မြင့် မောင်းနှင်သော ကားတန်းများကို သူငေးနေသည်။

ဆူးလေဘုရားလမ်းထိပ် ရန်ကုန်မုခ်ဦး (Yangon Gate) ဆိပ်ကမ်းတွင် သူတို့ အဖွဲ့ဆင်းလိုက်ကြသည်။ ပါရီမြို့တော် ရှောင်ဇေးလီဇေးလမ်းမပေါ်က အခ်ဒထရီယွန်ဖ် (The Arc de triomphe) မုခ်ဦး၊ ရောမမြို့တော်က ကွန်စတင်တိုင်မုခ်ဦး၊ မွန်ဘိုင်းမြို့တော်က မဟာဘာရတ်မုခ်ဦးများကို သူဖြတ်သန်းစဉ်ကထက် ပိုသော စိတ်မာန်ထက်မှုမျိုးကို ခံစားရသည်။

ခမ်းနားထည်ဝါသော ကုန်းဘောင်ခေတ် ရတနာသိခ်ဗိသုကာ မုခ်ဦးကြီးအောက်မှ ဖြတ်လျှောက်ကာ ရန်ကုန်မြစ်ပြင်ကျယ်က လေကို ရှိုက်သွင်းလိုက်တိုင်း ဇာတိသွေး ဇာတိမာန် တက်လာမြဲဖြစ်သည်။

ငါ့မြေ ငါ့ရေ ငါ့နိုင်ငံ ဟူသော ရဲစိတ်ကို မွေးပေးတတ်အောင် ကြီးမြတ်သည့် မုခ်ဦး၏ ကွင်းပြင်ကျယ်တွင် ရန်များကို ကုန်အောင် တိုက်ထုတ်ဖယ်ရှားကာ ရန်ကုန်ဟု သမုတ်တော်မူခဲ့သော အလောင်းဘုရားကြီး

ဦးအောင်ဇေယျ ကြေးရုပ်တုကြီးက အားဖြည့်လိုက်သောအခါ ရဟန်းတစ်ပါး ဖြစ်သော သူသည်ပင် ခြေလှမ်းများ ကြွလာသည်။ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးသည် စာရွက်ပေါ် ရေးချထားရုံသက်သက် မဟုတ်တော့ပြီ။

"ဘန္တေ ဒီဘက်ကို ကြွပါ"

ကမ္ဘာလှည့် ခရီးသွားလမ်းညွှန်ဝက်ဘ်ဆိုဒ်များတွင် အညွှန်းခံရသော အညာသားကြီး မြန်မာဘူဖေးဆိုင်ဘက်သို့ စည်ကားလှသော နိုင်ငံတကာ ခရီးသည်များ၊ အလှဓါတ်ပုံရိုက်နေသော ရွှေပြည်ကြီးသူများကို တိုးဝှေ့ထွက်လာခဲ့ကြသည်။

(၅၁)

ကင်တပ်ကီကြက်ကြော်ဆိုင်နှင့် ကပ်လျက် ရန်ကုန်မြစ်ပြင်ကျယ်ကို မျက်နှာမူထားသော အညာသားကြီး မြန်မာဘူးဖေး(Anyarthian Myanmar Buffet) ဆိုင်ရှေ့တွင် သူတို့ ရပ်လိုက်ကြသည်။

"ဘယ်ခေတ်ကို သွားကြမလဲ ငါ့ရှင်တို့"

လူငယ်များက ကြောင်အနေသည်။ မစ္စတာနေသန်ကို မေးဆတ်ပြရ၏။

ဒီဆိုင်မှာက မြန်မာနိုင်ငံရဲ့ ခေတ်တွေကို ကိုယ်စားပြုတဲ့ ခန်းမတွေ ရှိတယ်..။

တကောင်းခေတ်၊ ပုဂံခေတ်၊ ပင်းယစသည်ပေါ့...။ အဲဒီခေတ်ယဉ်ကျေးမှု အငွေ့အသက်တွေ ခံစားရင်း မြန်မာဟင်းလျာစစ်စစ်တွေ သုံးဆောင်ရမယ်လေ...။ တပည့်တော်ကတော့ မိတ္ထီလာမှာ နေတာဆိုတော့ ဝန်ဇင်းမင်းရာဇာ ထွန်းကားခဲ့တဲ့ အင်းဝခေတ်ကို သဘောကျတယ်ဘုရား၊ ဘန္တေကတော့ ရွှေဘိုဘက်ကမို့ နောက်ဆုံးကုန်းဘောင်ခေတ်ကို နှစ်ခြိုက်မယ်ထင်မိကြောင်းပါ..။ ဒီက မိတ်ဆွေတွေကတော့ တစ်လတာအတွင်းမှာ ခေတ်တွေ အများကြီးဖြတ်သန်းခဲ့တာမို့ ရွေးချယ်ဖို့ ခက်နေမယ်..။"

" အို ကျမကတော့ သီရိခေတ္တရာကိုပဲ ဝင်လိုက်ချင်တယ်...။ ပန်ထွာဘုရင်မကို ဂုဏ်ပြုဖို့လေ..။ "

မြန်မာမှု မြန်မာ့ရာဇဝင်ကို လေ့လာနေဟန်ရှိသော အလီရှာက ဝင်ပြောသည်။

"ဒွတ္တဘောင်ကို တွေ့နေပြီလား" ဟု နီပွန်မလေးက လှမ်းနောက်သည်။

ကျန်သည့် လူငယ်သုံးယောက်က မျက်နှာကိုယ်စီကြည့်ရင်း လက်ချင်းချိတ်မြှောက်လိုက်ပြီး

"Let's enjoy Arimaddana!"

"ပုဂံကိုပဲ ခံစားလိုက်ကြရအောင် ...။" ဟုဆန္ဒပြုလိုက်သည်..။ လူငယ်များ၏ မြန်ဆန်လှသော လေ့လာနိုင်မှုစွမ်းရည်ကို သူနှစ်ခြိုက်မိ၏။ သို့နှင့် ပုဂံခန်းမထဲမဝင်မီ ကောင်တာတွင် ကူပွန်တစ်စောင်စီ ဝယ်လိုက်ကြသည်။

သရပါတံခါးကို ကျော်ဖြတ်လိုက်သည်နှင့် သီရိပစ္စယာသူနှစ်ဦးက ကြိုဆိုနေသည်။

ကူပွန်လေးများကို ပေးအပ်လိုက်သည်နှင့် မောင်တို့ ရှုကုန်လော့ မယ်တို့ ရှုကုန်လော့ ဖြစ်သွားသည်။ ပုဂံဗုံသံနှင့် နေရာအနှံ့မှ ပျံ့လွင့်လာဟန် ညင်းညင်းညံညံမောင်းသံများကို ကြားရ၏။ နောက်ဆုံးပေါ် အဆင့်မြင့် ဝိပလ္လာသနည်းပညာ (High IllusionalTechnology)ကို အသုံးပြုထားသည့်အတွက် ပေါက္ကာရာမ ရှေးဟောင်းမြို့ပြထဲ လမ်းလျှောက်နေရသလို ထင်ယောင်ထင်မှားဖြစ်စေသည်။ ကြေးနီရောင် အုတ်အင်္ဂတေလက်ရာ ဘုရားပုထိုးများ၏ ရောင်ခြည်တန်း အသွယ်သွယ် ထိုးကျနေသော ပုဂံမင်းလမ်းမကြီးထဲ သူတို့ ရောက်ရှိနေခြင်းဖြစ်သည်။ လောကနန္ဒာဈေးတန်းတွင် အစားအသောက်များ တည်ခင်းထားသည်။ ပျူမွှန်နှင့် ခေတ်ဟောင်း မြန်မာဝတ်စုံဆင်မြန်းထားသော လုလင်ပျို လုံမပျိုများက ရောင်းချနေကြသည်။

မိမိနှစ်သက်ရာ မြန်မာဟင်းလျာများကို အသင့်ချထားသော ယွန်းခွက်များဖြင့် ထည့်ယူသုံးဆောင်ကြရုံမျှ ဖြစ်သည်။ မြန်မာ့ငပိသည် ဂျပန်ဝါဆာဘီကဲ့သို့ပင် ကမ္ဘာ့အဘိဓာန်နှင့် စွယ်စုံကျမ်းများတွင် ထင်ရှားသောစကားလုံး ဖြစ်သွားပြီ။

(၅၂)

သန့်ရှင်းသပ်ရပ်သော အခင်းအကျင်း၊ ဖွဲ့စည်းဖန်တီးမှု၊ နည်းပညာ မြင့်တင်ခြင်းနှင့် ထိန်းသိမ်းပြုပြင်မှု အဆက်မပြတ် ပြုလုပ်နေဟန်ရှိသော အညာသားကြီး မြန်မာဘူးဖေးသည် ရွှေပြည်တွင် ဆိုင်ခွဲပေါင်းများစွာ ရှိသလို ကမ္ဘာ့နိုင်ငံအသီးသီးသို့ပါ တိုးချဲ့နေကြောင်း သိရသည်။ ရွှေပြည်ကြီးသားတို့ ဈေးရောင်းဈေးဝယ် တတ်ကြလေပြီ ဟု မုဒိတာပြဟ္မစိုရ်အထပ်ထပ် ပွားရ၏။

၂၀၁၅ မတိုင်မီက ရွှေပြည်ကြီးတွင် ထမင်းဆိုင်များစွာ ရှိသော်လည်း ကမ္ဘာကျော် MaCdonald's, Subway, Burger King, Wendy's, Starbucks, Taco Bell, Dunkin Donuts, Pizza Hut, Kentucky Fried Chicken (KFC), Sonic Drive-In စသော စားသောက်ဆိုင်ကြီးများ ရောက်မလာမီအထိ ပြိုင်ဘက်ကင်းစွာ ရောင်းချနိုင်ကြသည်။

အသွင်အပြင်များ ပြုပြင်ရန်မလို။ ဆိုင်းဘုတ်များ မပီးဝိုးဝါးဖြစ်နေလည်း ဒီဆိုင်က ရွှေ့သွားတာမှ မဟုတ်တာ ဟု ဆင်ခြေပေးသည်။ ထိုင်ခုံများ ညစ်ထေးကျိုးပဲ့နေသည့်တိုင် သန့်ရှင်းပြုပြင်ဖို့ မေ့နေသည်။ စားပွဲထိုးများ၏ ဝန်ဆောင်မှု အားနည်းချက်ကို သည်းခံကာ အောင့်အီးထိုင်ရ၏။ နောက်တစ်ဆိုင်သွားလည်း ပိုမထူး။ စာသုံးသူ ဦးစားပေးစနစ် (Customer Care) ကျင့်သုံးမှု အားနည်းသည်။ အသစ်အသစ်သော နည်းပညာများ အစားထိုးဖို့ တွန့်ဆုတ်နေသည်။ ပတ်ဝန်းကျင်လေ့လာမှု အားနည်းချက်နှင့် ခရီးမသွားနိုင်ခြင်းက အရာရာနောက်ကျဖို့ ဖြစ်သည်။ နိုင်ငံတကာစားသုံးသူများကို ကျန်မာရေးနှင့် ညီညွတ်၍ အရသာရှိသော ချက်ပြုတ်မှု အတတ်ပညာကို အာမခံချက် မပေးနိုင်ဖြစ်ရသည်။ ၂၀၀၁ ခုနှစ် ထေရဝါဒတက္ကသိုလ်ကျောင်းသား ရဟန်းငယ်ဘဝက နံနက်ခင်းသင်တန်းဆင်းတိုင်း ဆွမ်းဘုန်းပေးနေကျ ထမင်းဆိုင်လေး ရှိဖူးသည်။ ၂၀၁၄ ခုနှစ် သူပါရဂူဘွဲ့ယူပြီး ပြန်လာသည့်တိုင်အောင် ထမင်းဆိုင်လေး ရှိနေသည်။ အရင်အတိုင်း မှုံမှိုင်းလို့ ညစ်ထေးလို့...။ ယင်များအုံလို့...။

ခုတော့ ထိုထမင်းဆိုင်လေးနေရာတွင် MaCdonal's ဆိုင်ကြီးတစ်ဆိုင် ရောက်နေသည်။

"ဘန္တေ ဘာဘုဉ်းပေးမလဲ၊ တပည့်တော် စီမံခွင့်ပြုတော်မူပါ" မစ္စတာနေသန်က ရဟန်းဝိနည်း နားလည်ဟန် လျှောက်ထားသည်။ မွှေးကြိုင်နေသော ဟင်းလျာများကို အငမ်းမရ ရွေးချယ်ခူးခပ်နေသော လူငယ်များကို ကြည့်ကာ ပီတိဖြစ်နေမိသည်။ ရွှေပြည်ကြီးသားတို့၏ ချက်ပြုတ်မှု အတတ်ပညာကို ကမ္ဘာက သိသွားကြပြီ။ ကောင်းလေးစွ။

"အညာထမင်း၊ အညာဟင်းလေးပဲ စီမံပါလေ။ ငါ့ရှင်ဒကာ"

"မှန်ပါ့ မှန်ပါ့ ဘန္တေ ဟိုမြစ်ဘက်ဆီ ကြွပါ..."

ဧရာဝတီမြစ်ပြင်ကျယ်ဟု ထင်ရအောင် ရန်ကုန်မြစ်ပြင်ကို ဒိုင်မင်းရှင်းပြောင်း ဖန်တီးထားသော ထိုင်ခုံအလွတ်ဆီ သူ လှမ်းလိုက်သည်။

(၅၃)

မစ္စတာနေသန်က မြန်မာမှုနှင့် ရဟန်းဝိနည်းကို အကျွမ်းတဝင် ဖြစ်စွာ"သံဃဿ ဒေမ၊ နိဗ္ဗာနဿ ပစ္စယော ဟောတု" လုပ်ကာ ဆွမ်း ဆက်ကပ်လေသည်။ ရဟန်းတော်နှင့် သီခြားစီထိုင်ကြသည့်တိုင် စားပွဲ ချင်း ကပ်လျက်မို့ လူငယ်များ၏ ရွှေပြည်ကြီးသွား တောလားများကို သေချာစွာ ကြားနေရသည်။ ပြည်လုံးအနှံ့ လည်ပတ်ခဲ့ကြပြီးပြီမို့ ပြော၍ မကုန်အောင် ဖြစ်နေကြသည်။ ရွှေပြည်ကြီးသားတို့၏ ကိုယ်စိတ်နှလုံး ဖော်ရွေမှု၊ လတ်ဆတ်ပွင့်လင်းသောအပြုံး၊ ရိုင်းပင်းသော လက်များ အကြောင်းက ဂုဏ်ယူဖို့ ကောင်းလှသည်။ အထင်ကရစေတီပုထိုးများက လည်း လူငယ်များ၏ စိတ်ကို သိမ်းပိုက်နိုင်ခဲ့ဟန်တူသည်။ ရွှေတိဂုံစေတီ တော်ကြီးကို အုတ်အော်သောင်းနင်း ချီးမွမ်းနေကြသည်။

ယနေ့ခေတ် ရွှေပြည်ကြီးတွင် ဘာသာရေးဆိုင်ရာနေရာများ အတွက် ယခင်ကလို ငွေကြေးကောက်ခံခြင်းမရှိတော့သဖြင့် ရောက်လာ သမျှ ခရီးသည်အားလုံး ဘာသာခြားများသည်ပင်လျှင် ဗုဒ္ဓဘုရားကျောင်း

ရိုဝုဏ်များ၏ ငြိမ်းအေးသော အရိပ်ကို ခိုလှုံဖြစ်ကြသည်။ ရွှေပြည်ကြီး
ဆင်းရဲမွဲတေမှုအားကြီးစဉ်ကတော့ စေတီပုထိုးများသည် နိုင်ငံခြားဝင်ငွေ
ရှာပေးရသည့် ဗုဒ္ဓပြခန်း(Buddha Showroom) များ ဖြစ်ခဲ့ဖူးသည်။
ဟို ပဿိကော (လာလှည့်ရှုလှည့် ဟု ဖိတ်ခေါ်ခြင်းငှါထိုက်သော) တရား
မွှသည် ဒေါ်လာအနည်းငယ်မျှဖြင့် မျက်နှာမလှခဲ့..။

အီတလီနိုင်ငံ၊ ရောမမြို့၊ ဗာတီကန်နန်းတော်ရှိ စိန့်ပီတာဘုရား
ကျောင်းကြီးသို့ လည်ပတ်ခဲ့ရစဉ်က ငွေကြေးကောက်ခံသည်ကို မတွေ့ရ
ဖူး။ နယူးဒေလီမြို့တော်၊ ကြာပန်ကျောင်းသည်လည်း ထိုနည်းနှင်နှင်
ပင်..။ အခမဲ့ ဖိနပ်သိမ်းစနစ်ကိုပင် မှတ်သားခဲ့ရ၏။ တစ်နေ့နေ့ တစ်ချိန်
ချိန် အခွင့်အလမ်းပွင့်ခဲ့လျှင် ရွှေပြည်ကြီးတွင်လည်း စီးပွားဖြစ်ဘာသာရေး
စနစ်ကို ကျော်လွှားနိုင်မည်ဟု မျှော်လင့်ခဲ့ဖူးသည်။ မိတ်ဆွေရဟန်းတော်
တစ်ပါးပြောသည့် "သဒ္ဓါတရားကန်ထရိုက်"ဆိုသော စကားကို မှတ်
သားဖူးသည်။ စေတီပုထိုးအချို့၏ အလှူခံပုံးများကို ကန်ထရိုက်ပေး
ထားသည် ဟု အသံထွက်ခဲ့ခြင်းကို အကြောင်းပြု၍ မိတ်ဆွေရဟန်းက
ထိုစကားလုံးကို ရေရွတ်ခြင်းဖြစ်သည်။ ရွှေသင်္ကန်းကပ်လှူခြင်းသည်
ပင်လျှင် စာချုပ်စာတမ်းနှင့် လက်မှတ်ထိုးထားရသည် ဟု မှတ်သားရ၏။

သူကိုယ်တိုင် မွေးရပ်မြေရွာလေးဆီ မိခင်ရင်ငွေ့နှင့် မြေနံ့ ရှူရှိုက်
ရန် ပြန်ဖြစ်သည့်အခါ အလှူခံဖလားများစွာကို မကျော်လွှားခဲ့..။ (၇) ရက်
သားသမီးတို့၏ နဝကမ္မငွေစေကြေးစလေးများကို ရက်ရောစွာ ထည့်ဝင်
လှူဒါန်းခဲ့သည်ချည်းပင်..။ စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ဖို့..။
ဓမ္မာရုံဟောင်းကြီး ပြုပြင်ဖို့..။ ဘုရားငုတ်တို ရောင်တော်ဖွင့်ဖို့...။ လမ်းပျက်
တံတားပြုပြင်ဖို့ စသည် စသည်...။ တစ်ခါသားမှာတော့ ရွာတံတား
ခင်းရန် အလှူခံဖလားလေးများကို သဒ္ဓါယိုဖိတ်စွာ သူလှူဒါန်းဖြစ်သည်။
လာကြိုသည့် ညီမောင်က "ဒီတံတားခင်းပြီးတာ တစ်နှစ်ပြည့်သွားပြီ
ဘုရား.. စီးပွားရေးသမားတစ်ယောက်က ရွာနဲ့ စာချုပ်ပြီး ကန်ထရိုက်ဆွဲ
ထားတာ..။ တံတားကို တစ်နှစ်အတွင်း ပြီးအောင် သူတစ်ယောက်တည်း
ခင်းပေးမယ်..။ ဒါပေမယ့် သုံးနှစ်အလှူခံမယ်.. ဆိုပြီး သဘောတူထား

တာ..။ တံတားက ပြီးနေပြီလေ... အရှင်ဘုရားမြင်တဲ့အတိုင်း” ဟု ဆို
သည်..။ အော် ဟုတ်သား...။ ဘယ့်နှယ်ပါလိမ့်...။ ငွေစက္ကူနှင့် ကပ်ပါ
သွားသော သဒ္ဓါတရားလေး ကွာမကျအောင် နှလုံးသွင်းရသည်။

လွန်ခဲ့သောလပြည့်နေ့က ရွှေတိဂုံစေတီတော်ကြီးဆီ သူတက်
ရောက် ဖူးမျှော်ဖြစ်ခဲ့သေးသည်။ စောင်းတန်းမုခ်ဦးတွင် ခေတ်မီလုံခြုံရေး
စနစ်ကို ဖြတ်သန်းရသည်မှအပ သက်သောင့်သက်သာရှိလှသည်။ အခပေး
အိမ်သာနှင့်၊ ဖိနပ်သိမ်းကောင်တာစနစ် မရှိတော့သည်မှာ ကြာခဲ့ပြီ။ ဘုရား
ရှိခိုးရင်း ဖိနပ်ပျောက်မှာ စိုးရသောခေတ်၊ လက်တစ်ဘက်က လက်ကိုင်
အိတ်ကို ထိစမ်းကာ မျက်စောင်းထိုးရင်း ဩကာသရသော ကာလများ
လွန်ခဲ့ပြီ။ လွတ်လပ်စွာ ဘုရားအာရုံပြု၍ အေးအေးလူလူ တရားဘာဝနာ
ပွားများရန်အတွက် ဖိနပ်နှင့် ကိုယ်ပိုင်ပစ္စည်းများကို ကုဒ်နံပါတ်ဖြင့်
သိမ်းဆည်းနိုင်သော သေတ္တာပုံး(Locker)များ ထားရှိပေးသည်။

(၅၄)

ကျနော်တို့ ရွှေတိဂုံဗုဒ္ဓတက္ကသိုလ်က ကမ္ဘာ့ဘာသာကြီးများ
မဟာဌာန (Faculty of World Religions)ကို ဝင်ရောက်လေ့လာဖြစ်
ခဲ့တယ်..။ ကိုပင်ဟေဂင်တက္ကသိုလ်၊ သီအိုလိုဂျီမဟာဌာန (Faculty of
Theology)က ကျနော့်မိတ်ဆွေ ဒင်းနစ်ရှ်အမျိုးသမီးတစ်ဦးနဲ့လည်း တွေ့
ခဲ့တယ်..။

ဥရောပမှာ ထွန်းကားနေတဲ့ ဘာသာတရားများရဲ့ ရပ်နယ်လွန်
ဟောပြောချက်တွေနဲ့ ဗုဒ္ဓအဘိဓမ္မာ နှိုင်းယှဉ်ပြီး ပါရဂူဘွဲ့အတွက် ကျမ်းပြု
ဖို့ ရွှေတိဂုံတက္ကသိုလ်သုတေသန မဟာဌာနမှာ ရောက်နေတာ..။

ဆွီဒင်နိုင်ငံ၊ မာလ်မိုမြို့သား နိကိုလပ်စ်ဆိုသော လူငယ်က ဝင်
ပြောသည်။

“အို ဟုတ်ပါရဲ့။ ကျမနဲ့လည်း အင်းစိန်ခရစ်ယန် ဓမ္မတက္ကသိုလ်
ဆီမီနာ ဆုံလို့ ရှင့်အကြောင်း မေးနေသေးတယ်..။ မစ္စအလီရှာက
ဝင်ထောက်သည်။ ဂုဏ်ယူစိတ်ဖြင့် သူ ကြည်နူးပျော်ဝင်နေမိသည်။

တက္ကသိုလ်ဆရာများ၊ ကျောင်းသားများ၊ အသင်းဝင်များနှင့် မှတ်ပုံတင်ထားသော ပြင်ပသုတေသနပညာရှင်များသာ ဝင်ရောက်ခွင့်ရှိသော ရွှေတိဂုံဗုဒ္ဓတက္ကသိုလ်ကြီး၏ ခေတ်မီပိဋကတ်တိုက်သို့ သူ မကြာခဏရောက်ဖြစ်သည်။

၂၀၂၀ ခုနှစ်၊ ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ဂေါပကအဖွဲ့များ ညီလာခံ (The World Buddhist Trustees Conference) မှ ဤဗုဒ္ဓတက္ကသိုလ်ပရောဂျက် စတင်နိုင်ခဲ့သည်။

မဟာယာနထေရဝါဒ ဗုဒ္ဓဘာသာဝင်နိုင်ငံများ၏ ပံ့ပိုးမှုဖြင့် အချိန်တိုအတွင်းမှာပင် ထင်ရှားသည့် ကမ္ဘာ့ဘာသာရေးတက္ကသိုလ်ကြီး ဖြစ်လာခဲ့သည်။

အမေရိကန်ပြည်ထောင်စု၊ မန်ဆာချူးဆက်ပြည်နယ်၊ ဟားဗတ်တက္ကသိုလ်၊ ဘာသာရေးကျောင်း (Divinity School) အပါအဝင် ကမ္ဘာ့ဘာသာရေးဆိုင်ရာ မဟာပညာဌာနကြီးများနှင့် ချိတ်ဆက်ကာ ဗုဒ္ဓဓမ္မကို ဖြန့်ဝေနိုင်ခဲ့ပြီ။

(၅၅)

ယခင်က စေတီပုထိုးဘုရား ကျောင်းကန်အဆောက်အဦများ၊ ရပ်ကွက်ဓမ္မာရုံများသည် အခါကြီးရက်ကြီးနေ့များတွင် ဥပုသ်စောင့်သုံးခြင်း၊ သာရေးနာရေး အခမ်းအနားများ ကျင်းပခြင်းများအတွက်သာ တံခါးပွင့်လေ့ရှိပြီး များသောအားဖြင့် သော့ခလောက်တန်းလန်းဖြင့် ဓမ္မအလှမ်းမကျယ်ဖြစ်ခဲ့ရဖူးသည်။ သို့သော် အေဒီနှစ်ထောင်အလွန်ကာလတွင် ဗုဒ္ဓတရားတော်ပြန့်ပွားရေးနှင့် ဗြဟ္မစိုရ်တရားထွန်းကားရေး ကြွေးကြော်သံများနှင့် ဓမ္မသင်တန်းလှုပ်ရှားမှုများ ပေါ်ထွန်းလာခဲ့သည်။ ဗုဒ္ဓတရားတော်များသည် လူသားအားလုံး၏ နေ့စဉ်ဘဝတွင် လောကီလောကုတ္တရာ အသုံးချနိုင်စွမ်းရှိကြောင်း ထင်ရှားအောင် အားထုတ်ခဲ့ကြသည်။ နှစ်ပေါင်းများစွာ ပြိုလဲနေသော စာရိတ္တကျိုးပဲ့မှုကို ပြန်လည်တည့်မတ်အောင် ကြိုးစားရသည်မှာ အမှန်တကယ်မလွယ်ကူ..။

ထိုဓမ္မရေးရာအားထုတ်မှုဖြစ်စဉ်ကြီးက ရွှေတိဂုံစေတီ၊ မဟာမုနိ ဘုရား ဂေါပကအဖွဲ့ကဲ့သို့သော ထင်ရှားသော ဘာသာရေးအဖွဲ့အစည်း ကြီးများ၏ တိုးတက်ကျယ်ပြောသော အမြင်များကြောင့် လျင်မြန်စွာ တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဂေါပက အဖွဲ့ အားလုံးပါဝင်သော နိုင်ငံလုံးဆိုင်ရာ ပြည်တွင်းဂေါပကအဖွဲ့များ စုံညီအစည်းအဝေးကြီး ကျင်းပနိုင်ခဲ့သည်။ ခေတ်မီသော ဂေါပကအဖွဲ့ များဆိုင်ရာ ဥပဒေ(Trustee Law)ကို ၂၀၁၇ ခုနှစ်တွင် လွှတ်တော်မှ အတည်ပြုနိုင်ခဲ့သည်။ နိုင်ငံအဝှမ်းရှိ ဓမ္မာရုံကြီးငယ်များ တံခါးပွင့်ကာ ပညာရေးအင်စတီးကျူးရှင်းများ၊ ကောလိပ်များ ဖြစ်လာခဲ့သည်။

နိုင်ငံလုံးဆိုင်ရာ ဂေါပကညီလာခံကို အခြေခံကာ နိုင်ငံတကာ ဗုဒ္ဓဘာသာဂေါပက ညီလာခံကြီးကို ဖိတ်ခေါ်ကျင်းပနိုင်ခဲ့ပြီး ထိုညီလာခံ ကြီးတွင် ပါမောက္ခဟောင်း ဂေါပကအဖွဲ့ဝင်တစ်ဦး၏ ပိတ်ထားသော ဓမ္မာရုံတော်ကြီးများ သာသနာတော်အတွက် အကျိုးရှိစွာ အသုံးချနိုင်ရေး သုတေသနစာတမ်းတစ်စောင် တင်သွင်းရာမှ ရွှေတိဂုံစေတီဗုဒ္ဓတက္ကသိုလ် ပရောဂျက်ကြီးကို စတင်နိုင်ခဲ့ခြင်းဖြစ်သည်။

ရွှေတိဂုံစေတီတော်ကြီး၏ ပစ္စယံအသီးသီးနှင့် စောင်းတန်းမုခ်ဦး များရှိ ဝန်ကြီးဌာန၊ ပြည်နယ်တိုင်းနှင့် မြို့နယ်ဓမ္မာရုံတော်ကြီးများသည် ရွှေတိဂုံစေတီ ဗုဒ္ဓတက္ကသိုလ်ကြီး၏ ပင်မမဟာဌာန(Faculty) ဌာန (Department)များ ဖြစ်လာခဲ့သည်။

ဗုဒ္ဓဘုရားရှင်ကို အကြောင်းပြု၍ ပေါ်ထွန်းသမျှသော ဝါဒရေးရာ များကို ကျယ်ပြန့်စွာ လေ့လာနိုင်သကဲ့သို့ ဘာသာတရားအသီးသီး၏ ဟောပြောသွန်သင်ချက်များကိုလည်း ပို့ချပေးသည်။ ရွှေတိဂုံစေတီတော် ရင်ပြင်ရှိ စောင်းတန်းများသည်ပင် နိုင်ငံတကာ ကျောင်းသားများအတွက် ဗုဒ္ဓအဘိဓမ္မာနှင့် ဝိပဿနာပါမောက္ခများ၏ ပို့ချချက်နာယူကာ လက်တွေ့ ပွားများ ကျင့်သုံးရာ ဓမ္မသုတေသနဌာနများ ဖြစ်လာသည်။

၂၀၂၁ ခုနှစ် ကဆုန်လပြည့်ဗုဒ္ဓနေ့က ကမ္ဘာသိ ဖွင့်လှစ်ခဲ့သော ဤဗုဒ္ဓတက္ကသိုလ်ကြီး၏ ပထမဆုံးဘွဲ့နှင်းသဘင်ကို ရွှေတိဂုံစေတီတော် ရင်ပြင်တွင် ကျင်းပခဲ့စဉ်က သူကိုယ်တိုင် တက်ရောက်ခွင့်ရခဲ့သည်။

(၅၆)

"ဘန္တေ မျှတပါရဲ့လား၊ တပည့်တော်ရဲ့ ကုသလဝိပါက် ဓိဂ္ဂါဝိဉာဏ်စိတ်ကတော့ မြန်မာပြည်ရဲ့ ကဗ္ဗဋီကာရာဟာရတွေနဲ့ သဟဇာတဖြစ်နေပါသော်ကော ဘုရား..။

အဘိဓမ္မာ စကားလုံးများကို လှိုင်လှိုင်သုံးကာ ရွှေပြည်ကြီးဖြစ်အစားအစာများကို နှစ်ခြိုက်ကြောင်း ဇာရာဏသီချဲ့လေသည့် မစ္စတာနေသန်၏စကားကို သူ ခေါင်းတညိတ်ညိတ်ဖြစ်ရသည်။

ငရုတ်သီးစပ်ကာ လေချွန်နေသော နိပ္ပန်မလေး အိုက်ရီ(Airi)ကို သူမ မိတ်ဆွေများက "မြန်မာဝါဆာဘီနဲ့ တွေ့ပြီ" ဟု စနေကြသည်။

"မြန်မာ့အာဟာရတွေက တကယ် အရသာရှိတာပဲ..။ လူတစ်ယောက်ရဲ့ ခန္ဓာဗေဒနဲ့ ကျန်းမာရေး လိုအပ်ချက်တွေ ဖြည့်ဆည်းပေးနိုင်တဲ့ ဓါတ်ပေါင်းစု ဟင်းလျာတွေချည်းပဲ"ဟု ပြင်သစ်လူငယ် ဘရူနိုကရိုးရာပင်လယ်စာဟင်းကို အပြီးသတ်ရင်း ပြောသည်။

"မှိုကန်စွန်းကတော့ အကျွန်ုပ်၏ ရွေးချယ်မှုပေပဲ" ဟု နီကိုလပ်စ်က လက်ရုံးကို ဝင့်၊ မျက်ခုံးပင့်ကာ ခမ်းနားသော ဒင်းနစ်၍ နန်းတွင်းဟန်ဖြင့် ပြောသည့်အခါ အားလုံးက ရယ်မောကြလေသည်။

ကောင်းလေစွ..။

မြန်မာဘူးဖေး ဟင်းလျာများက လူငယ်တို့၏ စိတ်နှလုံးကို အမှန်တကယ် သိမ်းကြုံး စွဲဆောင်ထားနိုင်ခဲ့လေသည်ပဲ..။

"ဒါကြောင့်ပဲ မြန်မာလူငယ်တွေ ထွားကျိုင်းနေတာဖြစ်မယ်နော် ဘန္တေ" အီတာလျံအမျိုးကောင်းသမီး မစ္စအလီရှာက ပုဂံခေတ် ဝတ်ရုံသင်တိုင်းဖြင့် ခန့်ညားစွာ ဖြတ်လျှောက်သွားသော ရွှေပြည်ကြီးသား လူငယ်ကို ကြည့်ကာ မှတ်ချက်ပေးသဖြင့်

"မြေကြီးထဲ ပုဝင်သွားမတတ်၊ အာဟာရပြတ်ခဲ့တဲ့ ပြိတ္တာနှစ်ကာလတွေ ရှည်လျားခဲ့ဖူးပါသေးတယ်" ဟု သူက ဖြေရသည်။

"အို ဟုတ်ပါရဲ့ Scusa (ဝမ်းနည်းပါတယ်) ဘန္တေ"

"ရပါတယ်ကွယ်... တကယ့်ပကတိ အမှန်တရားတွေပါပဲ..။ အဲဒီ သမိုင်းပုံရိပ်တွေကို ပျဉ်းမနား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က အာဟာရ ပြတိုက်ကြီးမှာ သေသေချာချာ ပြထားတယ်လေ..။ အတိတ်ကို ပြန် မလျှောက်မိကြဖို့ သတိပေးနေတာ..။ ခုဆို ရွှေပြည်ကြီးသားတွေ ဆင်းရဲမှာ သိပ်ကြောက်နေကြပြီ..။"

ပရိုတင်း၊ ကာဗိုဟိုက်ဒရိတ်၊ ဗီတာမင်၊ အဆီနှင့် သတ္တု စသည့် လိုအပ်သော အာဟာရဓါတ်များ ချို့ငဲ့စွာ ဥပဓိပြောင်လက်ခြင်းမရှိ၊ အင်အားချိနဲ့ခဲ့သော ရွှေပြည်သားတို့၏ လောကဓံ နေလောင်ရာသီများ အကြောင်း စာမျက်နှာအဟောင်းများကို သူ မလှန်ချင်တော့ပါ..။

ဆင်းရဲမွဲတေမှုသည် ရွှေပြည်ကြီးသားတို့၏ ရန်သူအစစ်ဖြစ်ခဲ့ဖူး သည်။

"ပညာမရှိ၊ သူ၏ ဝန်ထမ်းများသာ" တိုးပွားစေခဲ့သော နိုင်ငံရေး စနစ်၏ မိုးခြိမ်းသံများအောက်တွင် ဟင်းတစ်ဖတ်ဖြင့် ထမင်းတစ်နပ်ပြီး ရသော၊ ငပိရည်စစ်၍ ထမင်းဂျိုးခြစ်ရသော ဘဝမိုန်မိုန်များကိုသာ တိမ် တွေ ဆက်ကာ ဖုံးခဲ့ဖူးသည်။

ကြောင်အိမ်လေးထဲက သိုးလုလု ဟင်းတစ်ခွက်ကို အနံ့ခံကာ အလုပ်က ပြန်လာမည့် အဖေ့ဖို့ ချန်ရင်း၊ ဈေးရောင်းထွက်သွားသည့် အမေ့ ဖို့ ဖယ်ရင်း၊ ကျူရှင်နောက်ကျနေမည့် သားနှင့် သမီးအတွက် ကဲ့ထားရင်း မဝရေစာ ထမင်းဝိုင်းများသည် ရွှေပြည်ကြီး၏ ခြိုးခြံခြင်းဓလေ့ထုံးစံတစ်ခု ဖြစ်လာသည်။ မနိုင်၍ သည်းခံရခြင်းနှင့် မရှိ၍ ခြိုးခြံရခြင်းများက အမျိုးသား လက္ခဏာများပမာ အမြစ်တွယ်လာခဲ့သည်။

"များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ" ဘယ်သောအခါမှ မရနိုင်တော့ဟု စိတ်နှလုံးကို ဒုန်းကနဲ ပစ်ချခဲ့ကြဖူးလေသော သက္ကရာဇ် များတွင် သူ့မွေးရပ်မြေ ရွာလေးသို့ ပြန်သွားခဲ့ဖူးသည်။ မီးခိုးမွှန်လှသော မီးဖိုချောင်ကျဉ်းကျဉ်းလေးတွင် ပြောင်းနှင့် ဆန်ကို ရောနှောကာ မိသားစု ထမင်းဝိုင်းကို စီမံခန့်ခွဲနေသော သူ့မိခင်၏ အနာဂတ်ဖျော့လှသော မျက်နှာ ရိပ်ကို သူကိုယ်တိုင် မြင်ခဲ့ဖူးသည်။

ဝါးကြမ်းခင်းပေါ်တွင် စားပွဲအိုလေးကို ချခင်းလျက် မိသားစု ကြပ်ညပ် ဆင်းရဲစွာ တိုးဖော့ထိုင်ကာ ဟင်းမျှော်ရသော ကျေးလက်ထမင်း ဝိုင်းကို မြန်မာ့အလှဟု ဖွဲ့သည့် အမှောင်ခေတ် ကဗျာဆရာများကို သူ မကျေနပ်ခဲ့..။ တိုင်းသူပြည်သားတို့ မွဲခြင်း၊ ရိုးအခြင်း၊ ပညာမဲ့ခြင်းကို ဂုဏ်လုပ်ရေးသော လူမိုက်အားပေး စာပေများကိုမှ ဆုပေးလေ့ရှိသော ထိုခေတ်တွင် ထိုကဗျာဆရာ ကိုယ်တိုင်လည်း မိသားစုထမင်းအိုးလေး အတွက် နလုံးသားကို ကလောင်နှင့် ထိုးဆွထွန်ယက်ခဲ့ရခြင်းလည်း ဖြစ် နိုင်သည် ဟု တွေးမိတော့ ဆစ်ကနဲ ကရုဏာစိတ်က လှုပ်သည်။

"ဒီအခြေအနေအထိ ရောက်အောင် ပြန်လျှောက်လာနိုင်ခဲ့တဲ့ မြန်မာ့လူ့အဖွဲ့အစည်းကို ဂုဏ်ပြုပါတယ် ဘဏ္ဍေ" ဟု ဆိုကာ ရွှေပြည်ကြီး အလံငယ်ကို အိတ်ထဲမှ ဆွဲထုတ်ဝှေ့ရမ်းပြသူက စကားနည်းလှသော အမေရိကန်အမျိုးသမီးငယ် မစ္စအင်မီလီဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်ပြည်နယ်၊ အော်ဘနီ မြို့တော်အနီး ကောင်တီတစ်ခုတွင် မွေးဖွားခဲ့သည်ဟု မိတ်ဆက်လေသော သူမက ရွှေပြည်ကြီး၏ ကျေးလက်နှင့် အမေရိကားကျေးလက် မခြားနား တော့ပါ ဟု ဆိုလာသည်။

သူမကဲ့သို့ပင် ကျန်လူငယ်များက ရွှေပြည်ကြီးအလံငယ်များကို ထုတ်ယူကာ "ဘဏ္ဍေရဲ့ ရွှေပြည်ကြီးကို ဂုဏ်ပြုပါတယ်" ဟု ဆိုရင်း ဝှေ့ရမ်း လိုက်ကြသည်။ အသံအနည်းငယ်ကျယ်သွားသဖြင့် အချင်းချင်း ရှူးတိုး တိုး ပြန်လုပ်ကာ ရယ်မောနေကြ၏။

သူ ရဟန်းငယ်ဘဝက နယူးယောက်မြို့တော်၊ ကုလသမဂ္ဂ အဆောက် အဦသို့ သွားရောက်လည်ပတ်ခဲ့စဉ်က ကုလသမဂ္ဂနှင့် အမေရိကန် ပြည်ထောင်စုအလံများနှင့် တွဲကာ ရွှေပြည်ကြီး၏ အလံတော်ကို ဝှေ့ရမ်း လှုပ်ခါခဲ့ဖူးသည်ပဲ..။

(၅၇)

မြန်မာဘူးဖေးဆိုင်မှ အထွက်တွင် လူစုခွဲကြသည်။ ဓမ္မဂင်္ဂါ ကောလိပ်သို့ လာရောက်လည်ပတ်ကြရန် ဖိတ်ခေါ်ရသည်။ ရှေးပြည်သာ တံတားသစ်ဆိပ်ကမ်းသို့ ဖယ်ရီသင်္ဘောဖြင့် ဖြစ်စေ၊ ရွှေလင်ပန်းဘူတာသို့ မြေအောက်ရထားစီး၍ ဖြစ်စေ၊ လာနိုင်ကြောင်း နေဗီဂေတာထောက်ကာ ညွှန်းလိုက်သည်။ လှိုင်မြစ်နှင့် ရန်ကုန်မြစ်များကို ဖြတ်၍ ဥမင်လမ်းများ ဖောက်ထားပြီးလေပြီ။ နယူးယောက်မြို့တော်က ဟတ်ဆန်မြစ်၊ ဟာလင်းမြစ်၊ အရှေ့မြစ်နှင့် မြို့သစ်ချောင်းများကို ဖြတ်ဖောက်ထားသော ဥမင်လမ်း(Tunnel)များထက် ဆန်းကြယ်သစ်လွင်နေသည်။ ဆယ်စုနှစ် များစွာ နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သည့် "မြန်မာ့နည်း မြန်မာ့ဟန်" ဟူသော ဝေါဟာရသည် ထိုက်တန်သောဂုဏ်ပြုမှုကို ပြန်လည်ရရှိလာပြီ ဖြစ်သည်။

"အိုခေ ငါ့ရှင်လေးတို့ အောင်မြင်ချမ်းမြေ့ ပျော်မွေ့နိုင်ကြပါစေ" ဗိုလ်တစ်ထောင်ဘုရားအနီးရှိ ကမ်းနားလမ်း တန်ဖိုးနည်း ခရီးသွား အဆောင်(Hostel) တစ်ခုတွင် စုပေါင်းတည်ခိုနေကြသည့် မစ္စတာ နေသန်တို့အဖွဲ့ကို အနုမောဒနာပြုကာ ဆူလေးဘုရားလမ်းမအတိုင်း လျှောက်လာခဲ့သည်။ ခရီးသွားလူငယ်များကတော့ အဖိုးအခကြီးလှသော ဟိုတယ်များတွင် မတည်းခိုဘဲ၊ တစ်ရက်လျှင် ကျပ်နှစ်ဆယ်ခန့်သာ ပေး ရသည့် တည်းခိုဆောင်များတွင် ရက်ရှည်လများ နေထိုင်လေ့ရှိကြသည်။ ဟိုတယ်များကဲ့သို့ ဝန်ဆောင်မှုမပေးဘဲ မိမိတို့ကိုယ်တိုင် အိပ်ရာပြင်ရပြီး ရေအိမ်ခွဲဝေ သုံးစွဲရသော အဆောင်စနစ် တည်းခိုခန်းများကို ဥရောပနိုင်ငံ ခရီးစဉ်များတွင် သူကိုယ်တိုင်လည်း နှစ်မြိုက်စွာ ဝင်နားခဲ့ဖူးသည်။ အွန်လိုင်းမှ ကြိုတင်စာရင်းပေးထားရပြီး ကောင်တာရောက်သည်နှင့် သော့တစ်ချောင်း နှင့် အိပ်ရာလိပ် ထုတ်ပေးသည်။ ကိုယ်တိုင်အိပ်ရာပြင်ပြီး အနားယူပေ တော့..။ မည်သည့်ဝန်ဆောင်မှုကိုမှ မမျှော်လင့်လေနှင့်..။

တက္ကသိုလ် ကျောင်းသားများနှင့် ငွေကြေးချွေတာလိုသည့် ခရီး သွားများအတွက် အဆင်ပြေသော ဝန်ဆောင်မှုမဲ့ ဝန်ဆောင်မှုတစ်ခုဖြစ်

သည်။ တစ်ယောက်အိပ်ခန်း၊ နှစ်ယောက်အိပ်ခန်းမှသည် (၁၆)ယောက် ခန့်ထိ ကျားမ မခွဲ တည်းခိုရသော အဆောင်မျိုး ဖြစ်သည်။ ရဟန်းတစ်ပါး ပေမို့ တစ်ယောက်ခန်းရအောင် ခရီးသွားဝက်ဘ်ဆိုက်ဒ်များတွင် ခေါင်းမူး အောင် ရှာရတတ်သည်။ ထိုသို့ ရှာသည့်ကြားမှ အခန်းမရသဖြင့် ဒိန်းမတ် နိုင်ငံ၊ ကိုပင်ဟေဂင်မြို့တွင် (၈)ယောက်အိပ်ခန်းထဲ အိပ်ရာလိပ်ထမ်းကာ သူ ရောက်သွားခဲ့ဖူးသည်။ သူ၏ ရဟန်းတစ်ပါးအသွင်ကို အံ့ဩစွာ မိတ်ဆက်ကြသော လူငယ်များနှင့် အဖွဲ့ကျကာ၊ ခရီးအတူတူ သွားဖြစ် ခဲ့ကြသည်ကို သတိရမိသေးတော့၏။

(၅၈)

မွမ်းမံထိန်းသိမ်းထားသော ကိုလိုနီခေတ် အဆောက်အဦများ၊ မြန်မာ့ဗိသုကာလက်ရာသစ် မိုးမျှော်တိုက်ကြီးများဖြင့် ရန်ကုန်သည် မက်ထရိုပိုလိုတန်မြို့တော်ဖြစ်နေသည်။ ယခင်ကထက် ပိုမိုချဲ့ထွင်ခြင်း မရှိသော်လည်း ပျံကျလမ်းဘေးဈေးသည်များ မရှိတော့သဖြင့် ဆူးလေ ဘုရားတစ်ဝိုက် လမ်းမကြီးများတွင် ဖွံ့ဖြိုးပြီး နိုင်ငံတစ်ခု၏ အငွေ့အသက် ကို ရှိုက်ခွင့်ရှိနေသည်။ မြန်မာအပါအဝင် နိုင်ငံတကာ ကုမ္ပဏီကြီးများ၏ ဖက်ရှင်နှင့် အလှကုန် အရောင်းပြခန်းများက ရန်ကုန်၏ ပြည့်စုံမှုကို အရောင်တက်စေသည်။ အီတလီနိုင်ငံ၊ ရောမမြို့တော်၏ နာမည်ကျော် ဖက်ရှင် လမ်းမကြီးသည်ပင် ရန်ကုန်ဗိုလ်ချုပ်လမ်းထက် သာလွန်တော့ သည် မဟုတ်ပေ..။ ကမ္ဘာ့ဂီတနှင့် ရုပ်ရှင်အနုပညာ အကျော်အမော်များ၊ ဖက်ရှင်ကိုယ်ဟန်ပြမယ်များ ဈေးဝယ်ထွက်သည့် မြို့ပြစာရင်းတွင် ရန်ကုန် ကို မကြာခဏ ဖော်ပြလေ့ရှိသည်။

ကမ္ဘာလှည့် ခရီးသည်များအတွက် အပျော်စီးထရော်လီ (Trolley များ၊ အမိုးဖွင့်မြို့တော် ခရီးဘတ်စ်(City Tour Bus)များ၊ တစ်မိနစ် လျှင် သုံးကျပ်မျှပေးရသော ဆိုက္ကားများ၊ စက်ဘီးစီးကြသူများဖြင့် ဆူးလေ ဘုရားလမ်းသည် စည်းကားနေ၏။ မဟာဗန္ဓုလပန်းခြံထဲ သူ ဝင်လာခဲ့ သည်။ ယခင်ကလို တံတိုင်းအကာအရံများ မရှိတော့သည့်အတွက်

လွတ်လပ်စွာ ဝင်ထွက်သွားနိုင်သည်။ ရန်ကုန်တွင် လုံခြုံရေး ရည်ရွယ်ချက်ဖြင့် ကာရံရသော တံတိုင်းများ ကွာကျသွားသည်မှာ ကြာခဲ့ပြီ။ မြို့ပြစက်မှုဇုံနှင့် ကုန်စည်စီးဆင်းရာ လမ်းမကြီးများတွင်သာ ပြည်သူတို့၏ ပုဂ္ဂလိကနေထိုင်မှုကို မထိခိုက်စေရန် အသံလုံကာ ဆူညံမှုထိန်းချုပ်ပေးသော တံတိုင်းကြီး (Sound Proofing and Noise Control Wall) များကို အစိုးရက ကာရံပေးထားသည်။ မိမိတို့နေထိုင်ရာ ကွန်မြူနိုတီနှင့် နီးကပ်သော စက်ယန္တရားကြီးများနှင့် တန်ချိန်များသည့် ကုန်တင်ယာဉ် ကြီးများကြောင့် တစ်ရေးနိုးရသောညများ မရှိတော့ပြီ။

ဗန္ဓုလပန်းခြံအတွင်း ပုံစံအမျိုးမျိုးဖြင့် အပန်းဖြေ အနားယူနေသော နိုင်ငံတကာခရီးသွားများနှင့် ရွှေပြည်ကြီးသားတို့ကို မြင်ရသည့်အခါ သူကိုယ်တိုင် အပန်းပြေသွားသည်။ ဒီမိုကရေစီခေတ်ဦး ရန်ကုန်မြို့ကွက်ကို ပြန်ဖော်ရန် ကြိုးပမ်းစဉ်က ပြည်သူ့ပန်းခြံနှင့် အပန်းဖြေနေရာများစွာအတွက် တိုင်းဒေသကြီးလွှတ်တော်တွင် အကြိတ်အနယ် မဲခွဲဆုံးဖြတ်ရကြောင်း သတင်းစာများက ဖော်ပြသည်။ မြေကွက်လပ်မှန်လျှင် ငွေဖြူဈေးကွက်၏ ကုန်ကြမ်းဖြစ်ခဲ့ဖူးသော ရန်ကုန်တွင် အများပြည်သူအတွက် အပန်းဖြေနားနေစရာနှင့် အားကစားကွင်းများ ပျောက်ကွယ်သွားခဲ့ရဖူးသည်။ ရွှေပြည်ကြီးသားတို့ ခန္ဓာသန်းစွမ်းမှုအတွက် ကာယလေ့ကျင့်ရန်နှင့် ဉာဏခွန်အားအတွက် သုတဖြည့်ဆည်းရန် အချိန်နှင့် နေရာ ရှားပါးခဲ့သည်။ ထိုစဉ်က ရန်ကုန်မြို့တော်၏ ပြည်သူ့ရင်ပြင်နှင့် အင်လျားကန်ပတ်လမ်း နံနက်ခင်း အိပ်ရာထချိန်များတွင် ဒုတိယနှင့် တတိယ ဘာသာစကားများဖြင့် လမ်းလျှောက်ကြသူများ၊ အားကစား လေ့ကျင့်ကြသူများကိုသာ တွေ့ရလေမည်။ ရွှေပြည်ကြီးသုံး ဝေါဟာရဖြင့် လေ့ကျင့်ခန်းလုပ်သည်ကတော့ မြန်မာ့ရေဒီယိုအိုကြီးတစ်ခုသာ ရှိချိမ့်မည်။

(၅၉)

မဟာဗန္ဓုလပန်းခြံရှေ့တွင် မြို့တော်ခန်းမကို နောက်ခံပြုကာ ကမ္ဘာလှည့်ခရီးသည်များ ဓါတ်ပုံရိုက်နေကြသည်။ အုပ်စုလိုက်ရိုက်နေကြ

သော အဖွဲ့များကြားမှ အတိုးအဘွားစုံတွဲက သူရှိရာသို့ ဟန်မူရာဖြင့် ကင်မရာကမ်းရင်း ချဉ်းကပ်လာသည်။

ရဟန်းတစ်ပါးဟု သိနေသည့်တိုင် ကြင်နာတတ်သော ဗုဒ္ဓ သာဝကအဖြစ် မြင်ကာ အကူအညီ တောင်းခံခြင်းဖြစ်မည်။ ဗုဒ္ဓဘာသာဝင် ရဟန်းတော်၏ အသွင်အပြင်ကို အကြမ်းဖက်သမားဟု ပုံဖော်စွပ်စွဲခံရ သည့် ကာလအချို့ ရှိခဲ့ဖူးသည်။

"ရွှေပြည်တော် မျှော်တိုင်းဝေး နှစ်ကာလများတွင် ဘာသာရေးနှင့် နိုင်ငံရေးလားရာများ ရောနှောနေတတ်သည့်အတွက် အရာရာ ဖြစ်နိုင် သည်ချည်းပင်..။

ရွှေပြည်ကြီးသားတို့အပေါ် ကရုဏာကြီးမားလွန်းကြသော ရဟန်း တော် အချို့၏ အကဲဆတ်လွန်းသော တက်ကြွမှုများအပေါ် သံသယဖြစ် ခံရခြင်းမျိုးပင်..။ ထိုအချိန်က သံဃာ့အဖွဲ့အစည်း၏ အနတ္တဒေသနာနယ် တွင် ငါသူတစ်ပါး ယောကျ်ားမိန်းမအစွဲများနှင့် ပတ်သက်၍ ဥပါဒါန် မလည်မဝယ်ရှိဟန်တူသော ဓမ္မရပ်တည်ချက်ကို မေးခွန်းထုတ်ခံရဖူး သည်။

"စည်သူဦးဘတင် (၁၈၉၀–၁၉၇၂) Sithu U Tin (၁၈၉၀– ၁၉၇၂)"ဟု အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် ကမ္ပည်းရေးထိုးထားသော မြို့တော် ခန်းမကို ဒီဇိုင်းရေးဆွဲသူ မြန်မာ့အမျိုးကောင်းသား ဗိသုကာပညာရှင်ကြီး ၏ ရုပ်တုရှေ့တွင် နေရာယူလိုက်ကြသည်။

စည်သူဦးဘတင်ဆိုသည်က ရန်ကုန်ဘူတာကြီးနှင့် အထက (၂) ဒဂုန်တို့ကို ဒီဇိုင်းရေးဆွဲပုံဖော်ခဲ့သူ မြန်မာဗိသုကာစစ်စစ်ကြီး ဖြစ်သည်။ ပြင်သစ်နိုင်ငံ၊ ပါရီမြို့တော်၊ အီဖယ်မျှော်စင်ကြီး၏ ဗိသုကာ မစ္စတာ ဂုစတပ်ဗ်အီဖယ်၊ အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ္စကိုမြို့တော်၊ ရွှေမုခ်ဦးတံတား (Golden Gate Bridge) ကို စတင်ပုံဖော်သူ အီရ်ဗင် မော်ရိုး(Irving Morrow)စသော ကမ္ဘာ့ ဗိသုကာအကျော်အမော်တို့ကို ဂုဏ်ပြုကြသလိုမျိုး ရွှေပြည်ကြီးသား ဗိသုကာကြီးများကို နေရာပေးခဲ့ကြပြီ။

"My pleasure"

ခေတ်မီကင်မရာတစ်လုံးမို့ ကလစ်တစ်ချက် နှိပ်လိုက်သည်နှင့် စိတ်ကြိုက်ပုံအမျိုးမျိုး ရိုက်ကူးပြီးဖြစ်သွားသည်။

အဘိုးနှင့် အဘွားမျက်နှာတွင် အပြုံးအရေးအကြောင်းများ ထင်ထင်းကြီး ပေါ်နေသည်။ သူ့ကို လက်အုပ်ချီကာ နှုတ်ဆက်သွားသည်။ အမ်(မ်)ဖုန်းမျိုးဆက်ကိုင် လူငယ်များကတော့ ကင်မရာဓရိယာအတွင်းရှိ စကျင်ကျောက်သားခုံငယ်တွင် ဖုန်းကို တင်ကာ ကင်မရာဖွင့်လိုက်သည် နှင့် လေဆာမျက်နှာပြင်တစ်ခု ပေါ်လာသည်။ အဝေးထိန်း အမိန့်ပေးစနစ် ဖြင့် မိမိတို့စိတ်ကြိုက် ကိုယ်ဟန်အနေအထားကို ရွေးချယ်ကာ လူအကူ မလိုဘဲ ရိုက်ကူးနိုင်သည်။

မိန့်ခွန်းပြောနေသော ဗိုလ်ချုပ်ရုပ်တုရှိရာ မြို့တော်ခန်းမလသာ ဆောင် ဝရံတာတွင်လည်း ဓါတ်ပုံရိုက်နေသော ပြည်တွင်းပြည်ပခရီးသည် များဖြင့် စည်ကားနေသည်။

ဗိုလ်ချုပ်အောင်ဆန်းစကားပြောနေစဉ် နောက်ကွယ်မှာ ထိုင် နေသော သခင်နု၏ ရုပ်တုကလည်း အသက်ဝင်လှသည်။ ရန်ကုန်သည် ရုပ်တုမြို့တော်ဟု ခေါ်ဆိုရလောက်အောင်ပင် ပူဇော်ဂုဏ်ပြုထိုက်သူတို့၏ ပုံရိပ်များဖြင့် အနုပညာ ကြွယ်ဝနေသည်။

ရန်ကုန်၏ ရှေးဟောင်းအမွေအနှစ် မြို့တော်ခန်းမကြီးသည် ပြဿာဒ်ဗိမာန် ယဉ်ကျေးမှုဟန်အမျိုးမျိုး ပေါင်းစပ်တည်ဆောက်ထား သော မြန်မာ့ဗိသုကာလက်ရာစစ်စစ်ဖြစ်ပြီး ၁၉၂၆ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့ပြီး ၁၉၃၆ ခုနှစ်တွင် အပြီးသတ်နိုင်ခဲ့သည်။ ဗိုလ်ချုပ် အောင်ဆန်း၏ သမိုင်းဝင် မိန့်ခွန်းခြွေခဲ့ရာနှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ၏ ငြိမ်းချမ်းရေးလှုံ့ဆော်မှု အပါအဝင် နိုင်ငံရေးလှုပ်ရှားမှုကြီးများစွာ ဖြစ်ထွန်းပေါ်ပေါက်ခဲ့ရာ ဘူမိနက်သန်ဖြစ်ခဲ့သည်။

မြို့တော်ခန်းမကြီးကို ခေတ်အဆက်ဆက် မြို့တော်မြူနီစီပယ် အဖွဲ့နှင့် စည်ပင်သာယာရေးကော်မတီရုံးချုပ်အဖြစ် အသုံးပြုခဲ့သော်လည်း ယခုအချိန်မှာတော့ မြို့တော်ဝန်၏ ဂုဏ်ထူးဆောင် ရုံးခန်းမှအပ ကျန်

အစိတ်အပိုင်းများကို အများပြည်သူတို့ အပန်းဖြေနားခိုရာစင်တာ (Recreation Centre)အဖြစ် ဖွင့်လှစ်ပေးခဲ့သည်။ သမိုင်းဝင်ပြခန်းများ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ ကဖေးနှင့် စားသောက်ဆိုင်များ၊ ပန်းချီပြခန်းများဖြင့် စည်ကားနေသည်။

မြို့တော်ခန်းမဘက်မှ ပန်းဆိုးတန်းဘက်သို့ လျှောက်နေဆဲမှာပင်"ဘန္တေ ကားပေါ်တက်ပါဘုရား.. ဒီနေ့ ပြက္ခဒိန်မှာ ဘန္တေအတွက် ချိန်းဆိုမှုတစ်ခု အချက်ပြနေပါတယ်" ဟု ပြောပြောဆိုဆို အလိုအလျောက်တံခါးပွင့်သော ကားတစ်စီး ထိုးဆိုက်လာလေသည်။ ကားမောင်းသူက သူ့ကျောင်းဒကာများ စီမံပေးထားသည့် ရိုဘော့ဒရိုင်ဘာတစ်ဦးဖြစ်သည်။

မောင်းသူမဲ့ကားထက် ဝန်ဆောင်မှုပိုသော ရိုဘော့ဒရိုင်ဘာတစ်ဦး၏ ကျွမ်းကျင်မှုကို ယုံကြည်ကိုးစားလျက် သူ ကားစီးနေသည်မှာ ကြာပြီ။

သူကားနောက်ခန်းထဲ ဝင်ရောက်နေရာယူလိုက်သည်နှင့် ပရိဂရမ်တင်ပြသည့် လေဆာမျက်နှာပြင်တစ်ခု ပေါ်လာသည်။

(၆၀)

လေဆာမျက်နှာပြင်တွင် ဘိုးဘွားစောင့်ရှောက်မှု ဂေဟာတစ်ခုသို့ ကြွရောက်ရန် ဓမ္မဝန်ဆောင်မိတ်ဆွေရဟန်းတော်၏ ဖိတ်ကြားလွှာ ပေါ်လာသည်။

ဓမ္မဝန်ဆောင်ရဟန်းတော်တစ်ပါး၏ အခန်းကဏ္ဍက လောကီဖွံ့ဖြိုးမှုထဲ တိုးဝင်နေပြီဖြစ်သော ရာစုသစ်ရွှေပြည်ကြီးသားတို့၏ လူမှုဗေဒနှင့် နည်းပညာဆိုင်ရာ စိတ်ဖိစီးမှုများကို နှစ်သိမ့်ပေးရသည်။ စစ်ဘက်နယ်ဘက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဆေးရုံ၊ ဘိုးဘွားရိပ်သာ၊ စာသင်ကျောင်းနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း အသီးသီးတွင် ရဟန်းတော်များကို ဓမ္မဝန်ဆောင်မှုပေးရန် ပင့်ဖိတ်ထားကြမြဲဖြစ်သည်။ ဗုဒ္ဓအရှင်မြတ်နှင့် အဂ္ဂမဟာ သာဝကကြီးများကိုယ်တိုင် ထမ်းရွက်ခဲ့ဖူးသည့် ဓမ္မဝန်ဆောင်မှုဖြစ်သည်။

အနောက်နိုင်ငံများတွင် ခရစ်ယာန်ဘုန်းတော်ကြီးများက ချပလိန် (Chaplain)များအဖြစ် လူမှုဒုက္ခများကို ကူညီဆောင်ရွက်လေ့ ရှိကြသည်။

"ဘန္ဓေ ညောင်တုန်းတံတားကြီးကို ကျော်ရမယ်.."

ပရိုဂရမ်မှ လိပ်စာကို လက်ညှိုးဖြင့် ထိလိုက်ကာ အဆင့်မြင့် နေဗီဂေတာစနစ် (Navigator Systam) သို့ ပို့လိုက်သည်နှင့် ရိုဘော့ ဒရိုင်ဘာဆီမှ အသံထွက်လာသည်။ တစ်နေ့တစ်ခြား ကျယ်ဝန်းလာသော ရန်ကုန်မြို့တော်သည် ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီးများနှင့် ထိစပ်လာခဲ့ သည်။ အဆင့်မြင့် လမ်းမကျယ်ကြီးများဖြင့် ရှုပ်ထွေးလာသည်မို့ အချက်ပြ ခရီးလမ်းညွှန် နေဗီဂေတာသာ မပါလျှင် လိုရင်းခရီးကို အလွယ် တကူ ရောက်ဖို့ မမြင်..။

"၃၅ မိနစ်ပါပဲ၊ ဒကာသုတ"

ဒကာသုတဟု သူအမည်ပေးထားသော ရိုဘော့ဒရိုင်ဘာက ဆူးလေဘုရားလမ်းမှ အမှတ် ၂၃ ကောင်းကင်လမ်း (Sky Way)ပေါ် တက်ကာ လှိုင်မြစ်အလွန် ဧရာဝတီလမ်းမကျယ်ကြီး (Ayyarwadi Boulevard)ဆီအရောက် မောင်းရမည်။ ကောင်းကင်လမ်းမဝင်မီ လမ်း တံတား ကောက်ခံသည့် ဂိတ်ကို ဖြတ်ရ၏။ ကားမှန်ရှေ့တွင် ဘဏ်ငွေ စာရင်းနှင့် ချိတ်ဆက်ထားသော အလွယ်ဖြတ် (Easy Pass)စနစ် တပ်ဆင် ထားသည့်အတွက် မောင်းတံအလိုလို ပွင့်သွားသည်။

အလွယ်ဖြတ်စနစ် မတပ်ဆင်ထားလျှင်တော့ ငွေသားဖြင့် ပေးချေ ရန် ဒစ်ဂျစ်တယ်လ် သေတ္တာပုံးရှိသည်။ ဂိတ်စောင့်ဝန်ထမ်း မရှိသည့် အတွက် မိမိမည်သူမည်ဝါ ဖြစ်သည်ဟူသော အရိပ်အရောင်ဖြင့် အမှောင်ခို တံခါးပွင့်သော အခြေအနေမျိုး မရှိတော့သည်မှာ ကြာပြီ။

ယခင်က ပြည်လမ်းကျဉ်းလေးကိုပင် တခုတ်တရ စာဖွဲ့ကာ သီချင်း လုပ်ရေးရသော အချိန်ကာလရှည်ကြီး ရှိခဲ့ဖူးသည်။ မိုးရာသီတွင် ရေနစ် သောလမ်း၊ ပိတ်ဆို့နေသော မြောင်းပုပ်များဖြင့် အော့အန်ချင်ဖွယ် ရန်ကုန် သည် ယခုတော့ ဘိုလီဗာဒ် (Boulevard)ဟုခေါ်သော သစ်ပင်အုပ်များ

စီတန်း စိုက်ပျိုးထားသည့် ဧရာဝတီ၊ ပဲခူး၊ စစ်ကိုင်း၊ မန္တလေး လမ်းမကျယ်ကြီးများဖြင့် မျက်စိအေးနေသည်။

ဘာသာစကားအမျိုးမျိုး ပြောတတ်ပြီး စာပေအနုပညာ ဆော့ဖ်ဝဲများ ထည့်သွင်းထားသော ရိုဘော့ဒရိုင်ဘာသည် သူ့အတွက် ပို့ဆောင်ရေးသမားသာမက စကားပြောဖော်လည်း ဖြစ်သည်။ ရွှေပြည်ကြီး၏ နေ့စဉ်ဘဝတွင် ရိုဘော့များ၏ ဝန်ဆောင်မှုက အရေးကျယ်လာသည်။

နည်းပညာမြင့် စက်ယန္တရားတို့က ကုန်ကျစရိတ်ကြီးမားသည့်တိုင် လူမှုဘဝကို သက်သောင့်သက်သာ ဖြစ်စေသည်ကတော့ သေချာလှသည်။ လုံလောက်သည့် လျှပ်စစ်ဓါတ်အားပေးစနစ်က ရွှေပြည်ကြီးကို မျက်လှည့်ပြလိုက်သည်။ အိမ်တစ်အိမ်၏ ဖွဲ့စည်းပုံကို ရိုဘော့စက် အမျိုးမျိုးတို့ဖြင့် တန်ဆာဆင်ထားနိုင်ခဲ့ကြသည်။

ဘုရားခန်းမှ အိမ်နောက်ဘေးအထိ လက်ညှိုးတစ်ချောင်း ဖော့ရမ်းလိုက်သည်နှင့် အရာရာ ချောမွေ့ပြီးမြောက်စေနိုင်လေပြီ။ ပုဂံဆေး၊ အဝတ်လျှော်၊ တံမြက်စည်းလှည်းစသော ငြီးငွေ့ဖွယ်ရာ ဝေါဟာရများသည် လူနှင့် တိုက်ရိုက်မသက်ဆိုင်တော့။

အလိုအလျောက် အမြင်အကြား အနံ့အာရုံခံစနစ် တပ်ဆင်ထားသော ရိုဘော့များ၊ စက်ယန္တရားများက အိမ်၏အလှကို ထိန်းသိမ်း စောင့်ရှောက်ကြသည်။

အေဒီနှစ်ထောင်စွန်းစအချိန် ဖွံ့ဖြိုးပြီး နိုင်ငံများသို့ လှည့်လည်ခဲ့စဉ်က မြင်တွေ့ညြချဖူးသော ရိုဘော့များထက် အဘက်ဘက်က သာလွန်ကောင်းမွန်နေလေပြီ။

သူ့အတွက်လည်း ကျောင်းဒကာများက တန်ဖိုးနည်း ရိုဘော့ဒရိုင်ဘာတစ်ဦးကို ဝယ်ယူစီစဉ်ပေးထားခြင်းဖြစ်သည်။

စိမ်းလန်းသော မြို့ပြအခင်းအကျင်းကြားထဲက ရှုခင်းအသစ်များကို ငေးမောနေစဉ်မှာပင် ဥဩသံဆွဲကာ ရန်ကုန်မြို့တော်ရဲဌာန(YGPD) ကားတစ်စီးကျော်တက်သွားသည်ကို သတိပြုမိလိုက်၏။

"ရဲကားတစ်စီး ကျော်တက်သွားပါလား"

"မီတာကျော်မောင်းတဲ့ ကားကို လိုက်ဖမ်းနေတာ ဘန္တေ"

(၆၁)

လမ်းတစ်နေရာမှာတော့ ရဲကားနှင့် အမြန်မောင်းသမားတို့ စကား ပြော ကျန်ရစ်သည်ကို တွေ့ရ၏။ ဥပဒေစိုးမိုးမှုက အရာရာ လုံခြုံချောမွေ့ စေဖို့ ဖြစ်သည်။ ရွှေပြည်ကြီးရှိ လမ်းတိုင်းတွင် ကင်မရာများ တပ်ဆင်ထား ပြီးပြီ။ ကောင်းကင်လမ်းနှင့် ဟိုင်းဝေးအမြန်လမ်းမကြီးများကိုတော့ ကိုယ် ပျောက် မောင်းသူမဲ့လေယာဉ်များက စောင့်ကြည့်နေကြသည်။ မိုင်နှုန်းမြင့် မောင်းနှင်လျှင် အရေးယူဖို့ အဆင်သင့်ရှိနေကြသည်။ မိုက်မဲတဲ့ကားဆရာ တော့ ဆာတီဖီကေ့ ရသွားရှာပြီ၊ ရိုဘော့ဒရိုင်ဘာဆီက အသံထွက်လာ သည်။ ရွှေပြည်ကြီးရှိ ကားသမားတို့အတွက် မော်တော်ယဉ်ထိန်းရဲထံမှ ရရှိသည့် ဒဏ်ကြေးဆောင်ရမည့် ချလံစာရွက်ကို ဆာထီဖီကေ့ဟု ဒရိုင်ဘာ များက သုံးစွဲကြသည်။ ထိုဆာထီဖီကေ့ကို ဒရိုင်ဘာတိုင်း ကြောက်ရွံ့ ရှိသေကြရသည်။

ပေးဆောင်ရသည့်ဒဏ်ကြေးထက် တိုးမြင့်ကောက်ခံမည့် အာမခံ ကြေးနှင့် ယာဉ်မောင်းလိုင်စင် အသိမ်းခံရခြင်းကို ပူပန်ခြင်းဖြစ်သည်။ ရွှေပြည် ကြီးတွင် အရာရာ အာမခံစနစ်ဖြင့် လည်ပတ်နေသည်။ ကျန်းမာရေးနှင့် အိမ်၊ ကား၊ ပိုင်ဆိုင်မှု အမျိုးမျိုးအတွက် အာမခံကုမ္ပဏီတစ်ခုခုနှင့် ချိတ် ဆက် ဝယ်ယူထားရသည်။ ကားတစ်စီးဝယ်လိုက်သည်နှင့် အာမခံဝယ်ပြီး သား ဖြစ်ရမည်။ အာမခံမဝယ်လျှင်လည်း ကားကုမ္ပဏီများက မရောင်းချ ပါ။ မတော်တဆမှုများအတွက် အာမခံကုမ္ပဏီက ပြန်လည်အစားထိုး ဖြည့်ဆည်းပေးပါလိမ့်မည်။ သို့သော် ထိုမတော်တဆမှုတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းချိုးဖောက်ကြောင်း သေချာစွာ စစ်ဆေးတွေ့ရှိသည်နှင့် အာမခံကြေးက ပုံမှန်ထက် ပိုမိုပေးရတော့သည်။ ယာဉ်စည်းကမ်း ဥပဒေ များကိုလည်း အတိအကျ လိုက်နာရသည်။ မီးပွိုင့်ကျော်ခြင်း၊ ခါးပတ် မပတ်ခြင်းစသော ချိုးဖောက်မှုများအတွက် သတ်မှတ်ထားသည့် ပွိုင့်များ ရှိသည်။ (၃)ကြိမ် သတိပေးအဆင့်မှ (၇)ကြိမ်အထိ ပွိုင့်ကျော်သွားသည် နှင့် ယာဉ်မောင်းလိုင်စင် အသိမ်းခံရတော့သည်။ အရက်နှင့် မူးယစ်ဆေး သုံးစွဲ မောင်းနှင်ပါက ချက်ချင်း ဖမ်းဆီးကာ အရေးယူသလို ကားကိုပါ သိမ်းသည်။

ရွှေပြည်ကြီးတွင် ယာဉ်ထိန်းရဲများ၏ ဂုဏ်သိက္ခာရှိသော တာဝန်ကျေပွန်မှုကို ယှိုင်နဲ့အောင် လုပ်မရပါ..။ နားလည်မှုငွေကြေးဟု ယဉ်ကျေးစွာ သုံးနှုန်းထားသော လာဘ်ပေးလာဘ်ယူမှုများသည် ရဲအပါအဝင် အစိုးရဝန်ထမ်းနှင့် ပြည်သူကြားတွင် တိုက်ရိုက်ဆက်သွယ်ရေးအဖြစ် ရှိမနေတော့ပါ..။ ယာဉ်မောင်းတစ်ဦး စည်းကမ်းဖောက်ဖျက်သည်ဟု ယူဆလျှင် ရဲအရာရှိက တားဆီးကာ လက်မှတ်ရေးပေးပါလိမ့်မည်။ အခြား ညှိနှိုင်းခြင်း လုပ်မရပါ..။ လာဘ်ပေးလာဘ်ယူခြင်းသည် ကြီးလေးသော အပြစ်တစ်ခု ဖြစ်သည်။ ယာဉ်မောင်းသူက မိမိဘက်က ကျူးလွန်သည်ဟု သေချာလျှင် အွန်လိုင်းမှ ဒဏ်ကြေးငွေဆောင်နိုင်သည်။ သို့မဟုတ် မိမိဘက်က ရဲအရာရှိ စွပ်စွဲသည့်အတိုင်း မဟုတ်ဘဲ လမ်းစည်းကမ်းအတိုင်း လိုက်နာခဲ့သည်ဟု ယူဆလျှင်တော့ ရုံးသို့ သွားရောက်ကာ ထုချေလျှောက်တင်နိုင်သည်။ နေရာအနှံ့ရှိနေသော ကင်မရာများမှ ရိုက်ကူးထားသည့် ဓါတ်ပုံများ၊ မိုင်နှုန်းမှတ်စနစ်များနှင့် တိုက်ဆိုင်ဖြေရှင်း၍ အပြစ်မရှိကြောင်း ထင်ရှားလျှင် ဒဏ်ကြေးငွေဆောင်ရန်မလိုပါ..။

ယခင်က ရွှေပြည်ကြီးတွင် ယာဉ်ထိန်းရဲများကို "အသံချဲ့စက်မပါသော အလှူခံများ" ဟု ဆိုကြသည်။ "ဒါနံ သဂ္ဂဿ သောပါနံ - ပေးကမ်းလှူဒါန်းခြင်းဟာ နတ်ပြည်လမ်းဖောက်ခြင်းပါပဲ" ဟု အသံကုန်ဟဲသော အလှူခံမဏ္ဍပ်များ၏ တရားက အသံတိတ်အလှူခံသော ယာဉ်ထိန်းရဲများအား ပေးခြင်းသည်လည်း မြို့တော်လမ်းဖောက်ဖြင်းပင်ဖြစ်သည်ဟု ရည်ညွှန်းဟန်ပင်..။

အမှန်တကယ် ယာဉ်ထိန်းရဲများကိုချည်း အပြစ်တင်လို့တော့ မဖြစ်..။ ဒီမိုကရေစီခေတ်ဦး ပြည်သူများကလည်း ပုဂ္ဂလိက ဒီမိုကရေစီပင် မဖန်တီးကြဘဲ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အကုန်ချိုးဖောက်ကြသည်။ သူ့ကားကို မောင်းနှင်သော ဒရိုင်ဘာ မောင်ဖိုးဇော်သည်ပင် ကားမောင်းသည့်အခါ ခါးပတ်ပတ်ဖို့ ဩဝါဒပေးမရ။ "ရဲမရှိပါဘူး ဘုရား" ဟု ဆင်ခြေပေးတတ်သည်။ ရဲမရှိသော်လည်း မတော်တဆမှုများက အချိန်မရွေး ဖြစ်လာနိုင်ကြောင်း နားချရ၏။ သူကတော့ ကားစီးသည့်အခါတိုင်း

ရှေ့ခန်းကဖြစ်စေ နောက်ခန်းကဖြစ်စေ ခါးပတ်ပတ်မြဲဖြစ်သည်။ မိုင်နှုန်းပို မမောင်းရန်လည်း အခါခါ သတိပေးရ၏။ ချိန်းဆိုထားတာ နောက်ကျရင် ဆောရီးလို့ ရသကွ..။ မိုင်ကျော်မောင်းလို့ မှောက်ရင်တော့ ငါတို့ သ သတ္တာဖြစ်ပြီ ဟု ရှင်းပြရသည်။

ရွှေပြည်ကြီးသားတို့ ယာဉ်စည်းကမ်းလိုက်နာခြင်းသည် ရဲဖမ် မှာ ကြောက်သောကြောင့် လိုက်နာခြင်းဖြစ်သည်။ မန္တလေးခရီးစဉ်တစ် တွင် လာကြိုသည့်ကား အချိန်မီရောက်မလာသည့်အတွက် အငှါးဆိုင်ကယ် တစ်စီးကို အသုံးပြုရသည်။ သူက ဆိုင်ကယ်စီး ဦးထုပ်တောင်းတော့ "ဘုန်းဘုန်းတွေကို ရဲက မဖမ်းပါဘူး ဘုရား"ဟု လျှောက်သည်။ "ရဲမဖမ် ပေမယ့် ယမမင်းက ဖမ်းလိမ့်မယ်ကွ..။ ဦးထုပ်ဆိုတာ ရဲကြောက်လို့ ဆောင်းရတာမဟုတ်ဘူး။ ခေါင်းကွဲမှာမို့ ဆောင်းရတာ"ဟု ပြောပါမှ ရယ်ကျဲကျဲဖြင့် ဦးထုပ်ပေးသည်။ ဒီမန္တလေးမှာ ဆိုင်ကယ်ဦးထုပ်ဆောင်း တာ "အရှင်ဘုရားတစ်ပါးတည်း တွေ့ဖူးတယ်ဘုရား" တဲ့..။

မိမိ၏ အသက်ကို ငဲ့ကွက်၍ ထုတ်ပြန်ထားသော စည်းကမ်းကို မလိုက်နာလျှင် ဥပဒေနှင့်အညီ နေထိုင်ရသော ဒီမိုကရေစီနိုင်ငံတော်သ ဆိုသည်မှာ အလှမ်းဝေးလှသည်ဟု သက်ပြင်းချခဲ့မိဖူး၏။

"ဒကာသုတရေ ရှေ့မှာ သန့်စင်ခန်းဝင်ဦးမှဖြစ်မယ်၊ဘာ ငါးမိနစ်ပဲ"

(၆၂)

ကောင်းကင်လမ်းက လှိုင်သာယာကျော်သည်နှင့် ဆုံးသွားက အဝေးပြေးလမ်းမကျယ်ကြီးပေါ် ရောက်သွားသည်။ အဝေးပြေးလမ်းမ မှ မိမိသွားလိုရာ ရပ်ကွက်၊ ကွန်ဒို၊ မြို့ပြအိမ်ရာနှင့် လမ်းခွဲများသို့ ပြန်လ ထွက်ရသော ထွက်လမ်း(Exit) နံပါတ်များကို ခရီးသွားလမ်းညွှန် နေ ဂေတာက သေချာညွှန်းနေသည်။ ထွက်လမ်းမှားသွားလျှင် လမ်းမကြီးပေ ပြန်လည်ရောက်ရန် အချိန်ယူမောင်းနှင်ရတတ်သည်။ စည်းကမ်းမဲ့ ပြ ကွေ့တက်၍ မရ..။ တစ်ခါတရံ နေဗီဂေတာ၏ လမ်းညွှန်မှုနှင့် က

မောင်းသူ လူသား၏ အသိတို့ ညှိမရသည့်ကိစ္စရပ်မျိုး ကြုံတတ်သည်။ သို့သော် သူ့ကား မောင်းနှင်နေသည့် ဒကာသုတကိုယ်တိုင်က အဆင့်မြင့် နေဗီဂေတာ တပ်ဆင်ထားသော ရိုဘော့စက်ရုပ်ပေမို့ ထိုပြဿနာမျိုး မရှိတော့..။ စက်ရုပ်နေဗီဂေတာနှင့် ကားနေဗီဂေတာက တစ်ထပ်တည်း ကျနေတော့သည်။

ယခု သူက ရေအိမ်အသုံးပြုရန် နားနေဇရိယာသို့ ဒကာသုတကို ချိုးကွေ့ခိုင်းလိုက်သည်။

လက်ဘက်ရည်ဆိုင်၊ ကဖေး၊ အမှတ်တရစတိုးနှင့် ရေအိမ်များ တွဲထားသော နားနေဇရိယာတွင် ခရီးသွားကားများစွာ ရှိနေသည်။ မသန်မစွမ်းကားမောင်းသူများ(Disabled)နှင့် ကြိုတင်အခပေး နေရာဦးထားသူများ(Reserved)၏ ကားရပ်နားရာနေရာနှင့် လွတ်သောကွက်လပ်တစ်ခုတွင် ကားကို ရပ်ထားလိုက်သည်။

မြန်မာ့ကျက်သရေ(M]Grace)ဟူသော ဆိုင်းဘုတ်ထွားထွားကြီးဖြင့် တင့်တယ်လှသည့် လက်ဘက်ရည်ဆိုင်ကြီးထဲသို့ သူ တည့်မတ်စွာ လျှောက်သွားခဲ့သည်။ တွန်းပါ သို့မဟုတ် ဆွဲပါ ဟူသော တံခါးဝသို့ ရောက်သည်နှင့် နောက်မှာ လူရှိမရှိ သတိထားရသည်။ သူတံခါးကို ဆွဲနေစဉ်မှာပင် အနောက်တိုင်းအမျိုးသမီးကြီးတစ်ဦးက သူ့နောက်မှာ ရောက်နေသည်။ ထိုအမျိုးသမီးကြီးထံ တံခါးကို လက်ဆင့်မကမ်းဘဲ သူ အထဲသို့ ဝင်၍ မဖြစ်..။ ထိုအမူအရာသည် ရိုင်းပျသောအသွင်ကို ဆောင်သည်။ ထိုအမျိုးသမီးကြီးက "ကျေးဇူး" ဟု ပြောလိုက်ပြီးကာမှ "ရပါတယ်" ဟု ပြောရင်း သူ ဆက်သွားရမည်။ အကယ်၍ တစ်စုံတစ်ယောက်က သူ့အတွက် ထိုကဲ့သို့ ပြုမူပေးခဲ့လျှင်လည်း ကျေးဇူးတင်ကြောင်း ပြသရပေမည်။ ဤယဉ်ကျေးမှုသည် အနောက်တိုင်း အရှေ့တိုင်းဟူသော ခွဲခြားမှုနှင့် မပတ်သက်တော့ဘဲ နှစ်ဆယ့်တစ်ရာစု၏ ကမ္ဘာလုံးဆိုင်ရာ အပြုအမူတစ်ခု ဖြစ်လာခဲ့ပြီ။

ရေအိမ်မှ ထွက်လိုက်သည်နှင့် မြန်မာ့ကျက်သရေ လက်ဘက်ရည်တစ်ခွက်အတွက် တန်းစီနေသော လူစုနောက်တွင် သူနေရာဝင်ယူသည်။

"အရှင်ကြွပါ"

ဥပါသကာကြီးတစ်ဦးက သူ့ကို နေရာပေးသည်။

"အို ရပါတယ် ဒကာကြီးစောင့်နေတာကြာပြီမဟုတ်လား..."

"တပည့်တော်ရဲ့ နေရာအလှူကို ခံတော်မူပါ"

အလှည့်အစဉ်ကို အလှူခံလိုက်ရ၏။ အယုတ် အလတ်အမြတ် မရွေး တန်းစီဝယ်ယူရသောစနစ်သည် ရွှေပြည်ကြီးတွင် ကျင့်သားရနေပြီ။

ဖွံ့ဖြိုးမှုမြင့်မားလာသော ရွှေပြည်ကြီးတွင် After you (ရှေ့က သွားပါ) ဟူသော လူလူချင်း ဦးစားပေး အလေးထားစနစ်တစ်ခု ပြန်လည် ထွန်းကားလာသည်မှာ ကြည်နူးဖို့ကောင်းသည်။ အမှန်စင်စစ် ဗုဒ္ဓတရား တော် အုတ်မြစ်ချခဲ့သည့်အချိန်မှစ၍ ရွှေပြည်ကြီးသည် ကိုယ်ချင်းစာ တရားနှင့် ပရဦးစားပေး ယဉ်ကျေးမှုများ ရာစုပေါင်းများစွာ အခိုင်အမာ ထွန်းကားခဲ့သည်မှာ သေချာလှသည်။ သို့သော် ခမ္ဘစက်ထက် အာဏာ စက် လွှမ်းမိုးကဲလွန်ကာ ကန္တာရတိုင်းပြည်အဖြစ် ရုပ်ပိုင်းဆိုင်ရာ ပိန်လှီ သွားရချိန် ရွှေပြည်ကြီးသားတို့၏ နာမ်ပိုင်းဆိုင်ရာ အလှတရားများ ညှိုးနွမ်းသွားခဲ့ရသည်။

စားဝတ်နေရေးနှင့် ပို့ဆောင်ရေး မလုံလောက်မှုများက ပြည်သူ လူထုကို တိုးတိုးဝှေ့ဝှေ့ ဖြစ်စေခဲ့သည်။ ရတ်ရတ်သဲသဲ ပင်ပန်းစေခဲ့သည်။ ငြိမ်းအေးကြည်မွေ့စွာ နေထိုင်မှုကို ကိုယ်စားပြုသော မြန်မာ့အမျိုးသား ရေး လက္ခဏာသည် ရန်လိုသော မျက်နှာ၊ အခဲမကြေသော စိတ်နှလုံး တို့ဖြင့် နေ့စဉ် ပူလောင်နေခဲ့၏။

ဖြဟ္မစိုရ်ကမ်းလက်ထက် နိုင်လိုမင်းထက် လက်သီးတံတောင် များဖြင့် တွန်းတွန်းတိုက်တိုက် ကျော်ခွရသော After me (ငါဦးထား တယ်) နေ့ရက်များ ကုန်ဆုံးသွားခဲ့ပြီ။

(၆၃)

ရွှေပြည်ကြီးဖြစ် လက်ဘက်ရည်စစ်စစ်တစ်ခွက်ကို သောက်ရင်း မြန်မာ့ကျက်သရေ(Myanmar's Grace) ဆိုင်ကြီးအတွင်း ဖွင့်လှစ်ထား

သော အမှတ်တရလက်ဆောင်နှင့် ခရီးသွား အိတ်ဆောင်ပစ္စည်းအမျိုးမျိုး ရောင်းချသည့်ဆိုင်လေးများထဲ သူ လျှောက်ကြည့်ဖြစ်သည်။ ရန်ကုန်မြေပုံနှင့် ဟိုတယ်လမ်းညွှန် စာအုပ်ငယ်လေးများကို အခမဲ့ ယူနိုင်သည်။ ရွှေတိဂုံ၊ ဆူးလေ၊ ကမ္ဘာအေးစသော စေတီတော်ပုံများ၊ မဟာပါသာဏ လိုဏ်ဂူတော်၊ အတွင်းဝန်ရုံး၊ ဗိုလ်ချုပ်ဈေး စသော ရန်ကုန်သင်္ကေတပုံတူ အမျိုးမျိုး၊ ရန်ကုန်စာတမ်းပါ သော့ချိတ်၊ ဘောလ်ပင်၊ ဦးထုတ်၊ တီရှပ်အမျိုးမျိုး ဝယ်ယူနိုင်သည်။ ပုသိမ် ချောင်းသာကမ်းခြေ အသွားအပြန် ပြည်တွင်းပြည်ပ ခရီးသွားကားများ ဝင်ထွက်သွားလာရာ ရန်ကုန်အမြန်လမ်းမကြီးပေါ်ရှိ နားနေဧရိယာတိုင်းတွင် အမှတ်တရဆိုင်များစွာ ဖွင့်လှစ်ထားသည်။

အမှန်တကယ်တော့ ရွှေပြည်ကြီးတစ်ခုလုံး မြို့ပြကျေးလက် မကွဲပြားတော့ဘဲ လမ်းတံတားနှင့် ခရီးသွားပို့ဆောင်ရေးလုပ်ငန်းများ ချောမွတ်နေခဲ့ပြီဖြစ်သည်။ ပုသိမ်ချောင်းသာသို့ ကားဖြင့်သာမက ကျည်ဆံရထား နည်းပညာကို ဆင့်ပွားထားသော ဒုံးပျံရထား(Rocket Train)ဖြင့် နာရီပိုင်းအတွင်း အရောက်သွားနိုင်ကြပြီဖြစ်သည်။ ရန်ကုန်မြို့တော်နယ်နိမိတ်ကလည်း ဧရာဝတီမြို့ပြငယ်များနှင့် ချိတ်ဆက်မိသွားခဲ့သည်။ ယခင်က ရန်ကုန်မှ ညောင်တုန်းသို့ သွားရာလမ်းတလျှောက် လူနေမှု မမြင့်တင်နိုင်သေးသည့် ကျေးလက်များကို ဖြတ်သန်းရသည်။ ကွေ့ကောက်ကြမ်းတမ်းသော လမ်းတံတားများ၏ ဒုက္ခအဆီအနှစ်ကို မြိုချရတတ်၏။ ခရီးသွားလုပ်ငန်းတိုးချဲ့မှုကြောင့် မြစ်ဝကျွန်းပေါ် ဒေသတစ်ခုလုံးသည်ပင် ကမ္ဘာလှည့်ခရီးသည်များအတွက် အောင်မြင်သော ခရီးသွားကွန်ရက်ဖြစ်လာရသည်။ သူငယ်စဉ်က နေထိုင်ခဲ့ဖူးရာ မြောင်းမြမြို့လေးသို့ လွန်ခဲ့သောနှစ်က လေယာဉ်ဖြင့် ရောက်သွားခဲ့သည်။ ဖွံ့ဖြိုးမှုမြင့်မားလှသော အခြား ဧရာဝတီမြို့ပြများနည်းတူ မြောင်းမြမြို့လေးသည် အရာရာပြောင်းလဲနေခဲ့ပြီ။ မြစ်ဝကျွန်းပေါ်ခရီးသွားလုပ်ငန်း(Delta Tour)ပိုင် လေယာဉ်ကွင်းငယ်မှ ထွက်သည်နှင့် စိမ်းလန်းသော ကျေးလက်ဟန်မြို့ပြရနံ့ကို သူ ရှိုက်မိသည်။ ကမ်းနားလမ်းကျယ်၊ ခေတ်မီဆိပ်ကမ်း၊ မိနီမားကက်များ၊ ရှေးမူမပျက်သော်လည်း ခမ္ဘအရိပ်ကို သက်သောင့်သက်သာ

နိမ့်မှီစေသော ပရိဂုဏ်နှင့် ကျောင်းကန်စေတီပုထိုးများသည် သူငယ်စဉ်က မှတ်သိထားသော စိတ်လွင်ပြင်ထဲက ပုံရိပ်များမဟုတ်တော့..။

မြစ်ဝကျွန်းပေါ်သွား ခရီးသည်များအတွက် မြောင်းမြမြို့လေးမှ ဒေသခံရွာလေးများဆီ သွားရောက်လည်ပတ်နိုင်သော နည်းပညာမြင့် ရေယာဉ်များ အဆင်သင့် ရှိနေသည်။ ဒေသခံရွာလေးများတွင် တံငါတဲ၊ ပြကွက်၊ ခနိတောဖြတ်သန်းခြင်းနှင့် ဒီရေစုန်ဆန်အရသာကို လှေငယ်လေး များ စီးရင်း ခံစားနိုင်ကြသည်။

ကြွယ်ဝချမ်းသာလာသော ဒေသခံတို့၏ လူနေမှုအဆင့်က မြင့်မား လာပြီမို့ မြစ်ဝကျွန်းပေါ် သဘာဝကျေးလက်အလှတရားကို ရှုမြင်လိုသော ခရီးသွားတို့အတွက် အနုသုခုမကျေးလက်(Artificial Countryside) များကို ဖန်တီးလာရသည်။ ဆင်းရဲနွမ်းပါးမှု၊ ပညာမဲ့လူတန်းစားနှင့် ညိုးသွေ့ခြောက်ခမ်းနေသောမျက်နှာဖြင့် တန်ဆာဆင်အပ်သည့် ခေတ် ဟောင်း ရွှေပြည်ကြီး၏ တကယ့်ကျေးလက် အခင်းအကျင်း အစစ်များ မရှိတော့..။ ခေတ်ဟောင်းကျေးလက်ကို ခရီးသွားလုပ်ငန်းများနှင့် ဒေသခံ တို့ ပူးပေါင်းကာ ပုံဖော်၍ အနုပညာဖျော်ဖြေခြင်းမျှသာဖြစ်လာသည်။

လက်ဘက်ရည်တစ်ခွက် ကုန်သည်နှင့် ကားဆီသို့ သူလျှောက် လာခဲ့သည်။ ရိုဘော့ကားဒရိုင်ဘာက သူ့အပူငွေ့လှိုင်းကို အာရုံခံစနစ်မှ ဖမ်းမိသည်နှင့် အဆင်သင့် ကားတံခါးဖွင့်ပေးသည်။ "မျှတသွားပြီလား ဘဘကြီး" စာသံပေသံပါသော ရိုဘော့ဒရိုင်ဘာ၏ မေးခွန်းကို သဘော ကျစွာ "သပ္ပါယမျှသွားပြီ" ဟုဖြေရင်း ထိုင်ခုံခါးပတ်ကို သူ ပတ်လိုက် သည်။

အဝေးပြေးလမ်းမကြီးတလျှောက် မြင်နေရသော လူထုအိမ်ရာ များကို ကားပေါ်မှ မုဒိတာဖြစ်စွာ ငေးရင်း သူ လိုက်ပါလာခဲ့သည်။ စနစ်မကျစွာ ဥပဒေမဲ့ဆောက်လုပ်ထားသော မြို့တော်စနစ်ကြီးတစ်ခုလုံး မြေလှန်ရသည့်အခါ ရန်ကုန်တစ်ဝိုက် နယ်မြေချင်း ထိစပ်နေသော ကျေးလက် နှင့် မြို့ငယ်များသည် လူထုအိမ်ရာ(Public Housing)၊ ခရီးသွား ပို့ဆောင်ရေး၊ စက်မှုဇုံ၊ အဆင့်မြင့် ဈေးနှင့် အပန်းဖြေခေတ်မီဥယျာဉ်ကြီး

များအတွက် နယ်မြေသစ်များ ဖြစ်လာသည်။ ပြည်ထောင်စုအစိုးရ၏ မျှတ သက်သာအိမ်ရာစီမံကိန်း(Affordable Housing Project) ကြောင့် ရွှေပြည်ကြီး၏ ဒီမိုကရေစီခေတ်ဦးတွင် ဝင်ငွေနည်း ပြည်သူတို့ ပျော်ရလေ သည်။

(၆၄)

လုပသော ရောင်စုံကြော်ငြာ ရဟတ်ယာဉ်ငယ်တစ်စီး ဖြတ်ပျံ သွားသည်ကို တွေ့ရသည်။ "အော် မြို့တော်ဝန် ရွေးကောက်ပွဲနီးနေပြီလေ ဘဲ့ကြီးရဲ့" ကားဒရိုင်ဘာက သူ့စိတ်ကို ဖတ်လိုက်ကာ ချက်ချင်းတုန့် ပြန်သည်။ မြို့တော်ဝန်အဖြစ် လူထုအကြား ရေပန်းစားနေသော အမျိုး သမီးတစ်ဦး၏ ရုပ်ပုံကားချပ်ကြီးကို အလံသဖွယ် တလူလူ ဆွဲကာ မြို့တော်နယ်နိမိတ်ဧရိယာတလျှောက် ပျံသန်းနေခြင်းဖြစ်သည်။ ကားလမ်းမကြီးဘေး နည်းပညာမြင့် စက္ကူပါးလွှာ ကြော်ငြာဆိုင်းဘုတ် များနှင့်အပြိုင် မြို့တော်ဝန်ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်း နှစ်ဦး၏ ရုပ်ပုံကားချပ်များကို သတိထားမိသည်။

မြို့တော်ဝန်ဟောင်းကတော့ အနားယူတော့မည်ဟု သတင်း ကြားရ၏။ သက်တမ်းနှစ်ဆက် တာဝန်ထမ်းဆောင်ခဲ့ပြီးပြီးသော မြို့တော် ဝန်သည် လူချစ်လူခင်များသူဖြစ်သည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသား ဟောင်းပြီး နည်းပညာကုမ္ပဏီတစ်ခုတည်ထောင်သူ မြို့တော်ဝန်သည် ကဖေးလေးတစ်ခုတွင် သူ့နောက်မှ ဝင်ရောက်တန်းစီသည်ကို ကြုံဖူး၏။ ရံခါ ဆန္ဒပြပွဲများတွင် ပြည်သူများနှင့်အတူ မြို့တော်ဝန်ကိုယ်တိုင် ပါဝင် တတ်သည်ကိုလည်း တွေ့ရဖူး၏။ ဦးဖိုးကျား၏ မြို့အုပ်မင်း လူဝင်စား ဟု ရန်ကုန်သားတို့က ချစ်စနိုးနာမည်ပေးထားသည်။

မြို့တော်ဝန်ကြီး ဖွင့်လှစ်သော မြို့တော်ဝန်မင်းတဲနန်း(Mayor Cottage)သို့ သွားရောက်လည်ပတ်ဖူးသည်။ မြို့တော်ဝန် အဆက်ဆက် အထ္ထုပ္ပတ္တိ၊ ဆောင်ရွက်ချက်သမိုင်း၊ ဖွံ့ဖြိုးတိုးတက်မှု အဆင့်ဆင့်နှင့် အနာဂတ်စီမံကိန်းများ ခင်းကျင်းပြသထားသည်ကို လေ့လာရသည်။

ခေတ်အဆက်ဆက် ကုသိုလ်ဖြစ်ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂလိက ပရဟိ
သာရေး နာရေးအသင်းများ၏ ပြခန်းများနှင့် ရုံးခန်းများကိုလည်း နေ
ပေးထားသည်။ သုတေသနသမိုင်း ရုပ်ရှင်ခန်းမတွင် အချိန်အနည်းငယ
ပေးကာ မြို့ပျက်ကြီး ဖြစ်နေခဲ့ဖူးသော ရန်ကုန်၏ အတိတ်ပြကွက်မျ
ကိုတော့ ငယ်ဘဝ အလွမ်းပြေအဖြစ် မောဟိုက်စွာ ကြည့်ရမြဲဖြစ်သည
ကားကြပ်နေသော၊ လမ်းရေလျှံ၍ သောက်ရေခမ်းနေသော၊ တိုးဝှေ့
သော၊ ရှန်းကန်နေသော၊ မှောင်မဲနေသော၊ ဆူညံကွဲအက်နေသေ
ရန်ကုန်..။ ခုတော့ အေးတငြိမ့်ငြိမ့် နွေးတသိမ့်သိမ့် ရန်ကုန်....။

(၆၅)

စစ်အစိုးရအုပ်ချုပ်ရေးအောက်ကျရောက်ခဲ့စဉ်က ရန်ကုန် မန္တလေ
နှင့် နေပြည်တော်မြို့ကြီးများတွင်သာ တပ်မတော်မှ ဗိုလ်မှူးကြီးနှ
ဗိုလ်မှူးချုပ်များကို မြို့တော်ဝန်များအဖြစ် တိုက်ရိုက်ခန့်အပ်ခဲ့သော်လည
လူနေထူထပ်၍ ဖွံ့ဖြိုးမှုမြင့်မားလာသော မြို့ပြအခြေအနေများကြော
တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့တော်ကြီးများတွင်ပါ မြို့တော်ကို အမှ
တကယ် ချစ်မည့် မြို့တော်ဝန်လောင်းလျာများကို ပြည်သူတို့၏ မဲဆန္ဒဖြ
ရွေးကောက်ခန့်အပ်လာရသည်။

ယခင်က စစ်တပ် သို့မဟုတ် ရွေးကောက်ခံအစိုးရ
ခန့်အပ်ခြင်းဖြစ်ပြီး ဒီမိုကရေစီတံခါးဖွင့်၍ အသားကျလာသောအခါတွင
ပြည်သူက တိုက်ရိုက် ရွေးချယ်သော မြို့တော်ဝန်စနစ်
ပြောင်းလဲကျင့်သုံးခဲ့သည်။ ပဏာမ အနေဖြင့် မြို့တော်စည်ပင်သာယာ
ကော်မတီအတွက် ရပ်ကွက်မြို့နယ် နှင့် ခရိုင်အလိုက် ရပ်မိရပ်ဖ ကိုယ်စ
လှယ်များကို မဲပေးရွေးချယ်ရန် အစမ်းသပ်ခံ ကာလများရှိခဲ့ဖူးကြောင
မြို့တော်ကို မြတ်နိုးသော ရဟန်း တစ်ပါးအနေဖြင့် အမှတ်ရနေသည

ယတြာအချေကောင်းရုံဖြင့် မင်းလောင်းဖြစ်ရသော ခေတ်ကြ
ကျော်လွန်သွားပြီ။ ပြည်သူတွေဆီက ဘာအခွင့်အရေးယူမလဲ ဆိုတာထ
ပြည်သူများအတွက် အခွင့်အလမ်းပေးမလဲ ဆိုသော သမိုင်းဂုဏ်သိက္ခာ
မြင့်မြင့်မားမား လွှင့်ထူရသော ရွှေခေတ်ရောက်ပြီ.. မဟုတ်လား..။

ဒုံးပျံရထားလမ်းကို အသွားအပြန် ကားလမ်းကျယ်နှစ်ထပ်က ညှပ်ခင်းထားသော၊ သုံးထပ် ညောင်တုံး တံတားသစ်ကြီးကို ဖြတ်ကျော်ရသည့်အခါတိုင်း ကားမှန်တံခါးချပ်များကို အဆုံးထိ ဆွဲချလိုက်ပြီး ဧရာဝတီရေပြင်ကျယ်ဆီက ဓာတ်မာန်စိမ့်ဝင်နေသော မြန်မာ့လေစစ်စစ်ကို ခံယူတတ်မြဲဖြစ်သည်။ ဧရာဝတီသည် ရွှေပြည်ကြီး၏ စိတ်ကောင်းရှိ၍ ပညာဉာဏ်ကြီးသော ဝိဥာဉ်များစွာ ပူးကပ်နေသည်။ ရန်လိုသူတို့ အကြိမ်ကြိမ် လုပ်ကြံသည့်ကြားမှ အခါခါ ရှင်သန်ရသော ဧရာဝတီတွင် အသက်များစွာ စီးဆင်းနေကြဆဲဖြစ်သည်။

အရှင် နောက်ငါးမိနစ်ဆို ဘိုးဘွားရိပ်သာကို ရောက်ပါ့မယ်...။

(၆၆)

ညောင်တုန်းဘိုးဘွားရိပ်မွန်၏ ထပ်မြင့်ကားရပ်ဝင်းထဲသို့ ရှိဘော့ကားဆရာက ကျင်လည်စွာ ချိုးကွေ့ဝင်လိုက်သည်။ ဘားတန်းဂိတ် (Boom Gate)မှ အလိုအလျောက် ထွက်ကျလာသော ဖြတ်ပိုင်းတစ်ခုကို ယူရသည်။ ကျသင့်ငွေကို ဂိတ်အထွက်တွင် ရှင်းရပေမည်။ မိသားစု စုံညီသောနေ့မို့ အထပ်တိုင်းတွင် ကားများပြည့်နေသည့်အတွက် စတုတ္ထအထပ်မှာမှ ကားရပ်ဖို့ တစ်နေရာစာ တွေ့သည်။ ကားပြည့်နေလျှင် အနီရောင်မီးအချက်ပြနေသည်။ ကားလွတ်သော အစိမ်းရောင်မီးနေရာကို ရှာရခြင်းဖြစ်၏။ အဆင့်မြင့် ကားရပ်ဝင်း(Parking Lot)စနစ်က မြို့တော်အနှံ့အသားကျနေပြီ။

ဘိုးဘွားရိပ်မွန်ညွှန့်ကြိုကောင်တာသို့ ရွေ့လျားစကြံအတိုင်း လျှောက်လာခဲ့သည်။ "ဘန္တေကြီး ကျန်းခန့်သာလို့ မာပါရဲ့လား" ဥပါသကာကြီး တစ်ဦးနှင့်အတူ ကြိုဆိုနေသော မိတ်ဆွေဓမ္မဝန်ဆောင် ရဟန်းတော် (Buddhist Chaplain)၏ အမေးကို အပြုံးလက်အုပ်ဖြင့် တုန့်ပြန်ရ၏။

"ငါ့ရှင် ပို့သသော မေတ္တာကြောင့် အကောင်းပကတိ ချမ်းသာစွာ ရှိကြောင်းပါလေ။"

သူ့ထက် သိက္ခာတစ်ဝါခန့်ငယ်သော မိတ်ဆွေရဟန်းကို ငါ့ရှ
ဟု အာလုပ်ပြုခေါ်ဝေါ်ရသည်။ အသက်သိက္ခာဝါကြီးလျှင်တော့ "ဘ
(အရှင်ဘုရား)" ဟု ဂါရဝဖြင့် နှုတ်ဆက်ရ၏။ ကောင်တာညှော်စာရင်းတွ
သူ့ကဒ်ကို စကင်ဖတ်ရ၏။ အပြုံးချိုသာလှသော ညှော်ကြိုဒကာမလေ
များကို အသိအမှတ်ပြုရင်း သပ်ရပ်ခမ်းနားသော ဘိုးဘွားနားနေဆော
ခန်းမကျယ်ကြီးထဲ ဖြတ်လျှောက်လာခဲ့ကြသည်။ ကော်ဖီဘားများတွ
ဘိုးဘွားအချို့ သားသမီးမြေးများနှင့် စကားလက်ဆုံကျနေကြသည်
အချို့ ဘိုးဘွားများက ကွန်ပြူတာဂိမ်းကစားနေကြသည်။ စစ်တုရ
ထိုးနေသည့် အဘိုးအချို့ကိုလည်း တွေ့ရ၏။ နားနေဆောင်အလွ
မြက်ခင်းစိမ်းပေါ်တွင် အဘွားအချို့ ခဲကောက်ကြောင်းပန်းချီ ဆွဲနေကြ
သည်။ ပန်းထိုးနေသော အဘွားတစ်ယောက်က သူတို့ ရဟန်းနှစ်ပါးကို
လက်အုပ်ချီသည်။ "သုခီ ဟောတု ချမ်းသာပါစေ အဘွား" "ပေးမယ့်ဆုန
ပြည့်နေပါပြီဘုရား" "ကောင်းလိုက်တာ" ပေးတဲ့ဆုနဲ့ ပြည့်ပါစေ မဟုတ်..
"ပေးမယ့်ဆုနဲ့ ပြည့်နေပြီ"ဆိုပါကလား...။ ရွှေပြည်ကြီးရှိ အဘိုးအဘွား
တို့၏ အေးငြိမ်းချမ်းသာလှသော ဘဝနေဝင်ချိန်ကို သူ မုဒိတာ ပွားနေမိ
သည်။

"ဘိုးဘွားတွေအနေနဲ့ နောက်ဆုံးအနားယူချိန်မှာ စိတ်အပန်းပြေ
မယ့် အရာမှန်သမျှ ဖန်တီးပေးထားတာဘုရာ့။ တရားဘာဝနာ ပွားများ
ချင်တဲ့ ဘိုးဘွားတွေအတွက်လည်း ဘာဝနာ ခန်းမသဘောမျိုး ဘာသာ
ပေါင်းစုံ ဝတ်ပြုဆောင်ရှိတယ်ဘုရား။ တစ်ချို့ကတော့ ငယ်ငယ်က မလုပ်
ခဲ့ရတာလေးတွေ လုပ်ချင်တယ်။ ပန်းချီးပန်းပုနဲ့ ဂီတအနုပညာပြန်ပြီး
လိုက်စားကြတယ်..။ အဘိုးအဘွားတွေ တည်ထောင်ထားတဲ့ ဆည်းဆာ
ဂီတအဖွဲ့တောင် ရှိတယ်ဘုရား။ တစ်ချို့ အဘိုးအဘွားတွေကတော့
တက္ကသိုလ်ပညာ ဆက်သင်ကြတယ်..။ အဲဒီအတွက် ရန်ကုန်တက္ကသိုလ်
သက်ကြီးပညာဌာနနဲ့ ချိတ်ဆက်ပြီး အွန်လိုင်းပညာရေးကွန်ရက်တစ်ခု
ဖော်ဆောင်ပေးတယ်..။ လွန်ခဲ့တဲ့နှစ်က အဘိုးတစ်ယောက်ဆို အသက်
၉၀ မှာမှ ပါရဂူဘွဲ့ယူနိုင်ခဲ့သေးတယ်။ အဘွားတွေ တော်တော်များများက

ဝိပဿနာဒီပလိုမာတန်း ပြန်တက်ကြတယ်..။ အခြားဘာသာဝင် အဘိုးအဘွားတွေအတွက်လည်း ခရစ်ယာန်ကျမ်းစာ ကောလိပ်၊ အာရဗီသိပ္ပံ၊ သနန္တနဓမ္မသာလာ အစရှိတဲ့ ဘာသာရေး ပညာ့အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးထားတယ်ဘုရား..။ အားကစားရုံ၊ ဘာဝနာခန်းမ၊ သီချင်းဆိုဖို့ စတူဒီယိုခန်း၊ စာသင်ဆောင်နဲ့ ကဇာတ်ရုံ အကုန်ရှိတယ် အရှင်ဘုရား.."

ဥပါသကာကြီး၏ စကားများကို မိတ်ဆွေ ဓမ္မဝန်ဆောင် ရဟန်းနှင့်အတူ ခေါင်းတညိတ်ညိတ်ဖြင့်သာ နားထောင်နေမိသည်။

"အော် ငယ်ငယ်က နားလည်ထားခဲ့တဲ့ ဘိုးဘွားရိပ်သာဆိုတာနဲ့ အဓိပ္ပါယ် အများကြီး ခြားသွားပြီကော"

"သေချာတာပေါ့ အရှင်.. သားသမီးတွေက စွန့်ပစ်လို့။ ငွေကြေးချို့တဲ့လို့ ကူကယ်ရာမဲ့ ကရုဏာအရိပ်ခိုဘဝကို နှမ်းလျစွာ ကုန်ဆုံးစေကြရတာ.။ အခု ဘိုးဘွားတွေကတော့ တစ်သက်တာ ရှာဖွေခဲ့တဲ့ ပင်စင်လစာတွေရဲ့ ရာခိုင်နှုန်းအချို့ကို ထည့်ဝင်ပြီး မိတ်ဟောင်းဆွေဟောင်းတွေနဲ့ စုဝေးနေထိုင်ကြရတဲ့ ဘဝကို ရွေးချယ်ကြတာလေဘုရာ့"

"ကောင်းလိုက်ပါဘိ... ဒကာတော်။ ဟောဒီ ငါ့ရှင်ကရော အဘိုးအဘွားတွေနဲ့ ဖြတ်သန်းရတာ ဓမ္မသံဝေဂတော့ ကောင်းကောင်းရမှာပဲ"

(၆၇)

တပည့်တော်ရဲ့ ဖေဖေနဲ့ မေမေတို့ရဲ့ နှစ်ငါးဆယ်ပြည့် မင်္ဂလာ ရွှေရတု အထိမ်းအမှတ် မိတ်ဆွေဟောင်း တွေ့ဆုံပွဲနဲ့ သေနေ့အကြိုနှုတ်ဆက်စကားပြောပွဲလေးအတွက် ဒီက ဘိုးဘွားရိပ်မွန် ဓမ္မဝန်ဆောင်ဆရာတော်ရဲ့ အကြံပေးမှုနဲ့ အရှင့်ကို ပင့်ဖိတ်ခြင်းဖြစ်ပါတယ်..။ ဖေဖေ မေမေတို့ရဲ့ ငယ်ဖော်ချင်းတွေ၊ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေတွေလည်း စုံနေပါပြီ။

ဥပါသကာကြီးက သူ့မေးခွန်းကို မိတ်ဆွေဓမ္မဝန်ဆောင် ရဟန်းတော် ဖြေဆိုရန် တုံ့ဆိုင်းနေစဉ် ကြားဖြတ်လျှောက်ထား၏။

ဟုတ်တယ် ဘန္တေကြီး..။ ဘန္တေကြီးက ဒီပွဲမှာ ဓမ္မစကား မိန့်မြွက်ပေးဖို့ ပင့်ဖိတ်လိုက်တာပါ..။ ဘန္တေကြီးရဲ့ မေးခွန်းကို ဖြေရမယ်ဆိုရင်တော့ အဘိုးအဘွားတွေနဲ့ ဖြတ်သန်းရတာ အိုခြင်း၊ နာခြင်းနဲ့ သေခြင်းသဘောတွေကို တိုက်ရိုက်ရှုမြင်နေရတဲ့အတွက် ဓမ္မသံဝေဂဖြစ်မိသလို တပည့်တော် ဆောင်ရွက်နေတဲ့ တရားလုပ်ငန်းနဲ့ ပတ်သက်ပြီး ဓမ္မပီတိကိုလည်း ခံစားရတယ်လို့ လျှောက်ထားပါရစေ။

လင်းပါဦး ငါ့ရှင်..

တပည့်တော်က ဒီမှာ ဓမ္မဝန်ဆောင်အဖြစ်နဲ့ ဆောင်ရွက်လာတာ ဆယ်စုနှစ်တစ်ခု ကျော်သွားပြီ။ အဘိုးအဘွားတွေနဲ့က သားရဟန်းတစ်ပါးလို ဖြစ်နေပြီ..။ ရင်းနှီးကျွမ်းဝင်မှုလည်းရှိတော့ သူတို့ရဲ့ စိတ်နေစိတ်ထားတွေကို အတိုင်းသား မြင်လာရတယ်။ တပည့်တော်ရဲ့ ဓမ္မဝန်ဆောင်မှုဆိုတာက သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာ ကျင့်ဝတ်တွေ၊ ပွားများအားထုတ်မှုတွေအတွက် တည့်မတ်ပေးရတာ..။ သူတို့ရဲ့ အမြင်အယူဝါဒနဲ့ သံသယတွေအတွက် စိတ်ကျေနပ်လောက်တဲ့အထိ တိကျမှန်ကန်တဲ့အဖြေတွေ ပေးရတာ။ သူတို့ရဲ့ ဘဝတာတစ်ခုလုံး ဥပ္ပန္နအကုသိုလ် (ကျူးလွန်မိတဲ့ မကောင်းမှု)၊ အနုပ္ပန္နကုသိုလ် (မပြုလုပ်ခဲ့မိတဲ့ ကောင်းမှု) တရားတွေနဲ့ ပတ်သက်ပြီး နှစ်သိမ့်မှုပေးရတာလေ။

သိပ်ကို ကောင်းတာပါပဲလား ငါ့ရှင်။ အဘိုးအဘွားတွေရဲ့ ရုပ်ပိုင်းဆိုင်ရာ ကျန်းခန့်သာမှုနဲ့ လူမှုဘဝလုံခြုံမှုကို ဘိုးဘွားရိပ်မွန်က တာဝန်ယူပြီး စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်ပြည့်ဝမှုကို ငါ့ရှင်တို့က လမ်းညွှန်ဆောင်ရွက်ပေးကြတာဆိုတော့ တောက်ပလွန်းတဲ့ ဘဝဆည်းဆာလို့ ပြောရမှာပဲလေ..။

မှန်ပါ ပြီးတော့ သက်ဆိုင်ရာ ဘာသာတရားအလိုက် ဘာသာရေး ဝန်ဆောင်မှု(Chaplaincy)တွေ စီစဉ်ထားပေမယ့် ဘာသာခြားအဘိုး အဘွားတွေက တောင်းဆိုတဲ့အခါ ဒါမှမဟုတ် သူတို့ရဲ့ ဘာသာရေးဝန်ဆောင်ပုဂ္ဂိုလ်တွေ ကိုယ်တိုင်က ဖိတ်ကြားတဲ့အခါ သူတို့ အခန်းတွေမှာ လိုက်ပြီး မေတ္တာဘာဝနာ ပွားပေးရတာ၊ သူတို့ သိချင်တဲ့ ဗုဒ္ဓအရှင်ရဲ့

တရားဓမ္မတွေ ဟောကြားပေးရတာမျိုးလည်း ဆောင်ရွက်ပေးရတော့ ဓမ္မဝန်ဆောင်ရဟန်းတစ်ပါးရဲ့ ဘဝကို တပည့်တော် ကျေနပ်မိတယ်..။ တစ်လမှာ တစ်ရက် ဘာဝနာခန်းမကျယ်ကြီးထဲမှာ ဘာသာပေါင်းစုံ စုဝေးပြီး တရားဆွေးနွေးမှု ဓမ္မသာကစ္ဆာပွဲလေးတွေ စီစဉ်ပေးတယ်။ ဘာသာပေါင်းစုံ အဘိုးအဘွားတွေရဲ့ ဘဝနေဝင်ချိန်မှာ နောက်ဆုံး သိချင်တဲ့ မေးခွန်းတွေကို အခြားဘာသာရေး ဝန်ဆောင်ပုဂ္ဂိုလ်တွေနဲ့ အတူ ဖြေကြရတာ ဗဟုသုတ အကြားအမြင်လည်း တိုးပွားတယ်..။ ပြီးတော့ အဘိုးအဘွားတွေကိုယ်တိုင် ပြောပြကြတဲ့ မသေခင်မှာ ဘဝကို ဘယ်လို ဖြတ်သန်းကြလဲဆိုတာကလည်း စိတ်ဝင်စားဖို့ ကောင်းတယ်..။

သဘာဝနေဝင်ချိန်တွေကို တခုတ်တရ ကြည့်တတ်ကြတဲ့သူတွေ ထက် ငါ့ရှင်က ဘဝနေဝင်ချိန်အစစ်တွေကို ရှုမြင်ခွင့်ရနေတာပါပဲ..။ ပန်းပေါင်းစုံတို့၏ ရနံ့ဖြင့် ထုံမွှမ်းသော မြက်ခင်းစိမ်းစိမ်းများနှင့် တဆက် တည်း ဆောက်ထားသည့် ဘိုးဘွားဆောင်များစွာထဲမှ ဥပါသကာက ဦးဆောင်လမ်းညွှန်ရာ ဘိုးဘွားဆောင်တစ်ခုအတွင်းသို့ ဝင်လိုက်ကြ သည်။ တောက်ပသော ကျောက်သားစကြံလမ်းအတိုင်း တဖြောက်ဖြောက် လျှောက်လာကြ၏။ အခန်းတစ်ခုရှေ့တွင် ဘိုးဘွားရိပ်မွန်ရင်ထိုးနှင့် သူနာပြု ဆရာမလေးက ဆီးကြိုနေသည်။

"အားလုံးစောင့်နေကြပါတယ် ဦး"

"ဒီအခန်းက တပည့်တော်ဖေဖေရဲ့ အခန်းပါဘုရား... ကြွပါ.."

အခန်းတံခါး ဖွင့်လိုက်သည်နှင့် ပြုံးချိုကြည်လင်စွာ လက်အုပ်ချီ နှုတ်ဆက်နေသော အသက်ရှစ်ဆယ်အရွယ် အဘိုးနှင့် အဘွားကို သား သမီး မြေးမြစ်များနှင့်အတူ တွေ့လိုက်ရသည်။ ဟိုတယ်တစ်ခုသဖွယ် ကျယ်ဝန်းသော အခန်းတွင် ပြည့်စုံသော ခေတ်မီပရိဘောဂ အသုံးအဆောင် များ ရှိနေသည်။

ပွဲကိုတော့ ခန်းမတစ်ခုမှာ သီးသန့်စီစဉ်ထားပါတယ်ဘုရား..။ ဒီအခန်းမှာ မိသားစု စုံနေကြတာ..။ ခန်းမကို ဆက်ကြွကြတာပေါ့ဘုရာ့။ မေမေက ဒီအဆောင်ထဲမှာပဲ တစ်ခန်းသီးသန့်နေပါတယ်အရှင်။ ဒါပေမယ့်

နေ့စဉ် မနက်တိုင်း တစ်ယောက်အခန်း တစ်ယောက်သွားပြီး နံနက်စာ နေ့လည်စာ အတူစားကြတယ်..။ အခြားဘိုးဘွားတွေနဲ့အတူ လမ်းအတူ လျှောက်ကြတယ်..။ တရားဘာဝနာ ပွားများကြတယ်..။ အတူတူနေမယ် ဆိုရင်လည်း နှစ်ယောက်ခန်းတွေ စီစဉ်ပေးတယ်ဘုရား..။

ကျန်းမာရေးအတွက်လည်း အလှည့်ကျ ဆရာဝန်တွေက နေ့စဉ် ကြည့်ပေးတယ်။ မနက်အိပ်ရာထချိန်ကစပြီး အိပ်ရာဝင်ချိန်အထိ ပြုစု စောင့်ရှောက်ဖို့ သူနာပြုဆရာမလေးတွေလည်း ရှိတယ်..။ အဘိုးအဘွား တွေကို အိပ်ရာပေါ်ပို့ စောင်ခြုံပေးပြီးတဲ့အထိ မေတ္တာကာယကံပြုကြ တယ်..။

အဘိုးတွေ အဘွားတွေ တစ်ခန်းစီနေကြတာဆိုတော့ တစ်ခုခု ဖြစ်ရင် ဘယ်လိုသိနိုင်မလဲ ဒကာတော်။

ဆရာတော်မြင်လား ဘုရား။ ဖေဖေနဲ့ မေမေရဲ့ လက်ကောက် ဝတ်မှာ နလုံးခုန်နှုန်း အချက်ပြပေးတဲ့ နည်းပညာမြင့် ဓီဝကမ္မကိရိယာ လေးတွေ ပတ်ထားတာ..။ ထူးခြားဖြစ်စဉ်ရှိရင် သူနာပြုခန်းက သိနိုင် တယ်ဘုရား..

မိသားစုနှင့်အတူ အဘိုးအဘွားတို့၏ ရွှေရတုနှစ်ပတ်လည် အခမ်းအနား ကျင်းပမည့် ခန်းမသို့ လျှောက်ရင်း သေနေ့အကြို နှုတ်ဆက် စကားပြောပွဲဆိုသည်ကို သူစိတ်စောနေမိလေသည်။

(၆၈)

မွှေးပျံ့အေးစိမ့်နေသော ရောဝတီခန်းမအတွင်းသို့ သူတို့ ဝင် လိုက်ကြသည်။ ပြုံးချိုနေသော ဘိုးဘွားများနှင့်အတူ မိသားစုဝင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ စုံညီစွာ စောင့်နေကြသည်။ အခြားဘာသာရေး ဝန်ဆောင်ပုဂ္ဂိုလ်များလည်း တက်ရောက်ကြသည့်အတွက် ခန်းမသည် အရောင်စုံကာ အသွေးစိုနေသည်။

"ဘန္တေ ဒီဘက်ကြွပါ.."

ခရစ်ယာန်ဓမ္မတက္ကသိုလ်မှ မိတ်ဆွေဓမ္မဆရာက ထကာ သူ့လက်ကို ဆွဲရင်း နေရာပေးသည်။

စကားပြောစင်နှင့် အနီးဆုံးနေရာတွင် အခြားဘာသာရေး ဝန်ဆောင်ပုဂ္ဂိုလ်များနှင့်အတူ ဝင်ထိုင်လိုက်ကာ

"ဘဝတု သဗ္ဗမင်္ဂလံ မင်္ဂလာအားလုံး ဖြစ်ထွန်းပါစေ" ဟု သူဆုတောင်းလိုက်သည်။

"ဘန္တေကြီး ဘုရားသခင် ကောင်းချီးပေးပါစေ"

ဘာသာခြားပုဂ္ဂိုလ်များနှင့် ဆက်ဆံသည့်အခါ ငြိမ်းချမ်းရေးပန်းတိုင်တစ်ခုဆီ မတူညီသော လမ်းကြောင်းမှ သွားနေကြသော မိတ်ဆွေများအဖြစ် အသိအမှတ်အပြုကာ အပြန်အလှန်လေးစားမှုကို သူက တည်ဆောက်မြဲဖြစ်သည်။

ဗုဒ္ဓအရှင်ကိုယ်တော်တိုင် ခေတ်ပြိုင်ပဏ္ဍိတ်ကြီးများနှင့် စကားဆွေးနွေးသည့်အခါ အသာစီးရလိုမှုထက် မေတ္တာကွန်ယက်ဖြန့်ကျက်နိုင်စွမ်းနှင့် သစ္စာအလင်းပွင့်ရေးကိုသာ မြှင့်တင်လေ့ရှိခဲ့သည်။

ဗုဒ္ဓအရှင်ကို မသိသော သို့မဟုတ် ရန်လိုနိုင်သော လူသူစိမ်းများဆီသို့ ဗုဒ္ဓအရှင်၏ မဟာကရုဏာခြေလှမ်းတော်က ဦးတည်လေ့ရှိခဲ့ကြောင်း ပိဋကတ်ဆရာတို့က မှတ်တမ်းတင်ခဲ့ကြသည်။

အမျိုးအရင်းကြီးများ ဖြစ်သော်လည်း အတွေးအခေါ်ခြား၊ အကျင့်စရဏ ခြားနေသည့်အတွက် ဗုဒ္ဓအရှင်၏ သစ္စာဉာဏ်တော်ကို ငြင်းပယ်ခဲ့ကြသည့် ပဉ္စဝဂ္ဂီငါးဦးတို့ကိုပင် ပါရမီရင့်မှည့်ချိန်အမီ သည်းခံတော်မူခဲ့ရသေးသည် မဟုတ်လား..။

ဗုဒ္ဓအရှင်၏ နောက်ဆုံးပရိနိဗ္ဗာန်ခရီးသည်လည်း သံသယကြီးစွာ ဆရာရှာနေသော ဘာသာခြား အမျိုးကောင်းသားကြီး သုဘဒ္ဒအတွက် ကြွရောက်ခဲ့ရခြင်းပင်..။

တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီး၏ တစ်ဘဝသာသနာတွင် ဦးဖေမောင်တင်တို့ကဲ့သို့သော ဘာသာခြားပုဂ္ဂိုလ်ကြီးများနှင့် တစ်ပြေးညီထိုင်ကာ တရားဆွေးနွေးခဲ့ဖူးသော ပုံရိပ်များက သူ့မှတ်သိစိတ်တွင် တခုတ်တရ စွဲထင်နေခဲ့သည်။

သူ့ မွေဂင်္ဂါကောလိပ်တွင် ကမ္ဘာ့ဘာသာကြီးများ လေ့လာရေး ဌာန (Department of World Religions) ကို ဖွင့်လှစ်ပေးခဲ့သည်။ ဗုဒ္ဓဘာသာခေါင်းစဉ်အောက်တွင် ရှိသော မိမိတို့၏ ထေရဝါဒကိုသာမက မဟာယာနနှင့် တိဘက်ဗုဒ္ဓဘာသာ အကိုင်းအခက်အားလုံးကို သုံးသပ် လေ့လာကြရသည်။ ကမ္ဘာပေါ်တွင် ပေါ်ထွန်းခဲ့သမျှ အယူဝါဒနှင့် ဘာသာ တရား ပေါင်းစုံတို့၏ သမိုင်း၊ ပတ်ဝန်းကျင်၊ ကျင့်ဝတ်နှင့် ပန်းတိုင်စသည် တို့ကို စောကြောကြရသည်။

ငြင်းခုန်ရန် ကုန်ကြမ်းအဖြစ်ထက် ဘာသာတရားအချင်းချင်း အပြန်ပြန် နားလည်ရေးကို ဦးတည်ချက်ထားရသည်။

ဘာသာရေးအသီးသီး၏ ကောလိပ်၊ အင်စတီကျု(တ်)များကြား ပညာရေးဖလှယ်မှု အစီအစဉ် (Exchange Program) များ ချိတ်ဆက် ပေးခြင်းဖြင့် နားလည်မှုလွဲမှားရာမှ ဖြစ်ပေါ်လာနိုင်သော ဘာသာရေး ပဋိပက္ခများကို အလွယ်တကူ ရှောင်လွှဲနိုင်ပေမည်။

များသောအားဖြင့် ကမ္ဘာတွင် ဖြစ်သမျှ ဘာသာရေးအငြင်း ပွားမှုနှင့် အဓိကရုဏ်းများသည် ငါ့လက်ထဲက အမှန်သစ္စာ၊ အခြား သူများလက်ထဲက "အမှားမိစ္ဆာ" ဟူသော တစ်ဘက်မြင် ဆုပ်ကိုင်မှုကြောင့် သာ ဖြစ်ပွားခဲ့ရ၏။

အခမ်းအနားမှူးက အစီအစဉ်များကို ကြေငြာနေပြီ။

ဆည်းဆာဂီတဘိုးဘွားတို့၏ "နိဗ္ဗာန်လမ်း" မည်သော ပဏာမ အဖွင့်တေးက အရှေ့အနောက်ဝဲသော သံသရာ သံစဉ်ဖြင့် ငြိမ့်ငြောင်းစွာ ထွက်ပေါ်လာသည်။

သူအပါအဝင် ဘာသာရေးဝန်ဆောင်ပုဂ္ဂိုလ်တို့က ဖြဟ္မစိုရ်စကား ပြောကြားကြမည်။

မင်္ဂလာရွှေရတုနှစ်ငါးဆယ် မိတ်ဆွေသင်္ဂဟများနှင့် ပေါင်းစုံမှု အထိမ်းအမှတ်ပွဲနှင့် သေနေ့အကြိုနွတ်ဆက်ခြင်း အစီအစဉ်များ ဆက်လက် ကျင်းပသွားမည်။

(၆၉)

ဘာသာတရားအသီးသီး၏ မေတ္တာလွှမ်းသော ဆုတောင်းခန်း အသီးသီးကို အဘိုးအဘွားများနှင့်အတူ ကြည်နူးစွာ သူ နားစိုက်သည်။ ဘာသာတရားကို အမည်တပ်ပြီး သွေးသံရဲခဲ့ဖူးသော စစ်ပွဲများ၊ ရန်လို မုန်းတီးမှုများ၊ အကြမ်းဖက်မှုများက စက်ဆုတ်ဖို့ ကောင်းသည်။ အသောက ဧကရာဇ်လက်ထဲက လွှတ်ချလိုက်သော ဓါးကို သူ မော့ကြည့်မိ၏။ ရောမ ဘုရင်ကွန်စတင်တိုင်၏ မုခ်ဦးကို သူ ငေး၏။ မဂိုအင်ပါယာရှင် အက္ကဘာ ၏ ဘာသာပေါင်းစုံ ကျမ်းစာများ ဖြည့်တင်းထားသော တော်ဝင်ပိဋကတ် တိုက်ကြီးကို အားကျ၏။ ဆုတောင်းမေတ္တာပို့သသော အစီစဉ်အပြီးတွင် ခန်းမတစ်ခုလုံး အလင်းမှိန်မှိန်လေးသာ ကျန်တော့သည်အထိ အမှောင်ချ လိုက်သည်။ ဘိုးဘွားဇနီးမောင်နှံတို့၏ ရွှေရတုမင်္ဂလာအထိမ်းအမှတ် ဖယောင်းတိုင်လေးများ အလိုအလျောက်ပင်၊ ဖြေးညင်းစွာ လင်းလက်လာ သည်။ ပီတရွှန်းစိုသော ဓမ္မမင်္ဂလာတေးကို အဆိုကျော်ဟောင်းကြီးဖြစ်သူ အဘွားတစ်ဦးက သီဆိုပေးသည်။ မြန်မာ့စောင်းကို အဘိုးတစ်ဦးက ငြိမ့်ငြောင်းစွာ တီးခတ်ပေးသည်။

"ဆရာတော်ဘုရားများနဲ့ ဘာသာတရား အသီးသီးမှ ဓမ္မဒေသနာသည် တော်များ၊ မိတ်ဆွေသင်္ဂဟများ အားလုံးကို ဂါရဝတရားနဲ့ ဦးညွှတ် နှုတ်ဆက်လိုက်ပါတယ်..။ ဒီပွဲဖြစ်မြောက်အောင် ဆောင်ရွက်ပေးတဲ့ သား တွေ သမီးတွေကို ဖေဖေနဲ့ မေမေတို့က ကြည်နူးပီတိဖြစ်စွာ အသိအမှတ် ပြုမိပါတယ်။ ခုလို ရွှေရတုနှစ်ငါးဆယ်ပွဲဆိုတာ ပညတ်ဆန်တယ် ပကာသန ဆန်တယ် ဆိုနိုင်ပေမယ့် ကုန်လွန်ခဲ့တဲ့ အတိတ်ကို ငုံစောင်းသံဝေဂယူပြီး သေခြင်းတရားနဲ့ နီးကပ်လာတဲ့ အမှန်တရားကိုလည်း လက်ခံနိုင်ဖို့ ကြိုတင်ပြင်ဆင်တဲ့ပွဲလို့ ပြောလို့ရပါတယ်။ ကျနော်တို့ ဇနီးမောင်နှံဟာ နှစ်ပေါင်းငါးဆယ်ကာလ၊ လောကဓံမှန်သမျှကို အတူလက်တွဲပြီး ပါရမီ ဖြည့်ဘက်တွေအဖြစ် ဖြတ်သန်းနိုင်ခဲ့ကြပါပြီ။ အယူသီလတူမျှခြင်းဆိုတာ ကို ကျနော်တို့ရဲ့ ဗုဒ္ဓအရှင်က အမြဲချီးမွမ်းတော်မူလေ့ရှိပါတယ်။ ဘာသာ အယူဝါဒတူတဲ့ ပါရမီဖြည့်ဖက်ကို ရွေးချယ်နိုင်ခဲ့တာကတော့ ကျနော်တို့ရဲ့

ကံကောင်းခြင်းပဲ ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ဘာသာအယူဝါဒတူညီကြ
ပေမယ့် အပြန်အလှန် နားလည်မှုကို မတည်ဆောက်နိုင်ဘူးဆိုရင်လည်း
ဇနီးမောင်နှံရာသက်ပန်ဆိုတာ ဖြစ်လာနိုင်မယ် မထင်ပါဘူး။ ဒီခန်းမထဲ
ကို ရောက်နေကြတဲ့ ကျနော့် လုပ်ဖော်ကိုင်ဖက် မိတ်ဟောင်းဆွေဟောင်း
တွေ များစွာထဲမှာ ကျနော့်ထက်စောပြီး ရွှေရတုကျင်းပနိုင်ခဲ့ကြတဲ့ ဘာသာ
ကွဲ ဇနီးမောင်နှံတွေ တော်တော်များများ ပါတာ ကျနော်တို့ သိပါတယ်။
မိတ်ဆွေတွေ လက်ညှိုးထောင်ပေးပါလား..။"

လက်ညှိုးပေါင်းများစွာ သတိထားမိပါမှ ခရစ်ယာန်ဓမ္မတက္ကသိုလ်
တစ်ခုတွင် ပြုလုပ်သည့် ပွဲလေးတစ်ခုသို့ သူကိုယ်တိုင် တက်ရောက်ခဲ့ဖူး
တာ အမှတ်ရသွားသည်။ ထိုပွဲလေးတွင် ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာဝင်များ
ကြား ပါရမီရေစက်ကြောင့် ရွှေလက်တွဲရသော ဇနီးမောင်နှံများကို ဖိတ်
ကြားကာ ဇနီးမောင်နှံရာသက်ပန်ဘဝကို မည်သို့ တည်ဆောက်ခဲ့သလဲ
ဆွေးနွေးစေခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင် ညွှန်ကြားရေးမှူးချုပ်ဟောင်း
ဥပါသကာကြီးနှင့် ခရစ်ယာန်အမျိုးကောင်းသမီးကြီးစုံတွဲ၊ ခရစ်ယာန်
အသင်းတော် လူကြီးနှင့် ဗုဒ္ဓဘာသာဝင်ညွှန်ကြားရေးမှူး အမျိုးသမီးကြီး
စုံတွဲ၊ ဗုဒ္ဓဘာသာဝင်ဗိုလ်မှူးဟောင်းနှင့် ခရစ်ယာန်ဆရာဝန်မကြီးစုံတွဲ
တို့၏ အတွေ့အကြုံ အတွေးအမြင်နှင့် ခံစားချက်များကို နားထောင်ခွင့်ရ
သည်။ ဘာသာမတူသည့် အခက်အခဲကတော့ အနည်းနဲ့ အများ ကြုံတွေ့
ကြရသည်ကို သူ နားလည်မိသည်။ နှစ်ဘက်မိဘအသိုင်းအဝိုင်း၊ ပတ်ဝန်း
ကျင် စသည်တို့ကိုပါ ပတ်သက်ကြရခြင်းဖြစ်သည်။ နောက်ဆုံးတော့
သူတို့အားလုံး Mutual respect and understanding (အပြန်အလှန်
လေးစားနားလည်မှု)ဖြင့် အခက်အခဲမှန်သမျှကို ကျော်ခြင်းကပ်ခဲ့ကြောင်း
ရှင်းပြကြသည်။ ဥပုသ်စောင့်သွားမည့် ဗုဒ္ဓဘာသာဥပါသကာကြီးအတွက်
ခရစ်ယာန်အမျိုးသမီးကြီးက ဆွမ်းချက်ပေးသည်။ တနင်္ဂနွေ ဘုရား
ကျောင်း တက်မည့် ခရစ်ယာန်ဇနီးသည်အတွက် ဗုဒ္ဓဘာသာဥပါသကာ
ခင်ပွန်းဖြစ်သူက လောဆော်သည်။ ဘုန်းတော်သင်ပညာရေးကျောင်းကို
ထောက်ပံ့နေသည့် ခင်ပွန်းဖြစ်သူနောက်သို့ ဇနီးသည်က တကောက်

ကောက်လိုက်ကာ ကိုရင်ဒက်ချေး၊ နပ်ချေးတွဲလောင်း မောင်ကျောင်းသား လေးများကို ပြုစုစောင့်ရှောက်သည်။ အကယ်၍သာ ထုတ်ဖော်မပြောလျှင် မည်သည့်ဘာသာကိုးကွယ်သည်ဟု ပြောမရအောင် မြန်မာမှုကို မြတ်နိုး လှသော ရင်ဖုံးအကျီ၊ ချိတ်ထဘီနှင့် ခရစ်ယာန်အမျိုးသမီးကြီးကို သူ အမှတ်ရနေသည်။

ထိုအမျိုးကောင်းသမီးကြီး၏ စကားများကို သူ လတ်ဆတ်နေဆဲ ပင်။ ခရစ်ယာန်ဘာသာကို ကိုးကွယ်လိုက်တာနဲ့ ကျမတို့ဟာ ဂျေရုဆလင် မြို့သားတွေ ဖြစ်သွားစရာမလိုဘူးလေ၊ ကျမတို့ အဘိုးက ရွှေတိဂုံဘုရားကို လိုက်ပို့ရင်း ခမ်းနားတဲ့ မြန်မာ့အနုသုခုမလက်ရာတွေကို ပြပြီး "ငါတို့ဟာ ဘယ်ဘာသာကို ကိုးကွယ်သည်ဖြစ်စေ၊ ငါတို့ မြန်မာလူမျိုးဆိုတာ ဘယ် တော့မှ မမေ့ရဘူး၊ ငါတို့မြန်မာတွေရဲ့ ကြီးကျယ်တဲ့ ဂုဏ်၊ ဝီရိယ၊ ပညာနဲ့ သိက္ခာတရားတွေကို လေးစားရမယ်"လို့ အမြဲသွန်သင်ခဲ့တယ်။

(၇၁)

ရောဝတီခန်းမတစ်ခုလုံးကို အပြုံးများဖြင့် ယက်ဖောက်ထား သည်ဟုပင် သူ ခံစားလာရသည်။ ဘဝတစ်သက်တာ ကလျာဏမိတ္တများ အဖြစ် လက်တွဲခဲ့သော ဘိုးဘွားဇနီးမောင်နှံနှင့်အတူ မိတ်ဆွေဟောင်း များ၏ တွေ့ဆုံပွဲတွင် လူ့ယဉ်ကျေးမှုသင်္ကေတ အငွေ့အသက်များကို သူ ရှိုက်မိ၏။ လူနေမှုဘဝဖူလုံ၍ အခြေခံလိုအပ်ချက်များ မတောင့်တရသော လူ့အဖွဲ့အစည်းတွင် မနာလိုမှုက္လသာနှင့် ဝန်တိုမှု မစ္ဆရိယအညစ်အကြေး တရားများ မကပ်ငြိနိုင်ကြောင်း သေချာလှပါသည်။ တစ်ဦးနှင့်တစ်ဦး ချစ်သောမျက်စိဖြင့်သာ ကြည့်သောလူတို့၏ ငြိမ်းအေးပျော်ရွှင်ဖွယ်ဘဝက ဤခန်းမထဲတွင် အထင်းသားပေါ်လွင်နေသည်။စိတ်ဝင်စားဖွယ်ကောင်း သည့် အဘိုး၏ စကားများကို အားလုံးက စူးစိုက်လျက်ရှိသည်။

"ကျွန်တော်တို့ ဗုဒ္ဓအရှင်က သေခြင်းတရားကို ရှုမှတ်ဖို့ သွန်သင် ခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ဘယ်တော့မှ မသေတဲ့လူတွေလို အောင်မြင် တဲ့ လူနေမှုဘဝကို တည်ဆောက်ကြရမှာဖြစ်ပေမယ့် မနက်ဖြန်သေမယ့်

လူတွေလို ဖြဟ္မစိုရ်ရွှမ်းတဲ့ လူယဉ်ကျေးတို့ကမ္ဘာကို ဖြတ်သန်းကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ မနက်ဖြန်သာ သေဆုံးကြမယ်ဆိုတာ သိခဲ့ကြရင် ကျွန်တော်တို့ရဲ့ ဆက်ဆံရေးတွေဟာ အေးစက်နေကြမှာ မဟုတ်ပါဘူး။ အမှုမဲ့အမှတ်မဲ့ ဖြစ်နေကြမှာ မဟုတ်ပါဘူး..။

ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ စားဝတ်နေရေးတည်းဟူသော အကြောင်းကြောင့် အဂတိတရား အမှောင်ရိပ်ခိုတဲ့ အချိန်တွေ ရှိခဲ့ဖူးတယ်။ ဆန္ဒာဂတိ၊ ချစ်တဲ့သူအပေါ်မှာ ယိုင်ခဲ့ကြတယ်။ ဒေါသာဂတိ မုန်းတဲ့သူကိုတော့ ရိုင်းခဲ့ကြတယ်။ ဘယာဂတိ ကြောက်တဲ့လူနဲ့ တွေ့တော့လည်း အောက်ကျရို့ခဲ့ကြပြန်ရော့။ မောဟာဂတိ မသိပြန်တော့လည်း မှားခဲ့ကြတယ်။ ငြိမ်းချမ်းမှုနဲ့ တရားမျှတမှုအခြေခံ မတည်ဆောက်နိုင်တဲ့အခါ ကျွန်တော်တို့ရဲ့ ဖြဟ္မစိုရ်တရားဟာ အစမ်းသပ်ခံနိုင်စွမ်း မရှိခဲ့တော့ဘူး ပေါ့။ ကျွန်တော် ဘယ်လောက် ရိုးသားနိုင်စွမ်းရှိသလဲဆိုတာတောင် စစ်တမ်းမကောက်ရဲအောင် အခြေအနေတွေ ရှိခဲ့ဖူးတာပါ..။

အလွဲအာဏာနဲ့ မသမာတဲ့ ဥစ္စာစနေပိုင်ဆိုင်မှုတွေကြောင့် အမွှေမှုတွေ ကြီးထွားခဲ့ဖူးတယ်။ ပြိုင်ဘက်တွေကို ရန်သူလို သဘောထားပြီး ကျော်နင်းခွပြီး နိမ့်ပါးသူတွေကို နိုင်လိုမင်းထက် ဖိနင်းခြင်းဆိုတဲ့ ဣဿာနဲ့ မစ္ဆရိယဆေးသားတွေနဲ့ ကျွန်တော်တို့ရဲ့ စိတ်နှလုံးကို မဲညစ်အောင် သုတ်လိမ်းခဲ့ကြတယ်။

ကြမ်းတမ်းပြီး ပညာမဲ့ဆန်တဲ့ ပြိုင်ဆိုင်မှုတွေကြားမှာ ကျွန်တော်တို့ စိတ်တွေ ညစ်နွမ်းခဲ့ကြရတာ ရှက်ဖွယ်ကောင်းလှပါတယ်။ ပုထုဇဉ်တွေကြားမှာ ပြိုင်ဆိုင်မှုဆိုတာ ရှိနေမှာ ကျွန်တော်တို့ မငြင်းနိုင်ကြပါဘူး။ ဒါပေမယ့် နူးညံ့ပြီး ပညာတတ် လူကြီးလူကောင်းတို့ရဲ့ ယဉ်ပြိုင်မှုပဲဖြစ်ကြရမှာပါ..။ ခု ကျွန်တော်တို့ အဲဒီလမ်းကြောင်းကို လျှောက်နေကြပြီလို့ ယုံကြည်နိုင်ကြပါပြီ။ မိတ်ဆွေများသိတဲ့အတိုင်း ကျွန်တော်တို့ အသက်အရွယ်အရ ရွှေပြည်ကြီးရဲ့ အဖြူအမဲ အနိမ့်အမြင့် အကောင်းအဆိုး လောကဓံတွေနဲ့အတူ ခေတ်နဲ့စနစ်အမျိုးမျိုးကို စမ်းဝါးတဲ့အဆင့်မဟုတ်ဘဲ ထဲထဲဝင်ဝင် ဖြတ်သန်းခဲ့ကြရပြီးပါပြီ။ နောက်ဆုံးကောက်ချက်ချနိုင်တာ

က ဓမ္မနဲ့ အဓမ္မအားပြိုင်မှုမှာ ဓမ္မအားကောင်းတဲ့ အချိန်နဲ့ အခြေအနေကို အရအမိ တည်ဆောက်နိုင်ခဲ့ခြင်းကသာ ပစ္စုပ္ပန်သံသရာ ကောင်းကျိုးတွေကို မျှော်မှန်းနိုင်ကြတယ်ဆိုတာပါပဲ..။ တစ်ဦးချင်းမှာ တာဝန်ရှိတယ်ဆိုပေမယ့် လူ့အဖွဲ့အစည်းကြီးကို အဓိကမောင်းနှင်နေကြရတဲ့ ကပ္ပတိန်တွေရဲ့ ရိုးသားရဲရင့်မှုဟာ အရေးကြီးလှပါတယ်..။

ကျွန်တော်တို့ ကြည်ညိုလေးမြတ်ရတဲ့ မင်းကွန်းတိပိဋကဆရာတော်ကြီးက မဟာဗုဒ္ဓဝင်နိဂုံပိုင်းမှာ ၁။ တရားဓမ္မထွန်းကားပါစေ။ ၂။ ပြည်သူတွေတရားတည်ပါစေ။ ၃။ သဘာဝမိုး မှန်မှန်ရွာပါစေ။ ၄။ အစိုးရမင်းတွေရဲ့ ဗြဟ္မစိုရ်မိုး ပြည်သူတွေပေါ် အမှန်ရွာပါစေ ဆိုပြီး ဆုတောင်းတော်မူခဲ့တာကို ကျွန်တော်အမြဲဆင်ခြင်ခဲ့ပါတယ်။

တရားဓမ္မထွန်းကားပြီး သဘာဝမိုးမှန်တဲ့ တိုင်းနိုင်ငံမှာ ဥပဒေလိုက်နာတဲ့ ပြည်သူတွေအပေါ်မှာ ဗြဟ္မစိုရ်တရားနဲ့ အုပ်ချုပ်တဲ့အစိုးရမင်းတွေကို ကျွန်တော်တို့ မျှော်တလင့်လင့် ဖြစ်ခဲ့ဖူးပါတယ်..။ အခု အိပ်မက်တွေဟာ အစစ်အမှန် ဖြစ်လာခဲ့ပါပြီ။ ဒီနေ့ကျွန်တော်တို့ ဇနီးမောင်နှံရဲ့ မင်္ဂလာနှစ်ငါးဆယ်ရွှေရတုနဲ့ သေနေ့အကြိုနှုတ်ဆက်ပွဲမှာ ပစ္စုပ္ပန်အနေလှပြီးတဲ့ ကျွန်တော်တို့အတွက် သံသရာခရီးလှဖို့ ပြင်ဆင်နိုင်ခဲ့ပြီဆိုတာ အသိပေးလိုလှပါတယ်။ အနေမလှရင် အသေမဖြောင့်ပါဘူး..။ ဗြဟ္မစိုရ်ကိုယ်ခံအား မကောင်းဘဲ ဝိပဿနာ တကားကား လုပ်နေလို့လည်း ဘယ်လောကုတ္တရာ အသီးအပွင့်မှ ဖြစ်ထွန်းနိုင်မှာလည်း မဟုတ်နိုင်ပါဘူး..။ ကျွန်တော့်မိတ်ဆွေများကို တိုက်တွန်းလိုတာက ကျွန်တော်တို့ လူ့လောကကြီးက မထွက်ခွာမီ မိတ်ဆွေတို့ရဲ့ အသံကို ကျွန်တော်တို့ ကြားသွားချင်ပါတယ်..။ ကျွန်တော်တို့ သေမှ ချီးမွမ်းကြ၊ ကဲ့ရဲ့ကြမယ့်အစား မသေမီ ကျွန်တော်တို့ကို ချီးမွမ်းပေးကြပါ။ အဲဒီပီတိလေးနဲ့ သံသရာကို အားယူသွားချင်ပါတယ်။ အပြစ်များကို ကဲ့ရဲ့တယ်ဆိုတာထက် ထောက်ပြဝေဘန်ပေးကြပါ။ အချိန်မီ ပြုပြင်ပြီး သံသရာလမ်းထဲ ခပ်ရဲရဲ လျှောက်သွားချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်..။

ပရိသတ်၏ လက်ခုပ်သံက ပွဲတင်ထပ်သွားသည်။ သူကတော့ သာခု အကြိမ်ကြိမ် အနုမောဒနာပြုနေမိလေသည်။

(၇၂)

အဘိုးအဘွားတို့၏ ရွှေရတုမင်္ဂလာပွဲခန်းမထဲတွင် ညွတ်နူးစွာ သူ ထိုင်နေခဲ့သည်။ မိတ်ဆွေဟောင်းများ တွေ့ဆုံခြင်းမှ သီးပွင့်လာသော အပြုံးများကို သူ ခူးဆွတ်သည်။ အဘိုးအဘွား မိတ်ဆွေများတွင် ဖုတ်လှိုး ဖက်ငယ်ဖော်များ၊ ဆယ်ကျော်သက်ကျောင်းသွားဖော်များ၊ တက္ကသိုလ် လမ်းလျှောက်ဖူးသူများ၊ လုပ်ငန်းခွင်နှင့် လူမှုဘဝထဲက လုပ်ဖော်ကိုင်ဖက် များ စုံလင်လှသည်။ ငယ်ငယ်က ပျော်မော်ဖွယ် အတွေ့အကြုံများ ပြောကြ သည်။ မေတ္တာလွန်ဆွဲခြင်းနှင့် ရန်ပွဲများအကြောင်းသည်ပင် ရယ်ပွဲဖြစ် သွား၏။ ခေတ်အဆက်ဆက် သမိုင်းကျောက်စာများကို ပြန်လည်တူးဆွ ကြသည်။ ဆက်ဆံရေးနယ်ပယ်ထဲက အမြင့်လွဲမှုနှင့် အထင်မှားမှု အကြိတ် အခဲများကို ဖွင့်ဟကာ တောင်းပန်ကြ ကြေအေးကြသည်။ ခွင့်လွှတ်ခြင်း ၏ အလှတရားနှင့် တန်ဖိုးကို အသိအမှတ်ပြုသော လူ့အဖွဲ့အစည်းကြီးကို သူမြင်ရလေပြီ။ ရဟန်းငယ်ဘဝက မြင်ချင်ခဲ့သော ဗြဟ္မစိုရ်ရှုမျှော်ခင်းကြီး ကို သူ မျက်မှောက်ပြုခွင့်ရခဲ့ပြီ။ ထိုစဉ်က ရေးခဲ့ဖူးသော စာတစ်ပုဒ်ကို အမှတ်ရနေမိဆဲပင်..။

တကယ်တော့ ဘဝက တိုတိုလေး... အလွမ်းက အရှည်ကြီး...။ ဒုက္ခတွေကလည်း အရှည်ကြီး... မမြင်ရတဲ့ သံသရာကလည်း အရှည်ကြီး ပါပဲ...။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့ရဲ့ လွှမ်းမိုးမှုကြောင့် ဖြစ်တည်လာတဲ့ ဘဝအစမှာကိုက ပင်ကိုမပြေလည်မှုတွေက နိပ်စက်ခဲ့ကြပြီးပြီပဲ...။ အိုကြ ရ.. နာကြရ... နောက်ဆုံး မျက်မြင်လောကကြီးထဲက ကွယ်ပျောက်ပျက်စီး သေဆုံးကြရဦးမှာပါပဲလေ..။ ဘာဖြစ်လို့များ... ထပ်ဆင့်မကျေလည်မှု တွေကို ဖန်တီးကြဦးမှာလဲ...။ ဘာဖြစ်လို့များ ခေတ်အဆက်ဆက် မိုက်မဲ လှတဲ့ ပဋိပက္ခနဲ့ စစ်မီးလျှံတွေကို ရူးသွပ်စွာ ရှို့မြိုက်ခဲ့ကြလေသလဲ..။ ဘာဖြစ်လို့များ ပုဂ္ဂိုလ်တစ်ဦးနဲ့ တစ်ဦး..။ လူမျိုးတစ်မျိုးနဲ့ တစ်မျိုး...။

နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံကြား ငြိမ်းချမ်းပျော်ရွှင်မှုတွေကို မစိုက်ပျိုးနိုင်ခဲ့ကြပါလိမ့်..။

လောကီရောင်ထဲမှ ရုန်းထွက်ကာ လောကုတ္တရာအလင်းတန်းကို ရှာဖွေရင်း လူပီသခွင့် အပြည့်အဝရခဲ့ကြသော ဘဝများစွာ၏ မုဒိတာ အကြည်သားကို သူ ထွင်းဖောက်အာရုံပြုနေမိသည်။

ထို့နောက် အဘိုးအဘွားများနှင့် ညှိသည်တော်များကို သူ နှုတ်ဆက်သည်။ မိတ်ဆွေရဟန်းတော်က ကားဆီသို့ လိုက်ပို့သည်။ ရိုဘော့ဒရိုင်ဘာကိုသုတက သိစိတ်လှုံ့ဆော်မှုဖြင့် အဆင်သင့်စောင့်နေပြီ။

"ဘဝ္ဓေ ရွတ်ရွတ်နေတဲ့ ကဗျာတစ်ပိုဒ်ကို သတိရမိသေးရဲ့လား..၊အပြောင်းအလဲတွေ မမြင်ရတဲ့အခါ သင်္ခါတရားကို သံသယဖြစ်မိတယ်"ဆိုတဲ့ ကဗျာလေ။

မိတ်ဆွေကဗျာဆရာထံမှ ကူးယူကာ သူ အမြဲရွတ်လေ့ရှိသော ကဗျာကို အမှတ်ရကာ ပြုံးမိသွားသည်။ သင်္ခါရတရားတွေက သံသယဖြစ်ဖို့ ကောင်းတဲ့အချိန်တွေ ရှိခဲ့ဖူးတယ် မဟုတ်လား..။ အနတ္တတရားနှင့် မကင်းနိုင်သည့် သင်္ခတတရားတို့၏အရွေ့တွင် ဆွေးမြေ့ယိုယွင်းခြင်း ဇရာ သဘောပါဝင်သော်လည်း ကောင်းသောအပြောင်းအလဲများကိုတော့ သူက လက်ခုပ်တီးမိသည်။ အမှားမှ အမှန်၊ အမှောင်မှ အလင်း၊ အကုသိုလ်မှ ကုသိုလ်၊ အဆိုးမှ အကောင်း ပြောင်းလဲခြင်းများကို သူ ကြိုဆိုခဲ့သည်။ အခုတော့ ရန်ကုန်သည် ပြောင်းလဲမှုသင်္ခါရတရား၏ နှစ်လိုဖွယ်အရွေ့တွင် ရွှန်းရွှန်းစိုနေခဲ့ပြီ။

သူ့ရောဝတီခန်းမထဲမှ ထွက်လာတော့ ပုဇွန်ဆီရောင်ညနေခင်းက ကောင်းကင်ပြာနှင့် ထိစပ်တောက်ပနေသည်။ ညောင်တုံးတံတားကိုပင် ဒုတိယအကြိမ် ပြန်ဖြတ်သည့်အခိုက် ကားမှန်တံခါးကို ချလိုက်သည်။ ဧရာဝတီမြစ်ပြင်ပေါ်က လေကို သူက ရှူရှိုက်သည်။ အေးစိမ့်နေသော်လည်း သူ့သွေးက နွေးသွား၏။ တိမ်ခိုးတိမ်ငွေ့နှင့် တိမ်ပန်းချီတွဲခိုနေသော ရန်ကုန်မြို့တော်၏ မိုးမျှော်ပုံရိပ်ထင်းထင်းကြီးများကို သူ့ စိတ်နှလုံးထဲ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ ကောက်ထည့်မိသည်။

"ဘန္တေ ခေတ်တွေ ဘယ်လိုပြောင်းပြောင်း ရွှေတိဂုံစေတီကတော့ မပြောင်းလဲဘူးနော်...

လူစကားပြောတတ်သော စက်ရုပ်ဒရိုင်ဘာ၏ မှတ်ချက်ကြောင့် သူမော့ကြည့်မိသည်။ ပြောင်းလဲစရာမှ မလိုတာပဲကွယ်။

**မုဒိတာဖြင့်**

**ဓမ္မဂင်္ဂါ**

"မဖနှာပြုံ" စာပေရေချမ်းစင်မှ
ပြည်သူ့အများဖတ်ရန်
ပညာဒါန



ကလောင်အမည် - ဓမ္မဂင်္ဂါ

ဘွဲ့အမည် - ဒေါက်တာအရှင်ဝိစိတ္တသာရ

ညှိပါမောက္ခ၊ ပါဠိစာပေဌာန၊ ဗဟိုတိဘက်လေ့လာရေးတက္ကသိုလ်၊ ဗာရာဏသီမြို့၊ အိန္ဒိယနိုင်ငံ။

၁၉၇၄ ခုနှစ်တွင် မြန်မာနိုင်ငံ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် ချင်မြစ်ကျင်းရွာ၌ ဖခင်ဦးကျော်သန်း၊ မိခင်ဒေါ်ရွှေမြင့်ခင် (ယခု ဖက်သန်းကုန်းရွာ)တို့မှ မွေးဖွား။ ၁၉၈၃ ခုနှစ်တွင် ရှင်သာမဏေအဖြစ် ခံယူခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ရဟန်းဘောင်သို့ တက်ရောက်...။ ဝန်းသို၊ ကောလင်း၊ မြောင်းမြ၊ မတ္တရာ၊ မန္တလေး၊ ရန်ကုန်ရှိ စာသင်တိုက်များနှင့် ပြည်တွင်းပြည်ပ တက္ကသိုလ်များတွင် ပညာသင်ယူ..။

သာသနတက္ကသီလဓမ္မာစရိယ၊ ဗုဒ္ဓဓမ္မဒီပလိမာ၊ B.A (Buddhism) (တန်းစဉ်ပါဠိနှင့် သက္ကတဂုဏ်ထူး) B.A (BDh)(A+) (ဘာသာစုံဂုဏ်ထူး)၊ M.A (Pali) ဘွဲ့များကို ဆွတ်ခူးအောင်မြင်ခဲ့ပြီး An Analytical Study of Adhipatidhammas in Abhidhammapitaka ကျမ်းစာကို တင်သွင်းကာ Ph.D ဘွဲ့ယူ...။

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံသာသနာပြုဗဟို၊ ရန်ကုန်သမိုင်းမြို့မပရိယတ္တိစာသင်တိုက်၊ ရန်ကုန်ခရစ်ယန်ဓမ္မတက္ကသိုလ်၊ ရန်ကုန်ဗုဒ္ဓတက္ကသိုလ်၊ စင်ကာပူနိုင်ငံ၊ မင်္ဂလဝိဟာရ၊ အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့၊ ဗဟိုတိဘက်လေ့လာရေးတက္ကသိုလ်၊ ဗုဒ္ဓဂယာမြေမြတ်မဟာ၊ မြန်မာဗုဒ္ဓဘာသာ ပညာရေးစင်တာနှင့် ရန်ကုန်တိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတို့တွင် ဗုဒ္ဓစာပေများကို အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့် ပို့ချ..။

နိုင်ငံတကာခရီးစဉ်များအနေဖြင့် ပိဋကတ် စာပေသင်ယူပို့ချမှု၊ တရားဓမ္မဟောပြောခြင်းနှင့် ဒေသန္တရ ဗဟုသုတ ရည်ရွယ်ချက်များဖြင့် အမေရိကန်ပြည်ထောင်စုအပါအဝင် အာရှ၊ ဥရောပနှင့် ဩစတြေးလျ တိုက် နိုင်ငံပေါင်း (၂၀)ကျော် လှည့်လည်ကြွရောက်..။

ဓမ္မဂင်္ဂါ ဟူသော ကလောင်အမည်ဖြင့် ရဟန်းနှင့်... အတွေး အမြင် ရသစာစုများ၊ အဖေလို့သာ ခေါ်ပါလေ သားရဟန်းနှင့် မစိုးရိမ် အလွမ်းစာစုများ၊ ကိုယ်တိုင်ကြွားအတ္ထုပ္ပတ္တိ၊ မိဂဒါဝုန်ဂျန်းရှင်း၊ အဓိပတိ လမ်းပေါ်က ရဟန်း၊ အေဒီနှစ်ထောင် ပလပ်စ်ရန်ကုန်၊ ရဟန်းနှင့်ပင်လယ်၊ မင်းကိုနိုင်များစွာအတွက် သမ္မတကြီးရဲ့ ဝိမုတ္တိခြင်တစ်ကောင် စာအုပ်များ ရေးသားထုတ်ဝေခဲ့ပြီး ဥပါဒါန်လေးဆယ် မုဒိတာအသချေ၊ ရဟန္တာ ကိုယ်တိုင် ရွတ်တဲ့ကဗျာနှင့် ဒိုင်ယာရီပြပွဲ စာအုပ်များ ဆက်လက် ထုတ်ဝေ ရန် စီစဉ်...။ ရတီ၊ Living Fashion, Living Color နှင့် The Voice Weekly ဂျာနယ်များတွင် စဉ်ဆက်မပြတ်ရေးသား...။

၂၀၁၃ ခုနှစ် ဩဂုတ်လမှ စတင်ကာ ဦးအေးမြင့်+ဒေါ်ခင်သန္တာဝေ (သမိုင်း လှသီတာရတနာရွှေဆိုင်) မိသားစုတို့၏ မြေအလှူတော်ကို ခံယူ ကာ ရဟန်းဒါယိကာမ ဒေါ်သီတာမြင့်(စင်ကာပူ)၊ ဦးအောင်နိုင်+ ဒေါ်မိမိသက်၊ (ပန်းဝတ်မှုန်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမိသားစု)၊ ရန်ကုန်လှည်းတန်း ဒေါ်ကြည်သောင်း အထည်ဆိုင်မိသားစု၊ ကိုအောင်ဖြိုး+ မသင်းသင်းမော် (ဖားကန့်)နှင့် (၇)ရက်သားသမီး ကျောင်းဒကာ ဒကာမတို့၏ ပစ္စယာနုဂ္ဂဟ ဖြင့် ဓမ္မဂင်္ဂါဗုဒ္ဓဘာသာ ပါဠိကောလိပ်ကျောင်း တည်ထောင်ဆဲ...။